# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၁၃ ရက်၊ သောကြာနေ့။ Friday 24 August 2018 ၉၃၈၈


## ရာနှုန်းပြည့်

(၂၃-၈-၂၀၁၈)

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

## မြန်မာ-ထိုင်း သံတမန်ဆက်သွယ်မှုထူထောင်သည့် နှစ် (၇၀)ပြည့်အား ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့

**နေပြည်တော် ဩဂုတ် ၂၄**

၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် နှစ် ၇၀ ပြည့် အခါသမယအား ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း) တို့သည် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။ **သတင်းစဉ်**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ

### ကြယ်ပွင့်ပြမေးခွန်းများ ရှင်းလင်းဖြေကြားခြင်း၊ အဆိုတစ်ခုတင်သွင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားတင်သွင်းခြင်း၊ အစီရင်ခံစာတစ်ခုကို ဆွေးနွေးခြင်းတို့ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားခြင်း၊ အဆိုတစ်ခုတင်သွင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားတင်သွင်းခြင်း၊ အစီရင်ခံစာတစ်ခုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၏ **ပုသိမ်-မုံရွာ ပြည်ထောင်စုလမ်းမကြီး၏ မင်းတုန်းမြို့နယ်အတွင်း ကျရောက်နေသော လမ်းအပိုင်းအား ထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအကျယ်ချဲ့ပေးခြင်းကို တစ်ပြိုင်နက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပုသိမ်-မုံရွာလမ်း မင်းတုန်းမြို့နယ်အပိုင်းတွင် လမ်း၏ လက်ရှိအခြေအနေနှင့် လမ်းလွှာဒီဇိုင်းများအရ လိုအပ်သည့် လမ်းအပိုင်းများအလိုက် ထပ်ပိုးလွှာခင်းခြင်း၊ လမ်းအကျယ်ချဲ့ခြင်းလုပ်ငန်းများကို နှစ်အလိုက် ရန်ပုံငွေ လျာထားတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်ကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖





**ပြည်သူ့လွှတ်တော် အစည်းအဝေး**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပစဉ်။

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်စကိုမြို့ရှိ မြန်မာ့ထေရဝါဒ ဗုဒ္ဓဝိဟာရကျောင်းတိုက်သို့ ရောက်ရှိ၊ သီတဂူဆရာတော်ကြီးအား ဖူးမြော်ကြည်ညို

စာမျက်နှာ » ၆




ကြေးမုံ

# စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး

“ငြိမ်းချမ်းမှုမရှိလျှင် မိမိတို့အသွင်ကူးပြောင်းရေးလုပ်ငန်းသည် အောင်မြင်မှု မရရှိနိုင်ပါကြောင်း၊ ကြိုတင်မျှော်မှန်းထားသကဲ့သို့ အခက်အခဲများနှင့် စိတ်ပျက်စရာများ ရှိခဲ့ပါကြောင်း၊ သို့သော်လည်း အဆက်မပြတ် ညှိနှိုင်းဆွေးနွေးမှုများ၊ ထာဝရစိတ်ရှည်သည်းခံမှု၊ ဆွေးနွေးဖက်များ၏ စိတ်ရင်းစေတနာကောင်းမွန်မှု၊ ပြည်သူများနှင့် မိတ်ဆွေများ၏ အားပေးကူညီမှုတို့ဖြင့် မိမိတို့ရှေ့ဆက်လျှောက်လှမ်းနိုင်ခဲ့ပါကြောင်း” စင်ကာပူနိုင်ငံတွင် ဩဂုတ်လ ၂၁ ရက်နေ့ကပြုလုပ်သည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောပွဲ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယင်းသို့ဆွေးနွေးပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးသည် မြန်မာနိုင်ငံတွင် ပထမဦးစားပေး အရေးကြီးသည့်လုပ်ငန်းစဉ်ဖြစ်သည်။ အစိုးရသစ်အနေဖြင့် နိုင်ငံ့တာဝန်စတင်ယူခဲ့သည့် ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်မှစ၍ ယခင်အစိုးရ ဖော်ဆောင်ခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စီမံကိန်းချကာ ဆက်လက်အကောင်အထည်ဖော်ခဲ့သည်။ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်ရေးနှင့် မတူကွဲပြားခြားနားမှုများကြားမှ ရေရှည်တည်တံ့ခိုင်မြဲသော စည်းလုံးညီညွတ်မှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ များစွာရှိခဲ့သည်။



သို့သော် စိတ်ပျက်လက်လျှော့ခြင်းမရှိဘဲ ရှေ့ဆက်ကြိုးပမ်းလျှောက်လှမ်းခဲ့ရာ နှစ်နှစ်အတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအစည်းအဝေး သုံးကြိမ်ကျင်းပနိုင်ခဲ့ပြီး အကြိမ်တိုင်းတွင် အဖိုးတန်သည့် တိုးတက်မှုများရရှိခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အခက်အခဲများ မည်မျှရှိသည်ဖြစ်စေ မလျှော့သောလုံ့လဖြင့် ကြိုးပမ်းဆောင်ရွက်ရန် စိတ်ပိုင်းဖြတ်ထားနိုင်ခြင်းသည် ငြိမ်းချမ်းရေးမရလျှင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် အောင်မြင်မှုမရနိုင်သည်ကို သိရှိထားသောကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် မဏ္ဍိုင်သုံးခုက အထောက်အပံ့ပြုထားသည့် ရည်မှန်းချက်ငါးခုရှိပြီး ပထမရည်မှန်းချက်မှာ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးဖြစ်သည်။ ဒုတိယရည်မှန်းချက်မှာ စီးပွားရေးတည်ငြိမ်မှုနှင့် အကြီးစားစီးပွားရေး စီမံခန့်ခွဲမှုများ အားကောင်းလာရေးဖြစ်ကြောင်း စင်ကာပူနိုင်ငံတွင်ပြုလုပ်ခဲ့သည့် ဟောပြောဆွေးနွေးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားထားသည်။ ထို့ကြောင့် နိုင်ငံအတွက် အရေးအကြီးဆုံး အဓိကအချက်မှာ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးဖြစ်သည်။

ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး မရရှိပါက အသွင်ကူးပြောင်းရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ပထမဦးစားပေးတာဝန်အဖြစ် လုပ်ကိုင်ဆောင်ရွက်နေသည်ကိုတွေ့ရသည်။ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ခိုင်မာသည့်အခြေခံအုတ်မြစ်ကို ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ ခိုင်ခိုင်မာမာတည်ဆောက်နေသည်ကို တွေ့ရသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အကောင်အထည်ဖော်ဆောင်ရွက်မှုများသည် အခြေခံကျသည့် ပထမရည်မှန်းချက်၊ ဦးစားပေးအစိတ်အပိုင်းတစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝမြင့်မားတိုးတက်ရေး၊ အေးချမ်းသာယာရေး စသည်တို့ပါဝင်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ ဖြစ်ပေါ်လာရေးကို တိုင်းရင်းသားပြည်သူအပေါင်းတို့ လိုလားမျှော်လင့်လျက်ရှိပါသည်။ ပြည်သူတို့၏မျှော်လင့်ချက်အတွက် အခြေခံကျသည့်၊ အဓိကကျသည့် ဦးစားပေးအချက်မှာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဖြစ်သောကြောင့် ငြိမ်းချမ်းရေးအတွက် အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတို့ကို တည်ဆောက်ရန် ကြိုးပမ်းကြပြီး တည်ငြိမ်ရေးအတွက် အစဉ်အမြဲသတိရှိကြကာ ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
အခြေခံပညာဦးစီးဌာနနှင့် မင်းဘူးခရိုင်စီမံခန့်ခွဲမှုကော်မတီတို့
ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ရောင်းပွဲ
(မင်းဘူးမြို့)
၂၀၁၈ ခုနှစ်ဩဂုတ်လ(၂၅ / ၂၆)ရက် စနေနေ့၊ တနင်္ဂနွေနေ့ များတွင်
နံနက်(၉) နာရီမှ ညနေ (၅) နာရီ အထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်၊
အ. ထ. က (၁)၊ မင်းဘူးမြို့


## မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၃**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

## မိုးညှင်း၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး အတွေ့အကြုံရှင်းလင်း

**မိုးညှင်း ဩဂုတ် ၂၃**

တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီက ကြီးမှူးကျင်းပသော ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ တတိယအစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကို ကချင်ပြည်နယ် မိုးညှင်းမြို့ အရှေ့စုရပ်ကွက် ရွှေသာလျောင်းမိုးလုံလေလုံ ဇာတ်ရုံတွင် ဩဂုတ် ၂၂ ရက်က ကျင်းပသည်။



အခမ်းအနားတွင် တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး စိုင်းကျော်ညွန့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ စိုင်းဌေးအောင်တို့က တတိယအကြိမ် (၂၁) ရာစု ပင်လုံညီလာခံ အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို အကြံပြုဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြပြီး တိုင်းလိုင် (ရှမ်းနီ)စာပေနှင့်ယဉ်ကျေးမှုအဖွဲ့သို့ တိုင်းလိုင်(ရှမ်းနီ) ခေါင်းပေါင်း ၄၀ ပေးအပ် လှူဒါန်းခဲ့သည်။

အဆိုပါ အတွေ့အကြုံ ရှင်းလင်းပွဲများကို ရွှေကူ၊ မံစီ၊ ဗန်းမော်၊ မိုးမောက်၊ ဝိုင်းမော်၊ မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်းမြို့တို့တွင် ကျင်းပခဲ့ပြီး အင်းတော်၊ ဗန်းမောက်နှင့် ပင်လည်ဘူးမြို့တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး(မိုးညှင်း)**

## တောင်ကျရေများကြောင့် သုဝဏ္ဏဝတီမြို့တွင် ကားလမ်းရေကျော်

**သထုံ ဩဂုတ် ၂၃**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့တွင် ယနေ့ နံနက်ပိုင်းက မိုးရွာသွန်းပြီး တောင်ကျရေများ စီးဆင်းလာသောကြောင့် ရန်ကုန်-မော်လမြိုင် ကားလမ်းမပေါ် ရေကျော်ကာ ယာဉ်သွားလာမှုများ အခက်အခဲဖြစ်ပွားခဲ့ကြောင်း သိရသည်။

တောင်ကျရေများ ရုတ်တရက်စီးဆင်းလာသောကြောင့် ရန်ကုန်-မော်လမြိုင် ကားလမ်းမိုင်တိုင် အမှတ် ၁၃၉/၁ နှင့် ၁၃၉/၄ အကြားတွင် ရေနှစ်ပေခန့် မြင့်တက်လာခဲ့ရာ ယာဉ်များ ဖြတ်သန်းသွားလာရန် ခက်ခဲမှုဖြစ်ပွားခဲ့သောကြောင့် တာဝန်ရှိသူများနှင့် လူမှုကူညီရေးအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

“ဒီနေ့မနက် ၄ နာရီလောက်က စပြီး ရေကတက်လာတာ။ ခုတော့ ပြန်ပြီးကျနေပါပြီ။ ရပ်ကွက်ထဲက လူနေအိမ်အချို့လည်း ရေဝင်ရောက်တာ ရှိပါတယ်။ အန္တရာယ်ဖြစ်လောက်တဲ့အထိတော့ မရှိပါဘူး”ဟု ကူညီဆောင်ရွက်နေသည့် လူမှုကူညီရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။

**သက်ဦး(သထုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၂၃**

ရန်ကုန်(ရွှေဈေး) ၉၅၅၀၀၀ - ၉၅၅၀၀၀ မန္တလေး(ရွှေဈေး) ၉၅၅၀၀၀ - ၉၅၅၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၅/၉၇၀ ကျပ်၊ | ၉၇၀/၁၀၀၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၆၅/၉၈၅ ကျပ်၊ | ၁၀၂၀/၁၀၅၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၉၂၀/၉၄၀ ကျပ်၊ | ၉၆၅/၁၀၀၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၆၅/၉၈၅ ကျပ်၊ | ၁၀၀၅/၁၀၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၄၅/၉၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၅၅/၉၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၉၁၅/၉၃၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၉၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၂၉. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၈. ၅၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၅. ၆၂၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၄. ၆၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၃၉၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၄၉. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၃. ၄၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၂. ၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၉၁. ၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၁၊ ကြော်ငြာ ၀၁-၃၉၇၇၃၁၊ ဖက်စ် ၀၁-၂၀၁၃၅၅

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၃

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဩဂုတ် ၂၁ ရက်တွင် စင်ကာပူနိုင်ငံ Grand Hyatt ဟိုတယ်၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသောအခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။**

**(ယမန်နေ့မှ အဆက်)**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားသော အကျပ်အတည်းများကို ဖြစ်ပေါ်စေသည့် အကြမ်းဖက်လုပ်ရပ်များသည် လက်ရှိအခြေအနေတွင် အမှန်တကယ် ကြီးမားနေပါကြောင်း၊ လုံခြုံရေးကို စိန်ခေါ်နေသည့် ထိုအကြမ်းဖက်လုပ်ရပ်များကို ကိုင်တွယ်ဖြေရှင်းမှုမရှိပါက လူမျိုးစုနှစ်ရပ်အကြား အကြမ်းဖက်မှုအန္တရာယ်မှာ ဆက်လက်တည်ရှိနေမည် ဖြစ်ပါကြောင်း။

အဆိုပါပြဿနာသည် မြန်မာနိုင်ငံတွင်သာမက ဒေသတွင်းရှိ နိုင်ငံများနှင့် အခြားနိုင်ငံများအတွက်ပါ ကြီးမားသည့် အကျိုးဆက်ကို ဖြစ်ပေါ်စေနိုင်သည့် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ မည်သည့်အကြမ်းဖက်မှုမျိုးကိုမဆို တစ်စုံတစ်ရာ အကြောင်းပြချက်ဖြင့် လျစ်လျူမရှုသင့်၊ ခွင့်မလွှတ်သင့်ကြောင်း။

ရခိုင်ပြည်နယ်အတွင်း စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် နည်းလမ်းအမျိုးမျိုးဖြင့် အကူအညီပေးပါသော ရပ်နီးရပ်ဝေးရှိ မိမိတို့၏ မိတ်ဆွေအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မကြာခင်ကမှစတင်ခဲ့သော မိမိတို့အသွင်ကူးပြောင်းရေး အောင်မြင်ဖို့အတွက် ကူညီရာရောက်ပါကြောင်း၊ ယခုလို အရေးကြီးသည့် အခါသမယတွင် လူမျိုးစုနှစ်စုအကြား သဟဇာတဖြစ်ရေးနှင့် ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးအခြေခံအဆောက်အအုံများကို ရှင်သန်ခိုင်မာလာရေးဟူသော ဒေါက်တာအာနန်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရာ၌ အာဆီယံနိုင်ငံများနှင့် အခြားသော မိတ်ဆွေနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအား အကူအညီပေးနိုင်မည်ဖြစ်ပါကြောင်း။

### ကွဲပြားခြားနားမှုရှိ

အသွင်ကူးပြောင်းရေးကာလများကို မြန်မာနိုင်ငံအတွင်းမှ ဖြတ်သန်းလာခဲ့သော မိမိတို့နှင့် ပြင်ပမှစောင့်ကြည့်လေ့လာနေသော သူများ၊ အသွင်ကူးပြောင်းရေး၏ အကျိုးရလဒ်နှင့် ပတ်သက်မှုမရှိသော သူများ၏ အသွင်ကူးပြောင်းရေးအပေါ် အမြင်မှာ ကွဲပြားခြားနားမှုရှိပါကြောင်း။

ဤအရေးကိစ္စသည် မိမိတို့နိုင်ငံ၏ ကျယ်ပြောပြီးအားလုံးလွှမ်းခြုံသည့် အနာဂတ်မြေပုံဖြစ်သကဲ့သို့ မိမိတို့၏ နေ့စဉ်ဘဝ၏ သေးငယ်သော အချက်အလက် အစိတ်အပိုင်းများ ဖြစ်ပါကြောင်း၊ မိမိတို့ချဉ်းကပ်မှု နည်းလမ်းသည် အားလုံးအပေါ် လွှမ်းခြုံမှုရှိရန် လိုအပ်ကြောင်း၊ မိမိတို့အတွက် ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စများရှိပါကြောင်း၊ သို့သော် ဦးစားပေးအဆင့်နိမ့်သည့်ကိစ္စရပ်များကိုလည်း မိမိတို့လျစ်လျူရှုမထားနိုင်ပါကြောင်း၊ ပြင်ပကမ္ဘာအနေဖြင့် ၎င်းတို့ အာရုံစိုက်လိုသည့် အရေးကိစ္စများကို ရွေးချယ်နိုင်ကြပါကြောင်း၊ ရခိုင်ကိစ္စပြီးလျှင် ယနေ့စိတ်ဝင်စားစရာ အကောင်းဆုံးကိစ္စမှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း။

### စနစ်တကျပြင်ဆင်ရေးဆွဲထား

မိမိတို့သည် ရင်းနှီးမြှုပ်နှံမှုအပေါ် လွန်စွာအလေးထားသော်လည်း ယင်းကိစ္စသည် မိမိတို့၏ ကျယ်ပြန့်သောလိုအပ်ချက်များအနက် တစ်ခုသာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကို စီးပွားရေးလုပ်ရန် အဆင်ပြေသော၊ ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေလုံခြုံမှုရှိပြီး ၎င်းတို့၏ အကျိုးစီးပွားများမှာ မိမိတို့ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်နှင့် သင့်မြတ်စွာ ပေါင်းစပ်နိုင်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လိုပါကြောင်း၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် အကောင်းဆုံးသော စီးပွားရေးလုပ်ငန်း အလေ့အထများကို မြှင့်တင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီဥပဒေများကို စနစ်တကျ ပြင်ဆင်ရေးဆွဲထားပါကြောင်း၊ လုပ်ငန်းကြန့်ကြာစေသည့် အဆင့်များကို ဖယ်ရှားရန်နှင့် အကောင်အထည်ဖော်နေသည့်




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံ Grand Hyatt ဟိုတယ်၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသောအခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးစဉ်။**

> ‘ လူမျိုးစုနှစ်စုအကြား သဟဇာတဖြစ်ရေးနှင့် ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးအခြေခံအဆောက်အအုံများကို ရှင်သန်ခိုင်မာလာရေးဟူသော ဒေါက်တာအာနန်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရာ၌ အာဆီယံနိုင်ငံများနှင့် အခြားသော မိတ်ဆွေနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအား အကူအညီပေးနိုင်မည်ဖြစ် ’

လုပ်ငန်းများကို အရှိန်မြှင့်ရန် လုပ်ထုံးလုပ်နည်းများကို ပြေပြစ်သွက်လက်အောင် လုပ်ဆောင်ထားပါကြောင်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌအသစ်လည်း ယနေ့ မိမိနှင့်အတူပါလာပြီး စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ၎င်းက လိုလိုလားလား လုပ်ဆောင်ပေးနိုင်ကြောင်းကို လုပ်ငန်းရှင်များအား အာမခံချက်ပေးရန် အသင့်ရှိပါကြောင်း၊ သူ၏လုပ်ပိုင်ခွင့်အာဏာကို မိမိက လုယူလိမ့်မည်မဟုတ်ကြောင်း၊ သို့သော်လည်း မိမိကို သူ့ကိုယ်စား ပြောစေလိုသည့် အရာအချို့ သူ့တွင်ရှိပါကြောင်း။

### ကြီးမားသောအခွင့်အလမ်းများကိုဖြစ်ပေါ်စေခဲ့

တီထွင်ကြံဆမှု၊ လွတ်လပ်သော ကုန်သွယ်မှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု၊ ဒေသတွင်းချိတ်ဆက်မှုများနှင့်အတူ အာဆီယံစီးပွားရေးပေါင်းစည်းမှုက မိမိတို့အတွက် ကြီးမားသောအခွင့်အလမ်းများကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ မကြာသေးမီက မြန်မာနိုင်ငံစီးပွားရေးမြင့်တက်လာမှုသည် အာဆီယံနှင့် အခြားသော အရှေ့အာရှနိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့ကြောင့် ဖြစ်ပါကြောင်း။

စီးပွားရေးအရ မဟာဗျူဟာကျသည့် နေရာတွင် တည်ရှိသော စင်ကာပူနှင့် မြန်မာနိုင်ငံတို့သည် အာဆီယံနိုင်ငံများ၏ သာယာဝပြောမှုနှင့် စီးပွားရေးဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့် အခန်းကဏ္ဍတွင် တည်ရှိနေပါကြောင်း၊ ဒေသအကျိုး၊ နှစ်နိုင်ငံအကျိုးအတွက် မိမိတို့၏ ထူးခြားသည့် အားသာချက်များကို ပေါင်းစည်းနိုင်ပါကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှကုန်းတွင်းနယ်မြေတွင် အကြီးဆုံးဖြစ်ပြီး စိုက်ပျိုးနိုင်သောမြေနှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်သော နိုင်ငံဖြစ်ပါကြောင်း၊ အတော်အသင့်ကြီးမားသော လူဦးရေနှင့် ငယ်ရွယ်သည့် လုပ်သားအင်အားစုရှိသော နိုင်ငံလည်းဖြစ်ပါကြောင်း။

### အထင်ကရနိုင်ငံ

အခြားတစ်ဖက်တွင် စင်ကာပူနိုင်ငံသည်လည်း ကမ္ဘာ့အကျော်ကြားဆုံး ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေး ဗဟိုချက်မများထဲက တစ်ခုဖြစ်သကဲ့သို့ ပို့ဆောင်ရေးတွင်လည်း အချက်အချာကျသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ရေကြောင်းနှင့် လေကြောင်းချိတ်ဆက်မှုနှင့် ခေတ်မီဆက်သွယ်ရေးများပါဝင်သည့် ကမ္ဘာ့အဆင့်မီ အခြေခံအဆောက်အအုံများနှင့် ပြည့်နှက်နေပါကြောင်း၊ စင်ကာပူနိုင်ငံသည် ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးမှုအလျင်မြန်ဆုံး ဒေသများထဲမှ တစ်ခုအတွင်းတည်ရှိရုံမျှမက ကျွမ်းကျင်သော လုပ်သားအင်အားစုနှင့် နည်းပညာများကို ပိုင်ဆိုင်ထားသည့်အတွက် ဒေသအတွင်း ရင်းနှီးမြှုပ်နှံမှုတွင် အထင်ကရနိုင်ငံ ဖြစ်လာစေခဲ့ကြောင်း။

ယမန်နှစ်က မြန်မာနိုင်ငံရှိ ပြည်ပရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံထိရောက်ရှိခဲ့ပြီး ထိုရင်းနှီးမြှုပ်နှံမှုပမာဏ၏တစ်ဝက်ကျော်မှာ စင်ကာပူနိုင်ငံမှဖြစ်ပါကြောင်း၊ စင်ကာပူနှင့်မြန်မာတို့သည် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက် စာချုပ်အရ ကုန်သွယ်မှုကို မြှင့်တင်နေကြပြီဖြစ်ရာ အနာဂတ်အလားအလာမှာ ကောင်းမွန်လျက်ရှိပါကြောင်း။

မိမိတို့၏အသွင်ကူးပြောင်းရေးတွင် ပဓာနကျသည့် ရင်းနှီးမြှုပ်နှံမှုမှာ မိမိတို့၏ လူသားအရင်းအမြစ်များ၌ ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း၊ ထိုရင်းနှီးမြှုပ်နှံမှုသည် မိမိတို့၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် မရှိမဖြစ် လိုအပ်ပါကြောင်း၊ လက်ရှိအခြေအနေအရ မြန်မာနိုင်ငံ၏ အလွန်အရေးပါသော စီးပွားရေးအညွှန်းကိန်းများမှာ ကောင်းမွန်နေသည် သို့မဟုတ် တည်ငြိမ်နေသည် သို့မဟုတ် အလားအလာကောင်းနေသည်ဟူ၍စီးပွားရေးပညာရှင်တစ်ဦးက မှတ်ချက်ပြုခဲ့ပါကြောင်း၊ မိမိတို့အတွက် အလားအလာကောင်းဆိုသည်မှာ မိမိတို့ပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာသည့် အခြေအနေကို ဖော်ဆောင်နိုင်သည့် အခြေအနေကို ဆိုလိုခြင်းဖြစ်ပါကြောင်း။

### လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်မီးရရှိရေး

မိမိတို့အစိုးရသစ်အနေဖြင့် ၂၀၁၆ ခုနှစ်အတွင်း အလေးထား ဖော်ဆောင်ခဲ့သည့် ပဓာနကျသော အခြေခံအဆောက်အအုံများမှာ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးဖြစ်ပါကြောင်း၊ လမ်းနှင့်လျှပ်စစ်မီးသည် ရင်းနှီးမြှုပ်နှံသူများ၏ အခြေခံလိုအပ်ချက်ဖြစ်ရုံမက လူသားအရင်းအမြစ်များ၌ ရင်းနှီးမြှုပ်နှံမှုပြုရာတွင် မရှိမဖြစ် လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဖြင့် ဆေးရုံ၊ ဆေးခန်းနှင့်စာသင်ကျောင်းများသို့ အလွယ်တကူရောက်ရှိနိုင်ပြီး လျှပ်စစ်မီးရရှိခြင်းဖြင့် မိမိတို့ပြည်သူများ ၎င်းတို့၏စွမ်းရည်ကို မြှင့်တင်ခွင့်ရကြမည်ဖြစ်ကြောင်း။

ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း မိုင် ၃၀၀၀ နီးပါးရှိသော လမ်းများကို ဖောက်လုပ်ခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်နိုင်ခဲ့ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ကဲ့သို့သော ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးဒေသများကို ဦးစားပေးခဲ့ကြောင်း၊ ကျန်းမာရေးကဏ္ဍ၏ အသုံးစရိတ်ကို ၁ ဒသမ ၂ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ပြီး ပညာရေးကဏ္ဍအသုံးစရိတ်ကို ၂ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ပါကြောင်း၊ အကဲခတ်သူများ သတိမထားမိသော မိမိတို့၏ လုပ်ဆောင်ချက်အချို့မှာ မိမိတို့ပြည်သူများ၏ ဘဝကိုများစွာပြောင်းလဲစေခဲ့ကြောင်း၊ ဥပမာအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ခန့်အပ်လိုက်သည့် သားဖွားဆရာမများ၏ အရေအတွက်မှာ ကိန်းဂဏန်းနှစ်လုံးမှ လေးလုံးအထိ တိုးတက်လာခဲ့ကြောင်း၊ မိမိတို့၏ ကျေးရွာများတွင် သားဖွားဆရာမများသည် ကလေးမွေးဖွားပေးခြင်းအပြင် အခြေခံကျန်းမာရေးဝန်ဆောင်မှုကိုပါပေးနေကြကြောင်း၊ သားဖွားဆရာမများ ပို၍မွေးထုတ်ပေးခြင်း၊ ခေတ်မီနည်းပညာဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းအားဖြင့် ကျေးလက်ဒေသရှိပြည်သူများ၏ ကျန်းမာရေးကို သိသာစွာမြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ မိမိတို့၏ ကျေးလက်ဒေသရှိ လူဦးရေမှာ တစ်နိုင်ငံလုံး၏ စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိပါကြောင်း။

### စာတတ်မြောက်မှုနှုန်း

ပညာရေးကဏ္ဍတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ UNDP နှင့် အခြားသော နိုင်ငံတကာအေဂျင်စီများ ပူးပေါင်း၍ လုပ်ဆောင်ခဲ့သော Myanmar Living Conditions Survey 2017 ဆန်းစစ်လေ့လာချက်၏ မကြာသေးမီကထုတ်ပြန်သော အစီရင်ခံစာအရ မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းမှာ မျိုးဆက်များအားလုံးတွင် မြင့်မားလာခဲ့ကြောင်း၊ စာတတ်မြောက်မှုတွင် နိုင်ငံတော်အဆင့်၌ ကျား၊ မ ကွာဟချက်မရှိတော့ဘဲ ကျောင်းနေအရွယ်ကလေးများ၏ ကျောင်းအပ်နှံမှုနှုန်းမှာလည်း တဖြည်းဖြည်းမြင့်တက်လာခဲ့ကြောင်း၊ ဖော်ပြပါလေ့လာဆန်းစစ်ချက်တွင် လူဦးရေနှင့် လူများပျံ့နှံ့နေထိုင်မှု

**စာမျက်နှာ ၄ သို့ ✳**

✻ စာမျက်နှာ ၃ မှ

သဘာဝ၊ စွမ်းအင်၊ လျှပ်စစ်မီး၊ အဖိုးတန်ပစ္စည်းများနှင့် အိမ်ရာပစ္စည်းများ၊ ရေနှင့်သန့်ရှင်းရေး၊ နည်းပညာ (မိုလ်ဘိုင်းဖုန်း၊ ကွန်ပျူတာ၊ အင်တာနက်)၊ ပညာရေးနှင့် အလုပ်သမားတို့ပါဝင်ကြောင်း၊ အဆိုပါ အစီရင်ခံစာတွင် လျှပ်စစ်မီး၊ ပညာရေး၊ နည်းပညာအသုံးပြုမှုတို့တွင် လုံးလုံးလျားလျား ပြောင်းလဲမှုအချို့ရှိခဲ့ကြောင်း၊ သို့သော် ပြောင်းလဲမှုမရှိသည့် တချို့ဒေသများတွင် တိုးတက်မှုရှိအောင် လုပ်ဆောင်ရန် လိုအပ်နေသေးသည်ဟု ဖော်ပြထားရှိကြောင်း။

Myanmar Living Conditions Report အစီရင်ခံစာသည် တိုင်းတာနိုင်သော အရာများနှင့် ပတ်သက်နေပါကြောင်း၊ လက်ရှိအခြေအနေ၏ အညွှန်းကိန်းများနှင့် အနာဂတ်အလားအလာများဖြစ်သည့် မတိုင်းတာနိုင်သော အရာများလည်း ရှိနေပါကြောင်း၊ မိမိပြောကြားချက်ကို အဆုံးသတ်ရမည့်အချိန် ရောက်ခါနီးတွင် အရေးကြီးဆုံး အညွှန်းကိန်းတစ်ခုဖြစ်သည့် မိမိတို့လူငယ်များ၏အလားအလာကောင်းကို ပြောပြမည်ဖြစ်ကြောင်း။

မကြာသေးသော သီတင်းပတ်က မူလတန်းအဆင့်မှ အထက်တန်းအဆင့်ရှိ ကျောင်းသားလူငယ်များနှင့် အလွတ်သဘောတွေ့ဆုံခွင့်ရခဲ့ပါကြောင်း၊ ထိုကျောင်းသားလူငယ်များသည် ကိုယ်ကာယပိုင်းအရ ထွားကျိုင်းသင့်သလောက် ထွားကျိုင်းမှုမရှိခြင်းမှာ အာဟာရချို့တဲ့မှုကြောင့်ဖြစ်ရကြောင်း၊ ထိုပြဿနာကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ဦးစားပေးလုပ်ငန်းအဖြစ်ကိုင်တွယ်ဖြေရှင်းနေပါကြောင်း၊ သို့သော်လည်း ၎င်းတို့မှာ ပျော်ရွှင်ဝမ်းမြောက်နေကြသည်ကို တွေ့ရကြောင်း၊ ထက်မြက်ကြ၊ ယဉ်ကျေးသိမ်မွေ့ကြသလို ၎င်းတို့မသိသည့်အရာများကို ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ သိထားသည့်အရာများကို မရှက်မကြောက်ဘဲ စိတ်အားထက်သန်စွာ ထုတ်ဖော်ပြသခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံအတွက် ထိုကဲ့သို့သောကလေးများ ခမ်းနားထည်ဝါသောဆုများကို ဘာလို့မရနိုင်ရမှာလဲ၊ ၂၀၁၇ ခုနှစ် ဇူလိုင်လက ဝါရှင်တန်ဒီစီတွင် ကျင်းပသော The First Global Challenge Robotic Competition ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၅၇ နိုင်ငံက ပြိုင်ပွဲဝင် ၁၆၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ အင်ဂျင်နီယာကျောင်းသားအဖွဲ့က ဆဋ္ဌမရရှိခဲ့ကြောင်း၊ မြန်မာကျောင်းသားများ ရရှိခဲ့သည့် ဆဋ္ဌမအဆင့်သည် အာဆီယံနိုင်ငံများအကြား ပထမအဆင့်ဖြစ်ပါကြောင်း၊ ဤသည်မှာ တီထွင်ကြံဆမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ အောင်ပွဲတစ်ရပ်ဖြစ်ပါကြောင်း၊ အသွင်ကူးပြောင်းရေး စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် အရင်းအမြစ်များကို မည်သို့ရှာဖွေရမည်ဟူသောအချက်မှာ မိမိတို့ စွမ်းရည်စွမ်းပကား၏ အညွှန်းကိန်းတစ်ခုဖြစ်ပါကြောင်း။

ပြည်သူများ၏ ပါဝင်မှုသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတစ်ရပ်၏ အကြီးမားဆုံးစွမ်းအား ဖြစ်သကဲ့သို့ ယင်းအသွင်ကူးပြောင်းရေး၏ အကြီးမားဆုံးစိန်ခေါ်မှုလည်းဖြစ်ပါကြောင်း၊ မတူကွဲပြားခြားနားသည်များကို စုစည်းစေနိုင်သည့် သန်းချီသောလူများ၏ ဆန္ဒနှင့်ရည်မှန်းချက်များကို တစုတစည်းတည်းဖြစ်အောင် လုပ်ဆောင်နိုင်ရန်မှာ အလွန်ခက်ခဲသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့ပြည်သူများမှာ ထိုစိန်ခေါ်မှုကို ကျော်လွှားနိုင်စွမ်းရှိသည့် အသွင်ကူးပြောင်းရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု မိမိယုံကြည်ကြောင်း၊ ထိုမှတစ်ဆင့် မိမိတို့နိုင်ငံအတွက် ကောင်းမွန်သောကာလသစ်တစ်ခုကို စတင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ခရီးလမ်းကို ဆက်လက်လျှောက်လှမ်းသည့်အခါ အာဆီယံမိတ်ဆွေများက မိမိတို့နှင့်အတူတကွ ရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

**ဒေါက်တာသာစိန်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် နယ်သာလန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Wouter Jurgens အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နယ်သာလန်-မြန်မာနှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ ရေအရင်းအမြစ်စီမံခန့်ခွဲရေးနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# "ဝ" အထူးဒေသ(၂)မှ ကမကထပြု၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက စုပေါင်းလှူဒါန်းသည့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၃**

မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် "ဝ"အထူးဒေသ(၂)မှ ကမကထပြု၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက စုပေါင်းလှူဒါန်းသည့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် "အခုလို တကယ်လိုအပ်တဲ့ အချိန်မှာတကယ်လိုအပ်တဲ့ သူဆီကို လိုအပ်တဲ့ ပစ္စည်းရောက်အောင်လှူဒါန်းတာဟာ မွန်မြတ်လှတဲ့ အလှူဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်တွေဟာ မြန်မာနိုင်ငံမှာတင်မကဘဲ ကမ္ဘာတစ်ဝန်းမှာပါ ခံစားနေရပါတယ်။ မြန်မာနိုင်ငံမှာဖြစ်ပွားတဲ့ အခြေအနေမှာ ညီနောင်တိုင်းရင်းသားတွေရဲ့ ဒုက္ခကို ညီနောင်တိုင်းရင်းသားတွေက အခုလိုအချင်းချင်းကူညီတာဟာ မိသားစုထဲကနေ မိသားစုကိုကူညီတဲ့သဘောပဲဖြစ်ပါတယ်။ မိသားစုထဲမှာတောင် အကြိုက်တွေက မတူညီကြပါဘူး။ ဒါပေမယ့် တူညီတာ တစ်ခုကတော့ ငြိမ်းချမ်းရေးဆိုတဲ့ ပန်းတိုင်ပဲဖြစ်ပါတယ်။ ချစ်ခင်ယုံကြည်မှု၊ နားလည်မှုတွေတည်ဆောက်နေတဲ့ကာလမှာ အခုလို မိသားစုအချင်းချင်းကူညီမှုဟာ ငြိမ်းချမ်းရေးအတွက် အထောက်အကူများစွာ ဖြစ်စေတယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် "ဝ"အထူးဒေသ (၂)နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးညီရန်းက အလှူငွေပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် ၄၃၆၈၀၀၀၀ ကို ပေးအပ်ရာ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယနေ့ လှူဒါန်းမှုအပေါ် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် အထောက်အကူပြုအဖွဲ့ဝင် ဦးမိုးဇော်ဦးက "ရေဘေးဒဏ်တကယ်ခံစားနေရတဲ့ ကရင်၊ မွန်၊ တနင်္သာရီ၊ ပဲခူး စတဲ့ အထိခိုက်ဆုံးဒေသတွေကို လေ့လာစုံစမ်းပြီး လှူဒါန်းသွားဖို့စီစဉ်ထားပါတယ်။ ရေဘေးနဲ့ပတ်သက်ပြီး ငြိမ်းချမ်းရေးကော်မရှင်ကို လာရောက်လှူဒါန်းတဲ့ အဖွဲ့အစည်းအနေနဲ့ ကျွန်တော်သိသလောက်ကတော့ ဒီအဖွဲ့အစည်းက ပထမဆုံး လှူဒါန်းတာပါ။ ငြိမ်းချမ်းရေးကော်မရှင်ကို လာရောက်လှူဒါန်းရတဲ့ ရည်ရွယ်ချက်ကတော့ ညီနောင်တိုင်းရင်းသားအဖွဲ့ အစည်းတွေလည်းဖြစ်တယ်။ ငြိမ်းချမ်းရေးကော်မရှင်ဆိုတာကလည်း ဒီအဖွဲ့အစည်းတွေနဲ့ အမြဲတမ်းထိတွေ့ဆက်ဆံနေတာဖြစ်တဲ့အတွက်ကြောင့် သူတို့အနေနဲ့ အခုလိုငြိမ်းချမ်းရေးကော်မရှင်ကတစ်ဆင့် လှူဒါန်းခြင်းဖြစ်ပါတယ်"ဟု မီဒီယာများကို ပြောကြားသည်။



ဆက်လက်၍ ၎င်းက "အခုရေဘေးဒုက္ခခံစားနေရတဲ့ မွန်၊ ကရင်၊ တနင်္သာရီဒေသတွေဆိုရင် တိုင်းရင်းသားတွေအများကြီးနေထိုင်တဲ့ ဒေသတွေဖြစ်ပါတယ်။ အခုလာရောက်လှူဒါန်းတဲ့ အဖွဲ့အစည်းတွေကလည်း တိုင်းရင်းသားအဖွဲ့အစည်းတွေပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားအဖွဲ့အစည်းတွေက အခြားဒုက္ခရောက်နေတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေကို လှူဒါန်းတာဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးအရပြောမယ်ဆိုရင် တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှု၊ ချစ်ခင်မှုကို ဖြစ်ပေါ်စေတဲ့အတွက် ငြိမ်းချမ်းရေးအတွက်လည်း အများကြီးအထောက်အကူပြုမယ်လို့ ယူဆရပါတယ်"ဟု ပြောသည်။

ယနေ့အခမ်းအနားသို့ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ကော်မတီဝင်များ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦး၊ ဦးနိုင်ငံလင်း၊ ဒေါက်တာအောင်ထွန်းသက်၊ ဦးလှမောင်ရွှေနှင့် ငြိမ်းချမ်းရေးကော်မရှင်မှ တာဝန်ရှိသူများ၊ လာရောက်လှူဒါန်းကြသူများဖြစ်ကြသည့် "ဝ"အထူးဒေသ (၂) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမှ ကိုယ်စားလှယ်ခေါင်းဆောင် ဦးညီရန်း၊ ဦးစံရွှေနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Lee Sang-hwa နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် အဂတိလိုက်စားမှု တားဆီးကာကွယ်တိုက်ဖျက်ရေးတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ၊ Corruption Risk Assessment (CRA) နှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေးနှင့် သင်တန်းပေးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

❖ ရှေ့ဖုံးမှ

လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၏ **ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းများတွင် ၁၂ ပေ အကျယ်နှင့် ၁၈ ပေအကျယ်လမ်းများ၏ "S" ကွေ့နှင့် "ဂ" ကွေ့များတွင် ယာဉ်များ ရုတ်တရက် တွေ့ဆုံပါက အန္တရာယ်ကင်းရှင်းစွာ ရှောင်တိမ်းမောင်းနှင်နိုင်ရန် မျက်ကွယ်ဖြစ်စေသော သစ်ပင်ချုံနွယ်များ၊ ဈေးဆိုင်အဆောက်အအုံများ ရှင်းလင်းရန်နှင့် Extra width များ ပြုလုပ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အဓိကအရေးကြီးသော တောင်ပေါ်ဒေသများရှိ ကွေ့များ၏ အချင်းဝက်သေးငယ်သည့် နေရာများတွင် ကုန်ကားကြီးများကွေ့ရန် လွယ်ကူစေရန်အတွက် လမ်းချဲ့ခြင်းများ ဆောင်ရွက်ပေးခြင်း၊ သတ်မှတ်လမ်းပခုံးအကျယ်နှင့် မြေသားတာပေါင်အကျယ်တို့ကို ဦးစားပေးအဆင့်သတ်မှတ်၍ ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် Widening များ ပြုလုပ်ရန်လိုအပ်သော နေရာများအတွက် နှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သစ်ပင်ချုံနွယ်များနှင့်ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနက တာဝန်ယူ၍ လတ်တလော ဖြေရှင်းပေးသွားမည်ဖြစ်ပါကြောင်း၊ ပုံ့ကျ၊ ကျူးကျော်ဈေးဆိုင်များနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံးတွင်ရှိသည့် လမ်းဆုံ၊ လမ်းခွများ၏ ကျူးကျော်ဈေးသည်များကို ရှင်းလင်းရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း၏ **ပုသိမ်မြို့လယ်ရှိ ပြည်တော်သာအိမ်ရာ စီမံကိန်းအရ ဆောက်လုပ်ထားသော လေးခန်းတွဲ နှစ်ထပ်တိုက် ၂၅ လုံးနှင့် တစ်ထပ်လုံးချင်း အလုံး ၁၅၀ အား ဥပဒေနှင့်မညီဘဲ ပြည်သူ့အိမ်ရာမှ ဝန်ထမ်းအိမ်ရာသို့ ပြောင်းလဲသတ်မှတ်ခြင်းအား ဥပဒေနှင့်အညီ ပြည်သူများ၏ ဆန္ဒအရ မူလအတိုင်း ပြည်သူ့အိမ်ရာအဖြစ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြည်တော်သာအိမ်ရာအတွင်းရှိ တစ်ထပ်တိုက် လုံးချင်း အလုံး ၁၅၀ နှင့် လေးခန်းတွဲ နှစ်ထပ်တိုက် ၂၅ လုံး စုစုပေါင်း အခန်း ၃၅၀ အား ၁၉၉၄ ခုနှစ် ဇွန် ၂၉ ရက်တွင် ကျင်းပသော ဧရာဝတီတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁/၉၄)အရ ပြည်တော်သာအိမ်ရာအဖြစ်မှ နိုင်ငံ့ဝန်ထမ်းအိမ်ရာအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါကြောင်း။

ယခုအခါ အဆိုပါ နိုင်ငံ့ဝန်ထမ်းအိမ်ရာရှိ အခန်း ၃၅၀ အနက် အခန်း ၁၇၁ ခန်းရှိ ပြည်သူများမှ စုပေါင်း၍ အဆိုပါအိမ်ရာရှိ အခန်း ၁၇၁ ခန်းကို ပြည်တော်သာအိမ်ရာအဖြစ်ပြောင်းလဲပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တင်ပြလာပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါကိစ္စကို စိစစ်လေ့လာရာတွင် နိုင်ငံ့ဝန်ထမ်းအိမ်ရာဆိုသည်မှာ နေထိုင်သူဝန်ထမ်းများသည် အငြိမ်းစားယူသည့်အခါတွင် အိမ်ခန်းမှ ဖယ်ရှားပေးရမည်ဖြစ်ပြီး ပြည်သူ့အိမ်ရာဆိုသည်မှာ အငြိမ်းစားယူပြီးသော်လည်း သားစဉ်မြေးဆက်နေထိုင်၍ ရသည့် အိမ်ရာမျိုးဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းအိမ်ရာမှ ပြည်သူ့အိမ်ရာသို့ ပြန်လည်ပြောင်းလဲရန်ကိစ္စသည် Sensitive ဖြစ်သည့် အတွက်ကြောင့် မိမိတို့ဌာနအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း။

အဆိုပါ နိုင်ငံ့ဝန်ထမ်းအိမ်ရာကို ပြည်သူ့အိမ်ရာသို့ ပြောင်းလဲပေးရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မိမိတို့ဝန်ကြီးဌာန ညှိနှိုင်းဆွေးနွေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၏ သဘောတူညီချက်အရ ပုသိမ်မြို့တွင် ယခင် ပြည်တော်သာအိမ်ရာရှိ အကြောင်းကြောင်းကြောင့် အိမ်လခကောက်ခံခြင်း ရပ်ဆိုင်းထားသော အိမ်ခန်း ၁၇၁ ခန်းကို ပြည်သူ့အိမ်ရာအဖြစ် ပြောင်းလဲပေးသွားမည်ဖြစ်ပြီး



မင်းတုန်းမဲဆန္ဒနယ်မှ
ဒေါ်ခင်သန်းနု



လေးမျက်နှာမဲဆန္ဒနယ်မှ
ဦးဇော်မင်းသိန်း

ကျန်အိမ်ခန်း ၁၇၉ ခန်းကို နိုင်ငံ့ဝန်ထမ်းအိမ်ရာအဖြစ် ဆက်လက်ထားရှိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းနှင့် ထန်တလန်မဲဆန္ဒယ်မှ ဒေါ်နီရွှေလျန်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

## ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် သင်တန်းကို အကောင်အထည်ဖော်ရာတွင် သင့်လျော်သောမူဝါဒနှင့် နည်းဗျူဟာများ ချမှတ်ရေးဆွဲ၍ ဆောင်ရွက်သင့်ကြောင်း အဆိုတင်သွင်း

ထို့နောက် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းက **ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် သင်တန်း(Technical and Vocational Education and Training – TVET)ကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်မှုလက်မှုအထက်တန်းကျောင်း(Technical High School)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(Government Technical Institute)၊ နည်းပညာတက္ကသိုလ်(Technical University)တို့ကို တိုးချဲ့ဖွင့်လှစ် သင်ကြားနေရာ တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်နေသော ကျွမ်းကျင်လုပ်သားများ (Skilled Workers)၊ ကျွမ်းကျင်ပညာရှင်များ (Technicians)၊ အင်ဂျင်နီယာပညာရှင်များ(Engineers)၏ လိုအပ်သော အရေအတွက်ကို သုတေသနပြုလုပ်ပြီးမှသာလျှင် သင့်လျော်သောမူဝါဒနှင့် နည်းဗျူဟာ (Appropriate Policy & Strategy)များ ချမှတ်ရေးဆွဲ၍ ဆောင်ရွက်သင့်ပါကြောင်းကို ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်က ဝန်ကြီးဌာနအနေဖြင့် ဖြေကြားသည့်အခါတွင် ဆောင်ရွက်ပေးမည့် ဘဏ္ဍာနှစ်ကို ထည့်သွင်းဖြေကြားရန်ဖြစ်ပါကြောင်း၊ အစီရင်ခံစာ အပိုဒ် ၁၂ တွင် ပြည်ထောင်စုဝန်ကြီးများက လွှတ်တော်တွင် ဖြေကြားရာ၌ နှစ်အလိုက် ဘဏ္ဍာငွေလျာထားတင်ပြတောင်းခံထားပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်ဟု ဆိုပါက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကတိကဝတ်ဖြစ်သည်ဟု လွဲမှားစွာ မှတ်ယူနေကြောင်း ရေးသားထားသည်ကို ဝေဖန်ထောက်ပြလိုပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူလူထုမှ တောင်းဆိုသောကြောင့် ပြည်သူလူထု၏ ကိုယ်စား တင်ပြရာတွင် ရရှိသည့်အဖြေကို ပြည်သူလူထုကို ပြန်၍အစီရင်ခံရပါကြောင်း၊ မိမိတို့ရရှိသည့်အဖြေကို ပြည်သူလူထုက လုပ်ပေးမည်ဟု ယူဆနေပါကြောင်း၊ တကယ်လုပ်မပေးနိုင်လျှင် ပြည်သူလူထုကို မျှော်လင့်ချက်အမှားပေးရာ ရောက်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဖြေကြားရာတွင် လုပ်ပေးနိုင်ခြေ ရှိ၊ မရှိ စစ်ဆေးပြီး ဘဏ္ဍာငွေ တကယ်ရနိုင်၊ မရနိုင်ကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး လုပ်ပေးနိုင်၊ မပေးနိုင်ကို ရှင်းရှင်းလင်းလင်းဖြေပေးစေလိုပါကြောင်း၊ ကတိကဝတ်ကော်မတီ၏ နောက်ထပ်အစီရင်ခံစာတွင် သက်ဆိုင်ရာအဖွဲ့အစည်းဝင်အား တိုက်တွန်းချက်ကို ထည့်သွင်းပေးရန် အကြံပြုဆွေးနွေးသည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်းက ကော်မတီ၏အစီရင်ခံစာတွင် ဖော်ပြထားခြင်းမရှိသည့် ဥပဒေနှင့်မညီသော မြို့ဝင်ကြေးကောက်ခံနေမှုနှင့် စပ်လျဉ်း၍ ပြည်သူ့ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနမှလည်း ဥပဒေနှင့်မညီပါဟု ဖြေဆိုခဲ့ပါကြောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှလည်း ဥပဒေနှင့် မညီသည်ကို နှစ်ကုန်သည်အထိ ဆက်လက်ကောက်ခံနေသည့်အတွက် ဥပဒေအတိုင်းသာဖြစ်ရမည်ဟု သုံးသပ်ပြောကြားခဲ့ပါကြောင်း၊ သို့ဖြစ်၍ ဤကိစ္စအား ကတိကဝတ်ရသည်ဟု သုံးသပ်ယူဆမိပါကြောင်း၊ ဥပဒေနှင့်အညီဖြစ်စေရန် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ သက်ဆိုင်ရာဝန်ကြီးဌာနအား အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တိုက်တွန်းသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ အစီရင်ခံစာနှင့်စပ်လျဉ်း၍ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းနှင့် ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်းတို့က ဆွေးနွေးကြသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးမျိုးနိုင်က ပြန်လည်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အဆိုပါအစီရင်ခံစာကို သဘောတူလက်ခံရန် ကော်မတီအတွင်းရေးမှူး ဦးဇုန်တိမ့်က အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူအတည်ပြုသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဩဂုတ် ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

❍ ကျောဖုံးမှ

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ပန်ဇင်းမော်တာတမံရှိ ရေထုတ်ပြွန်နှစ်ခု၏ လမ်းကြောင်းများအား ပိတ်ဆို့ထားသော ပုစွန်ကန်များကို တည်ဆဲဥပဒေများအရ အရေးယူပေးရန် ၎င်းရေထုတ်ပြွန်နှစ်ခုမှ ရေထုတ်လွှတ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပန်ဇင်းမော် လယ်သမားတာမှာ ဒေသခံထိန်းသိမ်းရေးကော်မတီမှ ထိန်းသိမ်းစီမံလျက်ရှိသောကြောင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ၂၀၁၂ ခုနှစ်၊ ရပ်ကွက်(သို့)ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် အထက်အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်၏ လမ်းညွှန်မှုခံယူ၍ ရေတံခါးထွက်ပေါက်များအား ပုစွန်ကန်ပေါင်များဖြင့် ပိတ်ဆို့မှုမရှိစေရေး တားမြစ်စီမံဆောင်ရွက်သွားရမည်ဖြစ်ပြီး လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျေးရွာဆည်တာကော်မတီ၏ အစီအစဉ်ဖြင့် တာဝန်ယူထိန်းသိမ်းထားသည့် လယ်သမားတာဖြစ်သည့်အတွက် ရေလမ်းကြောင်း ပိတ်ဆို့နေသည့် ပုစွန်ကန် ဖယ်ရှားရေးကို အသိပေးအကြောင်းကြားသွားမည်ဖြစ်ပြီး လိုက်နာမှုမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် စီစဉ်ထားရှိပါကြောင်း ဖြေကြားသည်။

## စိုက်ပျိုးရေးသိပ္ပံများအား စိုက်ပျိုးရေးကောလိပ်အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ရန် ထည့်သွင်းဆောင်ရွက်ထားပြီးဖြစ်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေးအတတ်ပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန် စိုက်ပျိုးရေးသိပ္ပံ(သထုံ)ကို အောက်မြန်မာပြည်၏ စိုက်ပျိုးရေးကောလိပ် သို့မဟုတ် စိုက်ပျိုးရေးတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရန် TVET(Technical and Vocational Education and Training)နည်းပညာနှင့် သက်မွေးပညာ ပိုမိုလိုအပ်လာမှု ရှိသည့်အတွက် နည်းပညာနှင့် သက်မွေးပညာကဏ္ဍကို အရှိန်မြှင့်တင်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတစ်လျှောက် Agricultural Higher Education နှင့် TVET အစီအစဉ်များ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဖွင့်လှစ်ပြီးသော စိုက်ပျိုးရေးသိပ္ပံများအား ဒေသန္တရဆိုင်ရာ စိုက်ပျိုးရေးကောလိပ်များအဖြစ်သို့ အဆင့်မြှင့်တင်ခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အဆိုပြုလွှာကိုလည်း တင်ပြထားပြီးဖြစ်သည့်အပြင် ရေးဆွဲထားပြီးဖြစ်သည့် မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(Agricultural Development Strategy – ADS) ၂၀၁၈-၂၀၁၉ ခုနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်တွင်လည်း စိုက်ပျိုးရေးသိပ္ပံများအား စိုက်ပျိုးရေးကောလိပ်အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ရန် ထည့်သွင်းဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

အဆိုပါ ဖွံ့ဖြိုးရေးမဟာဗျူဟာနှင့်အညီ တင်ပြခွင့်ပြုချက် ရယူပြီးသည့်အခါတွင် အဆင့်မြှင့်တင်ရန် သင့်တော်သည့် စိုက်ပျိုးရေးသိပ္ပံများအား သတ်မှတ်ရွေးချယ်ပြီး စိုက်ပျိုးရေးကောလိပ်အဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် အဆင့်ဆင့် ဆက်လက်တင်ပြခွင့်ပြုချက်ရယူခြင်း၊ စိုက်ပျိုးရေးကောလိပ်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံ၊ သင်ကြားမှု အထောက်အကူပြုပစ္စည်းများ ထပ်မံဖြည့်ဆည်းခြင်း၊ ဘတ်ဂျက်များဖြည့်ဆည်းခြင်းနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး စိုက်ပျိုးရေးကောလိပ်များအဖြစ် အဆင့်မြှင့်တင်နိုင်ရေးတို့ကို စီမံအကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်သည့်အတွက် မေးခွန်းပါကိစ္စရပ်သည် အဆိုပါ အစီအမံဖြစ်မြောက်လာမှုနှင့်အတူ ပေါ်ထွက်လာမည့် အခြေအနေဖြစ်ပါကြောင်း ဖြေကြားသည်။



ကချင်ပြည်နယ်မဲဆန္ဒနယ်
အမှတ်(၁၂)မှ ဦးနိုင်ကိုကို



ရခိုင်ပြည်နယ်မဲဆန္ဒနယ်
အမှတ်(၃)မှ ဦးခင်မောင်လတ်

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်အုန်းကြည်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းကို လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းသည်။

**စာမျက်နှာ ၆ သို့ »»»**

»»» **စာမျက်နှာ ၅ မှ**

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်သိန်းက နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုးက **တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **မြန်မာ့သတ္တုတွင်း နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာခြင်းအား လွှတ်တော်သို့ အသိပေးတင်ပြ၍** ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့် (ကော်သုံးကော်) တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြင့်ဆွေက အစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပေးသင့်ပေးထိုက်သည့် လယ်ယာမြေနှင့် အခြားနည်း သုံးစွဲခွင့်များကိုပေး၍ မပေးသင့်သည့် ကိစ္စရပ်များကိုလည်း ထိထိရောက်ရောက် ဥပဒေနှင့်အညီ တားမြစ်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မြို့ပြကြီးထွားမှုနှင့် မြို့ပြစိန်ခေါ်မှုများကို ကြိုတင်မျှော်မှန်း၍ လက်ဦးမှုရယူဖြေရှင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ရေးဆွဲထားသည့် မြို့ပြစီမံကိန်းများကိုလည်း အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ အနာဂတ်တွင် စနစ်ကျသည့် မြို့ရွာများ ပေါ်ပေါက်လာမည် ဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် အဆိုတွင်ပါဝင်သည့် စည်းကမ်းမဲ့အကွက်ဖော်ရောင်းချမှုများ မဖြစ်စေရန် တိုးတက်လာသည့် လူဦးရေ၊ ခေတ်စနစ်နှင့်အညီ မြို့ပြစီမံကိန်းများ ရေးဆွဲ၍ စနစ်ကျသည့် မြို့မြေကွက်များကို အစိုးရကိုယ်တိုင်ဖော်ထုတ်ပေးခြင်း၊ တန်ဖိုးနည်းအိမ်ရာများ ဖော်ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ယနေ့ပြည်သူများ ရင်ဆိုင်နေရသည့် နေရေးပြဿနာကို ဖြေရှင်းရာရောက်ပြီး အနာဂတ်တွင်လည်း စနစ်ကျသည့် မြို့ရွာများ ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦးက မြေအရင်းအမြစ်များကို စီမံခန့်ခွဲကြသည့် အနီးကပ်ဆုံးကော်မတီများသည် မျက်မှောက်ကာလနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ထည့်သွင်းစဉ်းစားကြစေလိုပါကြောင်း၊ လွှတ်တော်အသံသည် ပြည်သူ့အသံဖြစ်သည့်အတွက် ဌာနဆိုင်ရာအားလုံးသည်လည်း ခေတ်ကာလပြောင်းလဲခြင်းနှင့်အတူ အမြန်ဆုံးပြောင်းလဲကြရန် အထူးတိုက်တွန်းအပ်ပါကြောင်း၊ အဆိုတွင် ပါဝင်သည့် ကော်မတီသုံးရပ်သည် ပြည်သူများရွေးချယ်ထားသည့် စည်ပင်သာယာရေးကော်မတီ၊ လယ်ယာစီမံခန့်ခွဲရေးကော်မတီနှင့် ဌာနဆိုင်ရာများနှင့် ဖွဲ့စည်းထားသည့် စီမံခန့်ခွဲရေးကော်မတီများသည် ပြည်သူများ၏ အခြေခံကျသည့် အဖွဲ့အစည်းများ ဖြစ်ကြပါကြောင်း။

အဆိုပါကော်မတီသုံးရပ်သည် ပြည်သူအကျိုးစီးပွားထက် ကိုယ်ကျိုးစီးပွားကိုသာ ဦးစားပေးပြီး မြေယာနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များ၊ မိမိတို့၏တာဝန်ကို တာဝန်မခံပြောင်းလဲခြင်းကို မလိုက်ကြဘဲ လျော့ရဲပေါ့ဆနေကြပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအစိုးရက အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်းပေးရန်နှင့် ထိရောက်စွာထိန်းညှိပေးနိုင်ရန် အထူးလိုအပ်နေပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်ကျော်ဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဩဂုတ် ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်(သတင်းစဉ်)**

## ❒ မြန်မာမြားပစ်ကစားသမားမှ

မြောက်ကိုရီးယား ကစားသမားကို (၇-၃) မှတ်ဖြင့် အနိုင်ရသော်လည်း ကွာတားဖိုင်နယ်တွင် တရုတ်ကစားသမားကို (၆-၀) မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာမှ ထိုက်လင်းဦးသည် ကာဇက်စတန် ကစားသမားနှင့် တွေ့ဆုံခဲ့ပြီး (၆-၀) မှတ်ဖြင့် အနိုင်ရခဲ့သည်။ ထိုက်လင်းဦးသည် ဒုတိယအဆင့်တွင် ထိုင်ဝမ်ကစားသမားကို (၇-၁) မှတ်ဖြင့် အနိုင်ရသော်လည်း ကွာတားဖိုင်နယ်တွင် မလေးရှားကစားသမားကို (၇-၁) မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်စကိုမြို့ရှိ မြန်မာ့ထေရဝါဒ ဗုဒ္ဓဝိဟာရကျောင်းတိုက်သို့ ရောက်ရှိ သီတဂူဆရာတော်ကြီးအား ဖူးမြော်ကြည်ညို



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကြည်ညိုကြစဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးဖေ့စ်ဘွတ်

**နေပြည်တော် ဩဂုတ် ၂၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ ဘာလာရီးခါရပ်ကွက်ရှိ မြန်မာ့ထေရဝါဒ ဗုဒ္ဓဝိဟာရကျောင်းတိုက်သို့ ရောက်ရှိသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ရုရှားနိုင်ငံ၌ သာသနာပြုခရီး ရောက်ရှိနေသည့် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် သီတဂူဆရာတော်ကြီးက မော်စကိုမြို့ရှိ မြန်မာ့ထေရဝါဒ ဗုဒ္ဓဝိဟာရကျောင်းတိုက် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဆောင်ရွက်သင့်သည်များကို မိန့်ကြားရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းတိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည်များအား ဖြည့်ဆည်းလှူဒါန်းဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် သီတဂူဆရာတော်ကြီးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် မြန်မာ့ထေရဝါဒ ဗုဒ္ဓဝိဟာရကျောင်းတိုက်အတွင်း ဓမ္မာရုံတည်ဆောက်မည့် အခြေအနေများနှင့် ကျောင်းတိုက် တိုးချဲ့တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုများ၊ ကမ္ဘာ့ယဉ်ကျေးမှုပေါင်းစုံ ပြတိုက်ပန်းခြံအတွင်း ရွှေစည်းခုံစေတီတော်ပုံစံတူ တည်ထားကိုးကွယ်မည့် အခြေအနေများ၊ အသရာဒါဘာသာရေးပန်းခြံအတွင်း ပုဂံခေတ်ဟန် ဓမ္မစကြာမုဒြာ ဗုဒ္ဓရုပ်ပွားတော် တည်ထားကိုးကွယ်မည့် အခြေအနေများနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သီတဂူဆရာတော်ကြီးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ တပ်မတော်အရာရှိကြီးများက သံဃာတော်များအား ဝါဆိုသင်္ကန်းများကို လည်းကောင်း လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဓမ္မာရုံတည်ဆောက်ရန်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းပြီး သီတဂူဆရာတော်ကြီးနှင့် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကာ ဓမ္မာရုံတည်ဆောက်ရန် နေရာနှင့် ကျောင်းတိုက်တိုးချဲ့တည်ဆောက်ရန် နေရာများကို လိုက်လံကြည့်ရှုခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးဖေ့စ်ဘွတ်မှ သတင်းရရှိသည်။ **သတင်းစဉ်**

# အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၃**

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီနှင့် မွန်းလွဲ ၁ နာရီခွဲတို့တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာဆောင် အမှတ် (၂၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကား ပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့သည့် အဆိုနှင့် မေးခွန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာအမျိုးသားအသင်း နှစ်ယောက်တွဲအသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရှုံးပွဲကြုံတွေ့

**ပလန်ဘမ် ဩဂုတ် ၂၃**


(၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၏ ပိုက်ကျော်ခြင်း အမျိုးသားနှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ ပလန်ဘမ်မြို့၌ ကျင်းပရာ မြန်မာအမျိုးသားအသင်းသည် ထိုင်းနှင့် လာအိုနှစ်သင်းစလုံးကို ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပွဲများကို တစ်ရက်တည်း နှစ်ပွဲယှဉ်ပြိုင်ခဲ့ရပြီး ထိုင်းအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ လာအိုအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့ကာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာအသင်းသည် နာမည်ကြီးထိုင်းအသင်းကို ပထမပွဲနိုင်ပြီးမှ ရှုံးနိမ့်ခဲ့သလို လာအိုအသင်းကိုလည်း မထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အသင်းခုနစ်သင်း ယှဉ်ပြိုင်ခဲ့ပြီး မြန်မာအသင်းသည် အုပ်စု(ခ)တွင် လာအို၊ ထိုင်းတို့နှင့် ကျရောက်ခဲ့သည်။ မြန်မာအသင်းပါဝင်သော အုပ်စု(ခ)တွင် မူလက မလေးရှားအသင်း ပါဝင်သော်လည်း နုတ်ထွက်သွားသောကြောင့် သုံးသင်းသာယှဉ်ပြိုင်ရသည်။ ထို့ကြောင့် မြန်မာပိုက်ကျော်ခြင်းအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲလေးမျိုးအနက် နှစ်မျိုးယှဉ်ပြိုင်ထားပြီး လေးယောက်တွဲ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတွင်သာ ယှဉ်ပြိုင်ရန် ကျန်ရှိတော့သည်။ **ရှိုင်းထက်ဇော်**

# လူသားဆန်သော လူသားတစ်ဦး ကြွေလွင့်ခြင်း

တက္ကသိုလ်ဟန်စိုးဦး

**ကုလသမဂ္ဂအဖွဲ့ကြီး၏ သတ္တမမြောက်အတွင်းရေးမှူးချုပ်အဖြစ် ၁၉၉၇ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် မစ္စတာကိုဖီအာတဲအာနန်(Mr. Kofi Atta Annan)သည် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့၌ ကွယ်လွန်သွားခဲ့ရာ ကမ္ဘာ့နိုင်ငံအများအပြား၏ ခေါင်းဆောင်များက ဝမ်းနည်းကြောင်းထုတ်ဖော်ပြောကြားခဲ့ကြသည်။ မစ္စတာကိုဖီအာနန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်ကို သက်တမ်းနှစ်ခုဆက်တိုက် ထမ်းဆောင်ခဲ့စဉ်အတွင်း ကမ္ဘာ့နိုင်ငံများအကြား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းစဉ်များတွင် တိုးတက်မှုများရရှိလာစေရန် မူဝါဒများဖော်ထုတ်ချမှတ်ပေးခဲ့သူတစ်ဦးအဖြစ် တစ်ကမ္ဘာလုံး၏ အသိအမှတ်ပြုမှုကို ခံထားရသူဖြစ်သည်။**



**မစ္စတာကိုဖီအာနန်(၁၉၃၈-၂၀၁၈)**

မစ္စတာကိုဖီအာနန်အား ဂါနာနိုင်ငံ ကူမာစီမြို့၌ ၁၉၃၈ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် မွေးဖွားခဲ့သည်။ အမေရိကန်ပြည်ထောင်စု မင်နီဆိုတာပြည်နယ် စိန့်ပေါမြို့တွင်ရှိသည့် မာကာလက်စ်တာကောလိပ်၌ စီးပွားရေးဘာသာရပ်ဖြင့် ပညာသင်ယူခဲ့ပြီး နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ကို ဆွစ်ဇာလန်နိုင်ငံ Graduate Institute of Geneva ၌ သင်ယူခဲ့သည်။ စီမံခန့်ခွဲမှုပညာရပ်အား ထင်ရှားကျော်ကြားသည့် မန်ဆာချူးဆက် စက်မှုတက္ကသိုလ်၊ Sloan School of Management ၌ လေ့လာဆည်းပူးခဲ့သည်။ မစ္စတာကိုဖီအာနန်သည် ၁၉၆၂ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီး၌ စတင်ဝင်ရောက်ထမ်းဆောင်ခဲ့ပြီး ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးတွင် တာဝန်ကျခဲ့သည်။ ထို့နောက် နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်၌လည်း ရာထူးအဆင့်ဆင့်တွင် ထမ်းဆောင်ခဲ့ရာ ၁၉၉၂ ခုနှစ် မတ်လမှ ၁၉၉၆ ခုနှစ် ဒီဇင်ဘာလအထိ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့လုပ်ငန်းဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ်အဖြစ်လည်း ထမ်းဆောင်ခဲ့သည်။

**ရွေးချယ်ခန့်အပ်ခံခဲ့ရ**

မစ္စတာကိုဖီအာနန်သည် ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခံခဲ့ရပြီး ကုလသမဂ္ဂအထွေထွေညီလာခံက ၎င်းအားခန့်အပ်ရန် အဆိုပြုချက်ကို အတည်ပြုခဲ့သည်။ မစ္စတာ ကိုဖီအာနန်သည် ကုလသမဂ္ဂ သန္ဓေဝန်ထမ်းတစ်ဦးအဖြစ်မှ အတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်ခန့်အပ် တာဝန်ပေးခြင်းခံရသည့် တစ်ဦးတည်းသော အတွင်းရေးမှူးချုပ်ဖြစ်သည်။

အတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်စဉ် မစ္စတာကိုဖီအာနန်သည် ကုလသမဂ္ဂအဖွဲ့ကြီး၏ လုပ်ငန်းစဉ်များ ပိုမိုသွက်လက်ထိရောက်မှု ရှိလာစေရေးအတွက် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ အေအိုင်ဒီအက်စ်၊ အဆုတ်ရောင်ရောဂါနှင့် ငှက်ဖျားရောဂါ သုံးမျိုးတိုက်ဖျက်ရေးအတွက် ရန်ပုံငွေ(Global Fund)တည်ထောင်ရာတွင် ရှေ့တန်းမှပါဝင်ခဲ့သလို ကုလသမဂ္ဂ၏ ပထမဆုံးအကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာကို အတည်ပြုနိုင်ရေးအတွက်လည်း ဆောင်ရွက်နိုင်ခဲ့သည်။

**များစွာအထောက်အကူပြုခဲ့**

၂၀၀၀ ပြည့်နှစ်တွင် မစ္စတာကိုဖီအာနန်သည် “(၂၁)ရာစုတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ”ခေါင်းစဉ်ဖြင့် အစီရင်ခံစာတစ်စောင်ထုတ်ပြန်ခဲ့ရာ ကုလသမဂ္ဂ၏ လုပ်ငန်းတိုင်းတွင် ပြည်သူများကို အခြေပြုစဉ်းစားရန်နှင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများ၏ လူနေမှုဘဝများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် လူသန်းပေါင်းတစ်ထောင်ခန့် ကြုံတွေ့ခံစားနေကြရသော ဆင်းရဲနွမ်းပါးမှုမှ ကျော်လွှန်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းခဲ့သည်။ အဆိုပါအစီရင်ခံစာထွက်ရှိပြီး ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလတွင် နယူးယောက်မြို့၌ ထောင်စုနှစ် ထိပ်သီးအစည်းအဝေး(Millennium Summit)ကို ကျင်းပခဲ့ပြီး ထောင်စုနှစ် ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်ကို ကုလသမဂ္ဂက ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ (Millennium Development Goals-MDGs)အဖြစ် ၂၀၀၁ ခုနှစ်မှ စတင်အကောင်အထည်ဖော်လာခဲ့သည်။ အဆိုပါလုပ်ငန်းစဉ်သည် တစ်ကမ္ဘာလုံးရှိ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူနေမှုဘဝများ အဆင့်မြင့်မားလာစေရေးအတွက် များစွာအထောက်အကူပြုခဲ့သလို ဆက်လက်၍လည်း အထောက်အကူပြုလျက်ရှိနေသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်သည် ၎င်း၏ နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့် အာဖရိကတိုက်တွင် အိပ်ချ်အိုင်ဗွီရောဂါပိုးမပြန့်ပွားရေး ကြိုးပမ်းမှုများကြောင့် ၂၀၀၁ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီးနှင့်အတူ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကြီးကို ပူးတွဲချီးမြှင့်ခြင်းခံခဲ့ရသည်။ နိုဘယ်လ်ဆုချီးမြှင့်ပေးအပ်သည့်ကော်မတီမှ မစ္စတာကိုဖီအာနန်သည် ကုလသမဂ္ဂအဖွဲ့ကြီးအား စာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်နိုင်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုကြောင့် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို ချီးမြှင့်ရခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။

**ကိုဖီအာနန်ဖောင်ဒေးရှင်းကိုတည်ထောင်**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်မှ အနားယူပြီးနောက် ၂၀၀၇ ခုနှစ်တွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးမဏ္ဍိုင်များအပေါ် အခြေခံထားဆောင်ရွက်မည့် ကိုဖီအာနန်ဖောင်ဒေးရှင်းကို တည်ထောင်ခဲ့သည်။ ဖွံ့ဖြိုးတိုးတက်မှုမရှိပါက ရေရှည်ငြိမ်းချမ်းရေး မရရှိနိုင်သလို တည်ငြိမ်အေးချမ်းမှုမရှိပါကလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မရရှိနိုင်ဟူသောအချက်မှာ ကိုဖီအာနန်ဖောင်ဒေးရှင်း၏ အခြေခံအယူအဆဖြစ်သည်။ ကိုဖီအာနန်ဖောင်ဒေးရှင်းသည် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအတွက် ခြိမ်းခြောက်မှုအသစ်များကိုဖော်ထုတ်ခြင်းနှင့် မစ္စတာကိုဖီအာနန်၏ ကြိုတင်ကာကွယ်မှု သံတမန်နည်းလမ်းနှင့် ကြားဝင်စေ့စပ်ညှိနှိုင်းပေးခြင်းလုပ်ငန်းများကို အထောက်အကူပြုလျက်ရှိသည်။



**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာကို ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ မစ္စတာကိုဖီအာနန်က ပေးအပ်စဉ်။**

**ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်**

ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းရေးနှင့် သဟဇာတဖြစ်ရေး ရည်ရွယ်ချက်များဖြင့် မြန်မာအစိုးရမှ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် မစ္စတာကိုဖီအာနန်သည် ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာတွင် ရှုပ်ထွေးသိမ်မွေ့လှသည့် ကိစ္စရပ်များအပေါ် အပြုသဘောဆောင်သော အမြင်ဖြင့် ဖြေရှင်းနိုင်ရန် အကြံပြုတင်ပြချက်များကို ဖော်ထုတ်ပြသခဲ့ခြင်းသည် မစ္စတာကိုဖီအာနန်၏ ကရုဏာကြီးမားမှု၊ အတွေ့အကြုံနှင့် ဉာဏ်ပညာ၊ ဂုဏ်သိက္ခာနှင့် ရဲရင့်မှုတို့ကို ထင်ဟပ်ဖော်ပြနိုင်ခဲ့သည်။

**မှတ်ကျောက်တင်ခံရသူတစ်ဦးဖြစ်**

မစ္စတာကိုဖီအာနန်သည် တောင်အာဖရိကနိုင်ငံခေါင်းဆောင် နယ်လ်ဆင်မန်ဒဲလား ၂၀၀၇ ခုနှစ်တွင် တည်ထောင်ခဲ့သည့် ကမ္ဘာ့နိုင်ငံရေးလောကတွင် ထင်ရှားခဲ့သည့် ပုဂ္ဂိုလ်များအဖွဲ့ကြီး(The Elders Group)၏ ဥက္ကဋ္ဌတာဝန်ကိုလည်း ထမ်းဆောင်လျက်ရှိသည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် မစ္စတာကိုဖီအာနန်သည် ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့ရှိနေအိမ်တွင် နာမကျန်းဖြစ်ပြီး ကွယ်လွန်သွားခဲ့ကြောင်း သိရှိရသည်။

မစ္စတာကိုဖီအာနန်သည် ပိုမိုငြိမ်းချမ်းပြီး မျှတမှုရှိသော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် သူ၏ဘဝတစ်လျှောက်လုံး နှစ်မြှုပ်ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးအဖြစ် နိုင်ငံတကာမှ အသိအမှတ်ပြုခြင်းကို ခံခဲ့ရသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုဒဏ်ကို ခံစားနေကြရသည့် ကမ္ဘာတစ်ဝန်းမှ ပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရေးအတွက် ကြိုးပမ်းခဲ့သူတစ်ဦး၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုလုပ်ငန်းစဉ်များ တိုးမြှင့်နိုင်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူ ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်တစ်ဦးအဖြစ် သမိုင်းတွင် မှတ်ကျောက်တင်ခံရသူတစ်ဦးဖြစ်သည်။ လူသားဆန်သည့် လူသားတစ်ဦး ကြွေလွင့်သွားခဲ့ခြင်းအတွက် ကိုဖီအာနန် အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ တင်သွင်းမှု တစ်နှစ်ပြည့်မြောက်သည့် ယနေ့တွင် ဤဆောင်းပါးဖြင့် ဂုဏ်ပြုလိုက်ရပါသည်။ ။

**ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းရေးနှင့် သဟဇာတဖြစ်ရေး ရည်ရွယ်ချက်များဖြင့် မြန်မာအစိုးရမှ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် မစ္စတာကိုဖီအာနန်သည် ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာတွင် ရှုပ်ထွေးသိမ်မွေ့လှသည့် ကိစ္စရပ်များအပေါ် အပြုသဘောဆောင်သောအမြင်ဖြင့် ဖြေရှင်းနိုင်ရန် အကြံပြုတင်ပြချက်များကို ဖော်ထုတ်ပြသခဲ့ခြင်းသည် မစ္စတာကိုဖီအာနန်၏ ကရုဏာကြီးမားမှု၊ အတွေ့အကြုံနှင့် ဉာဏ်ပညာ၊ ဂုဏ်သိက္ခာနှင့် ရဲရင့်မှုတို့ကို ထင်ဟပ်ဖော်ပြနိုင်ခဲ့သည်။**

ကြေးမုံ

ဩဂုတ် ၂၄၊ ၂၀၁၈

# တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်- )**
**၁၃၈၀ ခုနှစ်၊ လ ရက်**
**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို "တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ" ဟု ခေါ်တွင်စေရမည်။

၂။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ-၄ ကို အောက်ပါအတိုင်း အစားထိုးရမည်။

4 (1) The Bar Council shall consist of fifteen members, of whom-
(a) one shall be the Attorney-General;
(b) four shall be persons nominated by the Supreme Court of the Union, of whom not more than two may be Judges of that Court; and
(c) Ten shall be elected by the advocates of the Supreme Court of The Union from amongst their number.

(2) Of the elected members of the Bar Council not less than five shall be persons who have for not less than ten years been entitled as of right to practise in the Supreme Court of the Union.

(3) The Attorney-General shall be the Chairman of the Bar Council and a Vice-Chairman for the said Council shall be elected by the Council in such manner as may be prescribed.

၃။ ပယ်ဖျက်ထားသည့် တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ-၆ ကို အောက်ပါအတိုင်း ပြန်လည်အစားထိုးရမည်။

6 (1) Rules, consistent with this Act, may be made to provide for the following matters, namely:-
(a) the manner in which elections of members of the Bar Council shall be held; the method of determining, in accordance with the provisions of sub-section (2) of section 4, the candidates who shall be declared to have been elected; the manner in which the result of elections shall be published; and the manner in which and the authority by which doubts and disputes as to the validity of an election shall be finally decided;
(b) the terms of office of nominated and elected members of the Council;
(c) the filling of causal vacancies in the Council;
(d) the convening of meetings of the Council, and the quorum necessary for the transaction of business thereat;
(e) the manner of election and the respective terms of office of the Chairman and of the Vice-Chairman; and
(f) any matter incidental or ancillary to any of the foregoing matters.

(2) The first rules under this section shall be made by the Supreme Court, but the Bar Council may there after, with the previous sanction of the Supreme Court, add to, amend or rescind any rules so made.

(3) No election of a member or members to the Council shall be called in question on the ground that due notice there of has not been given to any person entitled to vote thereat, if notice of the date fixed for the election has, not less than thirty days before that date, been published in the Gazette.

(4) Rules made under clause (b) of sub-section(1) may provide for the retirement of members from office by rotation and for the manner in which the order of such retirement shall be determined.

---

# တနင်္သာရီ၌ ရေဘေးသင့်ပြည်သူ ၁၃၇၁၈ ဦးအတွက် ဆန်အိတ်များ ထောက်ပံ့ပေးလျက်ရှိ



**တနင်္သာရီ ဩဂုတ် ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းနေမှုကြောင့် ဇူလိုင် ၁၅ ရက်မှစ၍ တနင်္သာရီမြစ်ရေကြီးကာ ဩဂုတ် ၂၃ ရက်အထိ သုံးကြိမ်တိုင်တိုင် ရက်ပေါင်း ၄၀ ကျော်ကြာ မြစ်ရေကြီးနေဆဲဖြစ်သဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ထောက်ပံ့လှူဒါန်းသည့် နှစ်ပြည်ဝင် ဆန်အိတ်များအား မြို့နယ်အတွင်း ယနေ့အထိ ဖွင့်လှစ်ထားရှိသည့် ယာယီကယ်ဆယ်ရေးစခန်း ၁၀ ခုရှိ ရေဘေးသင့်ပြည်သူ စုစုပေါင်း ၁၃၇၁၈ ဦးအတွက် မြို့နယ်ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေရေးအဖွဲ့များက ဩဂုတ် ၂၃ ရက် နံနက် ၈ နာရီခွဲမှစ၍ သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယာယီကယ်ဆယ်ရေးစခန်းများမှာ ချောင်းကြီးရပ်ကွက် ဘုန်းတော်ကြီးကျောင်း၊ တနင်္သာရီခန်းမ၊ ချောင်းငယ်ရိပ်သာကျောင်း၊ တမုတ်ချုန်းကျေးရွာအုပ်စု မြန်မာအင်းတော်ရွာဘုန်းတော်ကြီးကျောင်း၊ ကျောက်မီးကျောင်းရွာ ဘုန်းတော်ကြီးကျောင်း၊ ကျောက်တလုံးကျေးရွာအုပ်စု အမကကြိမ်ချောင်းရွာ၊ မြေမအုံကျေးရွာ တောင်ကုန်း၊ သိန်ခွန်းကျေးရွာအုပ်စု ချောင်းလမုရွာ ဘုန်းတော်ကြီးကျောင်း၊ ချောင်းလမုရွာ အလကနှင့် ဆက်ခြေဖုန်းကျေးရွာအုပ်စု ဘန်းသဲရွာ ဘုန်းတော်ကြီးကျောင်းတို့ ဖြစ်သည်။

ရေကြီးရေလျှံမှုများကြောင့် အမှန်တကယ်အခက်အခဲဖြစ်နေသည့် ပဝကျေးရွာအုပ်စု၊ တကူကျေးရွာအုပ်စု၊ သာရဘွင်ကျေးရွာအုပ်စု၊ သိန္ဓောကျေးရွာအုပ်စု၊ ကော့မပြင်းကျေးရွာအုပ်စု၊ သာရဖုံကျေးရွာအုပ်စု၊ ညောင်ပင်ကွင်း ကျေးရွာအုပ်စုနှင့် သကျက်ကျေးရွာအုပ်စုတို့မှ ရေဘေးသင့်ပြည်သူများအတွက် သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၂ ရက် ညနေ ၆ နာရီအချိန် အတည်ပြုစာရင်းအရ ယာယီကယ်ဆယ်ရေးစခန်း ၁၀ ခုသို့ ပြောင်းရွှေ့နေထိုင်သူများနှင့် ရေကြီးရေလျှံမှုဖြစ်ပွားသော်လည်း မပြောင်းရွှေ့ဘဲ ချို့တဲ့သည့်ပြည်သူများပါ အိမ်ထောင်စု ၁၄၀၅ စုတို့မှ လူဦးရေ ၆၉၅၆ ဦးနှင့် ရေကြီးမှုကြောင့် သင့်တော်ရာ မိဘဆွေမျိုးများ၊ မိတ်ဆွေများ၊ ရေလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေကြရသည့် အိမ်ထောင်စု ၁၃၃၈ စုတို့မှ လူဦးရေ ၆၇၆၂ ဦး စုစုပေါင်း ၁၃၇၁၈ ဦးဖြစ် ကြောင်း ယာယီကွပ်ကဲရေးရုံးမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**နန်းသာရီ-ထိန်ဝင်း**

---

# ပြည်သူ့ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၁၅/၂၀၁၈)**
၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

**ပြည်သူ့ပါတီ(The People's Party)အား**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ ပထမထပ်(ခ)၊ အမှတ် (၂၇၉)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့ပါတီ(The People's Party)**အား ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်သူ့ပါတီ(The People's Party)**၏ မှတ်ပုံတင်အမှတ်မှာ (၁၁၀) ဖြစ်ပါသည်။

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ **မိုး/ဇလ**

---

# ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ မောင်တောမြို့သို့ရောက်ရှိ သတင်းယူ



**မောင်တော ဩဂုတ် ၂၃**

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့များပါဝင်သော သတင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ မောင်တောမြို့သို့ရောက်ရှိကြပြီး မောင်တောဒေသ ဖွံ့ဖြိုးရေး၊ ပြန်လည်လက်ခံရေးနှင့် နေရာချထားရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်း သတင်းရယူကြသည်။

သတင်းမီဒီယာအဖွဲ့သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူး၊ မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းမြင့်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူးက UEHRD အစီအစဉ်ဖြင့် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကူညီထောက်ပံ့မှုအခြေအနေများ၊ မောင်တောမြို့နယ်အတွင်း နေအိမ်များ ပြန်လည်နေရာချထားနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ ပြန်လည်လက်ခံရေးစခန်းများ တည်ဆောက်ထားရှိမှုအခြေအနေနှင့် တည်ဆောက်ပြီးစီးမှုအခြေအနေများကိုရှင်းလင်းပြောကြားပြီး မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းမြင့်ထွန်းက လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့က သိရှိလိုသည်များကို မေးမြန်းကြရာ မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် လှဖိုးခေါင်ကြားစခန်းသို့သွားရောက်၍ စခန်းတည်ဆောက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုသတင်းရယူကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့များသည် ရွှေဇားကျေးရွာသို့ရောက်ရှိကြပြီး အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူနှင့် ဒေသခံတိုင်းရင်းသားများ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နေမှုများကို မေးမြန်းသတင်းရယူကြသည်။

**သတင်း - ရာမညာ၊ မျိုးသူဟိန်း**
**ဓာတ်ပုံ - မောင်ခိုင်စိုး(ပြန်/ဆက်)**

# ရင်းနှီးမြှုပ်နှံသူတွေက ယနေ့အထိ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုဆိုတာကို ယုံကြည်ဆဲပဲဖြစ်ပါတယ်။ သုံး၊ လေးလအတွင်းမှာ ဒေါ်လာသန်း ငါးရာ တိုးချဲ့ရင်းနှီးမြှုပ်နှံတယ်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်

## (ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ယုံကြည်မှုအပိုင်း၊ အကာအကွယ်ပေးမှု၊ ရခိုင်ပြည်နယ်အရေးကြောင့် ရင်းနှီးမြှုပ်နှံမှုကျဆင်းသည့်အခြေအနေအပေါ် ဆောင်ရွက်နေမှုနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် စိန်ခေါ်မှုဆွေးနွေးချက်)

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့်ကျင်းပသည့် စီးပွားရေး စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သည်များကို ဆက်လက်ဖော်ပြအပ်ပါသည်။**

ရဲခေါင်ညွန့်၊ ဇော်ကြီး၊ ဓာတ်ပုံ-ဖိုးဇော်

**(ယမန်နေ့မှအဆက်)**

**မေး။ ။ ရင်းနှီးမြှုပ်နှံမှု အပိုင်းနဲ့ပတ်သက်ပြီးတော့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုအပိုင်းက ဘယ်လောက်ရှိလဲ။ လက်ရှိရင်းနှီးမြှုပ်နှံမှု အခြေအနေနဲ့ ပတ်သက်ပြီးတော့ အကာအကွယ်နဲ့ ဘယ်လိုစီမံဆောင်ရွက်ထားသလဲ ဆိုတာကိုဆွေးနွေးပေးပါဦး။**

ဦးသန်းအောင်ကျော်။ ။ ရင်းနှီးမြှုပ်နှံမှုမှာ ကျွန်တော်တို့က အသစ်ကို ဖိတ်ခေါ်တဲ့ကိစ္စရှိတယ်။ နောက်တစ်ခုကတော့ ရှိပြီးသား ရင်းနှီးမြှုပ်နှံသူတွေကို အကာအကွယ်ပေးပြီး စောင့်ရှောက်တဲ့လုပ်ငန်းရှိတယ်။ ရှိပြီးသား ရင်းနှီးမြှုပ်နှံသူတွေကို အကာအကွယ်ပေးပြီး စောင့်ရှောက်တဲ့လုပ်ငန်းကလည်း အင်မတန်အရေးကြီးပါတယ်။ ခြောက်ဘီလီယံလောက် နှစ်စဉ်ဝင်နေတဲ့အထဲမှာ နှစ်ဘီလီယံနီးပါးက ဒီမှာရောက်ပြီးသား ရင်းနှီးမြှုပ်နှံသူက တိုးပြီးတော့ ရင်းနှီးမြှုပ်နှံတာပါ။ အခုလည်း ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်လေးလမှာ ရှိပြီးသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကနေတိုးချဲ့ပြီး ရင်းနှီးမြှုပ်နှံတာက ဒေါ်လာသန်း ငါးရာနီးပါးရှိတယ်။ ဒီပမာဏက မနည်းပါဘူး။ အထူးသဖြင့် အထည်ချုပ်လုပ်ငန်းတွေ၊ ထုတ်လုပ်ရေးကဏ္ဍတွေက အဓိကထားပြီးမြှုပ်နှံတာပါ။ ပြောချင်တာကတော့ ဒီလေးလလောက်အတွင်းမှာ ဒေါ်လာသန်း ငါးရာတိုးပြီးတော့ မြှုပ်နှံတယ်ဆိုတာက ယုံကြည်မှုရှိတယ်လို့ ကျွန်တော့်အနေနဲ့ပြောချင်တယ်။ တချို့လည်းပြောကြတယ်။ အလုပ်သမားကိစ္စတွေ ဖြစ်နေတယ်။ ရင်းနှီးမြှုပ်နှံမှုတွေပြန်တော့မယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့က သေချာစိစစ်တယ်။ ဟိုတစ်လောကဆိုရင် ရန်ကုန်မှာ စက်ရုံနှစ်ရုံရှိတယ်။ ပုသိမ်မှာလည်းတစ်ခုရှိတယ်။ ရန်ကုန်က မြေဈေးမြင့်တော့ သူတို့က ခပ်ကျဉ်းကျဉ်းလေးပဲငှားနိုင်တယ်။ စက်ရုံရဲ့ သဘောက ဥရောပကိုပို့တာဆိုတော့ ဥရောပနိုင်ငံတွေရဲ့ သဘောတရားက Auditor (စစ်ဆေးသူ)တွေ လွှတ်တာ။ ဒီစက်ရုံကို ကြည့်တယ်။ ပတ်ဝန်းကျင်ကိုကြည့်တယ်။ သန့်ရှင်းမှု၊ ကျယ်ဝန်းမှုကြည့်တော့ ကြာလာတဲ့အခါမှာ အဲဒီ Auditor တွေက မထောက်ခံတော့ဘူး။ ဒီစက်ရုံအနေအထားနဲ့ဆိုရင် ငါမဝယ်တော့ဘူး။ အဲဒီတော့ သူတို့က ဆုံးဖြတ်လိုက်တယ်။ ပုသိမ်စက်မှုဇုန်က အကျယ်ကြီးဆိုတော့ ပုသိမ်ကို သူတို့သွားပေါင်းတယ်။ ဒါပေမယ့် ဒီက သတင်းမီဒီယာတွေမှာကျတော့ စက်ရုံတစ်ရုံပိတ်သွားပြီ။ တကယ့်အဖြစ်အပျက်ကတော့ စက်ရုံကို လုပ်ငန်းလိုအပ်ချက်အရ ပေါင်းကြတာပါ။

### စီမံအုပ်ချုပ်မှုကောင်းရင်

ဟိုတစ်လောက ကျွန်တော် ရင်းနှီးမြှုပ်နှံသူတစ်ယောက်ရဲ့ အထွေထွေမန်နေဂျာ တစ်ယောက်နဲ့တွေ့တယ်။ သူက အထည်ချုပ်စက်ရုံလေးခုရဲ့ အထွေထွေမန်နေဂျာလုပ်နေတဲ့နိုင်ငံခြားသားပါ။ ကျွန်တော်က စက်ရုံလေးရုံ ကြီးကြပ်အုပ်ချုပ်နေတဲ့အတွက် အလုပ်သမား ပြဿနာမရှိဘူးလား။ ငါတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုအပေါ်မှာ ယုံကြည်မှုက ဘယ်လိုရှိလဲမေးတော့ အလုပ်သမားပြဿနာမရှိဘူး။ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ပြီး မြှုပ်နှံဖို့စဉ်းစားထားတယ်လို့ပြောတယ်။စက်ရုံလေးရုံမှာ အလုပ်သမားထောင်ချီပြီး သူအုပ်ချုပ်နေတာ ဘာဖြစ်လို့ အလုပ်သမားပြဿနာ မရှိတာလဲဆိုတော့ စီမံခန့်ခွဲမှုကွာလို့ပါတဲ့။ ဒါဟာလက်တွေ့ စက်ရုံလေးရုံကို အုပ်ချုပ်နေတဲ့ အထွေထွေမန်နေဂျာ နိုင်ငံခြားသားတစ်ယောက်ကို ကျွန်တော်ကိုယ်တိုင်တွေ့ပြီး မေးတာပါ။ စီမံအုပ်ချုပ်မှုကောင်းရင် ပြဿနာတွေ မရှိပါဘူးလို့ ဖြေသွားတယ်။

အလုပ်သမား အကြောင်းအရာတွေမရှိဘူး မဟုတ်ပါဘူး။ ရှိတယ်လို့ ကျွန်တော်ပြောနိုင်ပါတယ်။ သို့သော် ရှိတဲ့အခါမှာ ကျွန်တော်တို့က ဘာကိုစစ်ရမလဲဆိုတော့ နိုင်ငံအလိုက်စစ်ရမယ်။ ကျွန်တော်တို့ဆီမှာ ရင်းနှီးမြှုပ်နှံတဲ့သူတွေထဲမှာ EU လို နိုင်ငံမျိုးတွေရှိတယ်။ အမေရိကန်လိုနိုင်ငံမျိုးတွေရှိတယ်။ ဂျပန်လိုမျိုးရှိတယ်။ အာဆီယံထဲက ရှိတယ်။ ပတ်ဝန်းကျင်နိုင်ငံတွေလည်းရှိတယ်။ အဲဒီလိုရှိတဲ့အခါမှာ စီမံအုပ်ချုပ်မှုအဆင့်မြင့်တဲ့နိုင်ငံတွေက စက်ရုံတွေ၊ အလုပ်ရုံတွေက ပြဿနာမရှိသလောက် ရှားတယ်။ တချို့ကျတော့လည်း ရင်းနှီးမြှုပ်နှံတယ်။ ဒီမှာစီမံအုပ်ချုပ်တဲ့သူရဲ့အတွေ့အကြုံ အရည်အသွေးပိုင်း၊ အဓိက HR ပိုင်းအားနည်းချက်ရှိတဲ့သူတွေမှာ ဒီပြဿနာတွေ့ရတယ်။ အဲဒီတော့ ရင်းနှီးမြှုပ်နှံသူတွေက ယနေ့အထိ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုဆိုတာကို ယုံကြည်ဆဲပဲဖြစ်ပါတယ်။ သုံး၊ လေးလအတွင်းမှာ ဒေါ်လာသန်းငါးရာ တိုးချဲ့ရင်းနှီးမြှုပ်နှံတယ်။ အခုလည်း နေ့စဉ် ရင်းနှီးမြှုပ်နှံမှု တိုးချဲ့တာတွေရှိပါတယ်။ နှစ်သန်းတိုးချဲ့လိုက်၊ သုံးသန်းတိုးချဲ့လိုက်၊ လေးသန်းတိုးချဲ့လိုက် အများကြီး ကျွန်တော်တို့ လုပ်ပေးနေရပါတယ်။ ဒါကိုလည်း လျင်လျင်မြန်မြန်နဲ့ ဆောင်ရွက်ပေးနေပါတယ်။

ဦးအေးလွင်။ ။ ဦးသန်းအောင်ကျော်ပြောတဲ့ အရေးကြီးတဲ့အပိုင်းတစ်ပိုင်းက အလုပ်ရှင်၊ အလုပ်သမား ပြဿနာပါပါတယ်။ မှန်ပါတယ်။ စီမံခန့်ခွဲမှုကောင်းဖို့လိုတယ်။ စီမံခန့်ခွဲမှုကောင်းဖို့လိုသလိုပဲ အလုပ်ရှင်၊ အလုပ်သမားပြဿနာ သေးသေးလေးကစစ၊ ကြီးကြီးကစစ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရော၊ သက်ဆိုင်ရာ အလုပ်ရှင်ရော၊ အလုပ်သမားကိုယ်စားလှယ်ရော သဘောထားကြီးကြီးနဲ့ အလျင်အမြန်လိုတိုရှင်းကို ဆုံးဖြတ်ဖို့လိုပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ ဘေးပယောဂကတက်တာ တော်တော်များပါတယ်။ ကျွန်တော်က ဒဂုံဆိပ်ကမ်းစက်မှုဇုန်ဥက္ကဋ္ဌအဖြစ် ဆယ်နှစ်လုပ်ခဲ့တာပါ။ ဆယ်နှစ်အတွေ့အကြုံမှာ မလိုလားအပ်တဲ့ ဆန္ဒပြမှုတွေရှိသလို ဆန္ဒပြသင့်၊ မပြသင့် မစဉ်းစားဘဲနဲ့ မြှောက်ပေးတဲ့သူတွေကြောင့်လည်း ဖြစ်တာရှိပါတယ်။ ပတ်ဝန်းကျင်မှာ မပြောကြလို့ မသိကြတာပါ။ ဥပမာအားဖြင့် ကျွန်တော်ကြုံဖူးပါတယ်။ ၃၆၀၀ ကျပ် အနည်းဆုံးအခကြေးငွေ သတ်မှတ်ဖို့ တစ်ပြည်လုံးကို ကျွန်တော်ကိုယ်တိုင် ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) တွဲဖက်အထွေထွေအတွင်းရေးမှူးဘဝနဲ့ မန္တလေး၊ တောင်ကြီး၊ မုံရွာတို့ကို လိုက်ပြီးတော့ ကျွန်တော်ဆွေးနွေးပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ထဲမှာပါတဲ့ အလုပ်သမားသမဂ္ဂကိုယ်စားလှယ်တစ်ယောက်က လှိုင်သာယာက ဖုန်းဝင်လာလို့ ဖုန်းပြောတယ်။ ဟေ့ နင်တို့ ဆန္ဒပြပြီလား၊ မပြသေးဘူးလား။ နင်တို့ဆန္ဒပြရင် စက်ရုံထဲကို မဝင်နဲ့နော်။ ပိုင်ရှင်က မဝင်နဲ့ဆိုတဲ့ပုံစံမျိုး နင်တို့လုပ်၊ နင်တို့ မဝင်တဲ့ပုံစံမျိုးမဖြစ်စေနဲ့။ ငါပိုက်ဆံပို့ပေးမယ်။ အစားအသောက်ပို့ပေးမယ်ဆိုတော့ ကျွန်တော်လည်းတော်တော်လန့်သွားတယ်။ ဒီလို အတွေးမျိုးတွေနဲ့ သမဂ္ဂထဲမှာ ဒီလိုခေါင်းဆောင်တွေကနေပြီးတော့ ဒီလိုရိုးသားတဲ့ အလုပ်သမား၊ ကျွန်တော်တို့တိုင်းပြည်မှာ ကလေးတွေက ရိုးသားကြတာများပါတယ်။ ဒီပယောဂ ကို ခေတ်အဆက်ဆက် အစိုးရရော၊ လုပ်ငန်းရှင်ရော ခံစားနေရတုန်းပါ။ အခုလိုကာလမှာ ပိုပြီးတော့ ဖြစ်တတ်ပါတယ်။

### ကောလာဟလ

ဒါပေမယ့် အခုကျွန်တော်တို့ စိစစ်လိုက်တဲ့အခါမှာ ဟိုတစ်လောက စက်မှုဇုန်ဥက္ကဋ္ဌဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြေပါတယ်။ စက်ရုံတွေပိတ်တော့မယ် ကြေညာထားပါတယ်။ ကျွန်တော်တို့ MIC က ခေါ်တွေ့ပါ တယ်။ စာရင်းပြုစုပါတယ်။ ပြုစုတဲ့အခါမှာ သူပြောတဲ့စက်ရုံပေါင်း ၁၄ ရုံလား၊ ၁၆ ရုံလားမသိဘူးရှိတယ်။ MIC နဲ့ပတ်သက်တဲ့စက်ရုံက လေးရုံလား၊ ခြောက်ရုံလား မသိဘူးပါတယ်။ ကျန်တာတွေကတော့ တစ်ဆင့်ခံတွေ၊ ပင်ရင်းရတဲ့ ကန်ထရိုက်က သူ့ကိုမမီမှာစိုးလို့ တစ်ဆင့်ခံတွေကို ထပ်ဆင့်ပြီးတော့ပေးတယ်။ သူကတော့ တစ်ဒါဇင်ကို ဒေါ်လာ ၂၀ နဲ့ရရင် ရမယ်။ ၂၅ ဒေါ်လာနဲ့ရရင် ရမယ်။ နောက်တစ်ဆင့်တွေကို ၁၅ ဒေါ်လာနဲ့ပေးရင်ပေးမယ်။ ၁၈ ဒေါ်လာနဲ့ပေးရင် ပေးမယ်။ ဒီလို အဆင့်ဆင့်တွေ၊ စက်ရုံသေးသေးလေးတွေက စည်ပင်သာယာမှတ်ပုံတင်ထဲရော MIC ထဲရောပါ တာမဟုတ်ဘူး။ သာမန်စက်ရုံလေးတွေက စက်ရုံငှားပြီးတော့ စက်ရုံခဈေးကြီးလို့ ဟိုဘက်စက်ရုံပြောင်းတယ်။ အစောပိုင်းကပြောသလို ပုသိမ်မှာဆိုရင် စက်ရုံကြီးသွားရင်းတယ်။ ရန်ကုန်ကစက်ရုံဟာ ISO Standard နဲ့မညီတဲ့အခါမှာ သူ အော်ဒါမရမှာစိုးလို့ သူ့စက်ရုံပိတ်သိမ်းတယ်။ ဒီမှာပိတ်သိမ်းပေမယ့် ဟိုဘက်ကို အကြီးကြီးသွားတယ်။ ဒီအချက်အလက်တွေက ကြားထဲမှာပျောက်ပြီးတော့ သတင်းအရ စက်ရုံတွေပိတ်ကုန်ပြီဆိုတဲ့ ကောလာဟလ ဖြစ်တာတွေကို ကျွန်တော် ထပ်ဆင့်ရှင်းလင်းတာပါ။

### တိုးတက်လာ

ပိတ်သင့်ပိတ်ထိုက်တဲ့ စက်ရုံကိုလည်း ပိတ်နိုင်ပါတယ်။ အများကြီး ကောင်းတယ်လို့ ကျွန်တော်မဆိုလိုပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုကတော့ ရင်းနှီးမြှုပ်နှံမှုပမာဏရော အရေအတွက်ရော တိုးတက်လာပါတယ်။ ပြီးခဲ့တဲ့လက MIC ဥက္ကဋ္ဌ ဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်ပြီးတော့ Myanmar Inside ဆိုပြီးတော့ ထိုင်းမှာလုပ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ အတွင်းရေးမှူး ဦးအောင်နိုင်ဦးကနေ ရှင်းပြတဲ့အထဲမှာ ရင်းနှီးမြှုပ်နှံမှုပမာဏ သိပ်မတိုးသော်လည်း ရင်းနှီးမြှုပ်နှံမှု ဦးရေအများကြီးတိုးလာပါတယ်။ ဆိုလိုတာက အလယ်အလတ်တွေ အများကြီးရောက်လာပါတယ်။ ဒါတွေ အားလုံးလာနိုင်ဖို့က အစောပိုင်းကပြောတဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်နိုင်တဲ့ ရင်းနှီးမြှုပ်နှံသူ အကြီးကြီးတွေကိုလည်း တစ်ပြိုင်တည်းခေါ်ပြီး တစ်ပြိုင်တည်း တည်ဆောက်နိုင်ဖို့လိုပါတယ်။ ကျွန်တော်တို့ကတော့ မစိုးရိမ်ပါဘူး။ ရှေ့လျှောက်မြန်မာနိုင်ငံရဲ့ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုကတော့ ကျွန်တော်တို့ မစိုးရိမ်ပါဘူး။ အလားအလာကောင်းတွေရှိပါတယ်။ အဲဒီလိုပဲ အခက်အခဲ၊ စိန်ခေါ်မှုအချို့လည်း ရှိပါတယ်။

ဦးသန်းအောင်ကျော်။ ။ ဒီနေရာမှာ နည်းနည်းဖြည့်စွက်ပြောချင်တာက နိုင်ငံတော်ရဲ့ ပြောင်းလဲသွားတဲ့ မူဝါဒအရ တချို့လုပ်ငန်းတွေက ဆက်ရှင်သန်ဖို့ မဖြစ်နိုင်တာတွေလည်းရှိတယ်။ ဥပမာ - သစ်ခုတ်တဲ့လုပ်ငန်းတွေကို တိုင်းပြည်ကလျှော့ချတယ်။ အဲဒီလိုလျှော့ချတဲ့အခါကျတော့ အရင်က မြန်မာနိုင်ငံမှာ အစိုးရကရောင်းတဲ့ တင်ဒါသစ်ကိုဝယ်ပြီး နိုင်ငံခြားပို့တဲ့လုပ်ငန်းတွေက ရှင်သန်ဖို့က မဖြစ်နိုင်တော့ဘူး။ ဒါမျိုးတွေကျတော့ တိုင်းပြည်ရဲ့မူဝါဒအရ သစ်တောတွေကို ထိန်းသိမ်းဖို့ သစ်ထုတ်လုပ်မှုကိုလျှော့လို့၊ သူကုန်ကြမ်းမရလို့ လုပ်ငန်းကို လျှော့ချတာ၊ ရုပ်သိမ်းတာကတော့ ကျွန်တော်တို့လည်း ခွင့်ပြုပေးပါတယ်။ အခုဆိုရင် တချို့ သစ်နဲ့ပတ်သက်တဲ့ စက်တွေကို နိုင်ငံခြားကို ပြန်ပို့ချင်ပါပြီ။ စက်သုံးလုံးကနေ တစ်လုံးပဲထားတော့မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ကိုယ်တိုင်သစ်လုပ်ငန်းဌာနက မူဝါဒအရ သစ်ရောင်းမပေးနိုင်တော့ဘူး။ အဲဒီလိုတွေကြောင့် ပိတ်တာမျိုးတွေလည်း ရှိပါတယ်။ ဒါမျိုးကိုတော့ နိုင်ငံတော်ရဲ့ ပြောင်းလဲလာတဲ့မူဝါဒအရ ကျွန်တော်တို့က ဆောင်ရွက်ပေးတာဖြစ်ပါတယ်။

ဦးအေးလွင်။ ။ ဦးသန်းအောင်ကျော် ပြောသလို အဲဒါမျိုးတွေလည်း ဖြစ်နေတယ်။ တစ်ခေတ်တစ်ခါက သစ်တောကြီးတွေကိုခုတ်၊ သစ်ကုန်ကြမ်းတွေကို အလုံးလိုက်အတိုင်း နိုင်ငံခြားပို့တယ်။ ပြည်တွင်းမှာလည်း ခွဲတမ်းနဲ့ရောင်းတယ်။ သစ်စက်တွေတည်ဆောက်တယ်။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က သစ်လုံးတွေ ပိတ်လိုက်တယ်။ မြန်မာ့သစ်လုပ်ငန်းလည်း ပို့လို့မရတော့ သစ်လုံးတွေ အများကြီးဝယ်ထားတဲ့ နိုင်ငံခြားကုမ္ပဏီတွေက သစ်စက်တွေ အလျင်အမြန်တည်ဆောက်ပြီးတော့ အချောထည်တွေလုပ်ကြရင်းနဲ့ သစ်လည်း ထပ်ပြီးခုတ်ခွင့် လျှော့ချလိုက်တဲ့အခါမှာ ဒါကိုကုစားဖို့ ကျန်ခဲ့တဲ့ MIC အစည်းအဝေးမှာ ပြည်ပက သစ်လုံးကုန်ကြမ်းတင်သွင်းဖို့ ခွင့်ပြုဖို့တင်ပြထားပါတယ်။ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကလည်း ခွင့်ပြုထားပါတယ်။

### ဆက်လက်တည်တံ့ခိုင်မြဲရေး

သစ်လုံးကုန်ကြမ်းတင်သွင်းတဲ့အခါမှာ Zero Tax (အခွန်မရှိ)၊ ပြည်ပပြန်ထွက်တဲ့အခါမှာထိုက်သင့်တဲ့နှုန်းထားပေးမယ်ဆိုတဲ့ပုံစံနဲ့ နိုင်ငံတကာမှာလည်းလုပ်ပါတယ်။ ၂၀၀၂ ကတည်းက ကျွန်တော် ဗီယက်နမ်နိုင်ငံ ရောက်တယ်။ ဗီယက်နမ်နိုင်ငံဟာ အာဖရိကက သစ်တွေ၊ အမေရိကက သစ်တွေ တန်ပေါင်းသန်းချီပြီးတော့ သင်္ဘောတွေဆို ၁၀ စင်း၊ ၁၅ စင်း ကမ်းမှာတန်းစီဆိုက်ပြီးတော့ သစ်လုံးကုန်ကြမ်းတွေကို ဈေးပေါပေါနဲ့ ဝယ်ပါတယ်။ အဲဒီအချိန်မှာ မြန်မာနိုင်ငံမှာ ပိတောက်တစ်တန်ကို ဒေါ်လာနှစ်ထောင်လောက်ဖြစ်တဲ့အချိန်မှာ ဗီယက်နမ်နိုင်ငံမှာ အာဖရိကပိတောက်ကို ဒေါ်လာသုံးရာနဲ့ တင်သွင်းပြီးမှ ကျွန်တော်တို့ရဲ့ဈေးကွက်နဲ့အပြိုင် ဥရောပကိုထိုးဖောက်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့က ပိတောက်တစ်တန် ဒေါ်လာသုံးရာကို မြန်မာပြည်ကို တင်သွင်းခွင့်ပေးဖို့ ကျွန်တော်တို့ တောင်းဆိုခဲ့ဖူးပါတယ်။ ဒါပေမယ့် အဲဒီအချိန်မှာရှိတဲ့ မူဝါဒက ပြည်ပနိုင်ငံက တင်သွင်းတဲ့သစ်ကို ခွင့်မပြုတဲ့အတွက် ကျွန်တော်တို့ ဒီအခွင့်အရေးဆုံးရှုံးပြီးတော့ ဗီယက်နမ်နိုင်ငံက ဒါကို ရရှိသွားခြင်းဖြစ်ပါတယ်။ အခု ကျွန်တော်တို့ ထပ်ပြီးဆုံးရှုံးလို့ မရတော့ပါဘူး။

ကြီးမြန်သစ်ပင် စိုက်ပျိုးတဲ့ စီမံကိန်းတစ်ခု MIC ကိုလာတယ်။ ကျွန်တော်တို့ခွင့်ပြုတယ်။ ဒီလို စိုက်ခင်းတွေ၊ ကိုယ်ပိုင်စိုက်ခင်းတွေ တည်ထောင်ပေးရမယ်။ ပြည်ပမှာရှိတဲ့ ကျွန်တော်တို့ထက်ပိုပြီးတော့ သစ်တောပေါများတဲ့နိုင်ငံက ကုန်ကြမ်းတွေကို ပြည်တွင်းကို အခွန်ကင်းမဲ့စွာဝင်ပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး တည်ဆောက်ပြီးသားသစ်စက်တွေ၊ တည်ဆောက်ပြီးသား အချောထည်လုပ်ငန်းတွေ ဆက်လက်တည်တံ့ခိုင်မြဲရေးအတွက်လည်း ဒီမူဝါဒတွေပြင်ဆင်ဖို့ ကျွန်တော်တို့ MIC မှာတင်ထားပါတယ်။ ဥက္ကဋ္ဌကလည်း အင်မတန် စိတ်ဝင်စားပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်ဖို့ ဥက္ကဋ္ဌက ပြောသွားပါတယ်။ ဒါလေး ကျွန်တော်ဖြည့်ပြောတာပါ။

စာမျက်နှာ ၁၀ သို့ ○


ဦးသန်းအောင်ကျော်


ဦးငွေးချွန်


ဦးအေးလွင်

❍ စာမျက်နှာ ၉ မှ

**မေး။ ။ ရခိုင်အရေးဖြစ်ပေါ်နေတဲ့အချိန်မှာ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီးတော့ အနောက်နိုင်ငံတွေကနေ မလာတော့ဘူး။ ရင်းနှီးမြှုပ်နှံမှု ကျဆင်းနေတယ်ဆိုတဲ့ သတင်းထုတ်ပြန်ချက်တွေလည်းရှိတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုအကာအကွယ်၊ ပြင်ဆင်မှုတွေ ကြိုတင်လုပ်ဆောင်ထားပါသလဲဆိုတာ ဆက်လက်ပြီး ဆွေးနွေးပေးပါဦး။**

ဦးအောင်နိုင်ဦး။ ။ ရခိုင်အရေးအခင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ကျဆင်းသွားတယ်ဆိုတာ အထိုက်အလျောက်မှန်ပါတယ်။ ဒါဟာ ဘယ်လိုဖြစ်လာတာလဲဆိုရင် ပြည်ပမီဒီယာတချို့က လွဲမှားတဲ့ သတင်းတွေအပေါ်မှာ အခြေခံပြီးတော့ ဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။ ဘယ်လိုဖြစ်သလဲဆိုတော့ ရောက်လာမယ့် ရင်းနှီးမြှုပ်နှံမှုတွေလည်း နည်းနည်းနှေးသွားပါတယ်။ ခွင့်ပြုမိန့်ပေးပြီးသားပါမစ်တွေမှာလည်း အထိုက်အလျောက်ထိခိုက်တာကို တွေ့ရပါတယ်။ ဥပမာ -လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကျော်လောက်က ခွင့်ပြုမိန့်ပေးထားတဲ့ လုပ်ငန်းတစ်ခုမှာဆိုရင် အဲဒီလွဲမှားတဲ့ အချက်အလက်တွေကြောင့် အုပ်ချုပ်မှုအဖွဲ့တစ်ခုလုံး ထွက်သွားတယ်။ နောက်ထပ် တချို့ရှယ်ယာအဖွဲ့ဝင်တွေကလည်း ထွက်သွားတယ်။ အဲဒီတော့ ခွင့်ပြုထားတဲ့ တည်ဆောက်ရေးကာလ ကျော်ခါနီးဖြစ်သွားတာတွေရှိတယ်။ အဲဒါမျိုးတွေဆိုရင် အခုတကယ်ပြန်ပေးရင် ဒီရင်းနှီးမြှုပ်နှံသူက အုပ်ချုပ်မှုအဖွဲ့ကို အသစ်ပြန်ရှာဖွေပြီးတော့ MIC ကို ပြန်လာတင်တယ်။ ဥပမာ- သူတည်ဆောက်ရေးကာလကုန်ခါနီးဖြစ်နေလို့ အခက်အခဲတွေ့နေပြီ။ နောက်အုပ်ချုပ်မှုအဖွဲ့အသစ်နဲ့ ရှယ်ယာအဖွဲ့ဝင်အသစ်နဲ့ MIC ကို ပြီးခဲ့တဲ့အပတ်ကလာပြီးတော့ တင်တဲ့ပုံစံမျိုးတွေမှာ ကျွန်တော်တို့ MIC ကနေပြီးတော့ လိုအပ်တဲ့ပံ့ပိုးမှုတွေ၊ ကူညီမှုတွေပေးပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးမှာကတော့ ဒီလိုဖြစ်လေ့ဖြစ်ထရှိပါတယ်။ ကျွန်တော်တို့က ရည်မှန်းထားတဲ့ကဏ္ဍနဲ့ ရည်မှန်းထားတဲ့ နိုင်ငံဆိုတာ ထားရပါတယ်။ အားလုံးလာချင်တဲ့သူလာဆိုတာမျိုး ရည်မှန်းချက်မရှိဘဲနဲ့တော့ မရပါဘူး။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့က လွဲမှားတဲ့ မီဒီယာသတင်းတွေကြောင့် ဖြစ်နေတဲ့အခြေအနေကို ယုံတဲ့လူရှိနေတာတွေကိုလည်း တားဆီးလို့မရပါဘူး။ ဒါကြောင့်လည်း Target Country (ရည်မှန်းထားတဲ့နိုင်ငံ) ကို ဘယ်လိုပြောင်းမလဲ။ ကျွန်တော်တို့က အရှေ့တိုင်းနိုင်ငံတွေဖြစ်တဲ့ အာဆီယံနိုင်ငံတွေ၊ နောက်တစ်ခါ အာဆီယံနဲ့ မိတ်ဖက်နိုင်ငံတွေ ကိုရီးယား၊ အိန္ဒိယ၊ တရုတ်နိုင်ငံတွေကို Target Country ဆိုပြီးတော့ မြှင့်တင်ရေးအသိပညာပေးအစီအစဉ်အဖြစ်နဲ့ ထပ်ပြီးတော့လုပ်ပါတယ်။ ဒီနည်းနဲ့ ကျွန်တော်တို့ MIC ဥက္ကဋ္ဌက one belt one road (ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခု) အစည်းအဝေး ဟောင်ကောင်သွားရင်းနဲ့ တရုတ်ပြည်မကြီး ဟောင်ကောင်၊ မကာအိုက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ ရင်းနှီးမြှုပ်နှံမှု မူဝါဒတွေ၊ အုပ်ချုပ်မှုစနစ်အသစ်တွေ၊ ဒါတွေကို ရှင်းသွားတဲ့အခါမှာ အင်မတန်စိတ်ဝင်စားကြတယ်ဆိုတဲ့ အခြေအနေကို တွေ့ရပါတယ်။ ဒီလိုပဲ ထိုင်းမှာ အစည်းအဝေးလုပ်တဲ့အခါမှာ ကျွန်တော်တို့ဒေသတွင်းမှာ ရင်းနှီးမြှုပ်နှံမှု အများကြီးပြုနေတဲ့ CP ကုမ္ပဏီလို အဲဒီလိုကုမ္ပဏီတွေ မြန်မာနိုင်ငံကို ဝင်ရောက်လာရေးအတွက် Promotion awareness Program အနေနဲ့ အကုန်လုံး စည်းရုံးတွေ့ဆုံဆွေးနွေးပြီး ဖိတ်ခေါ်တဲ့ အစီအစဉ်မျိုးတွေရှိပါတယ်။

### ကာကွယ်ဆောင်ရွက်နေ

ကျွန်တော်တို့ကတော့ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ရည်မှန်းထားတဲ့ နိုင်ငံ Target Country ကို ပြောင်းရမှာပါ။ အဲဒီလိုမျိုးနဲ့ ဆောင်ရွက်သွားခြင်းအားဖြင့် အားလုံးရင်းနှီးမြှုပ်နှံမှု စီးဝင်မှုနိမ့်ကျသွားမှုကို ကာကွယ်ဆောင်ရွက်နေပါတယ်။ စီးဝင်သင့်တာထက်စီးဝင်ဖို့နဲ့ Quality Investment တွေ စီးဝင်လာစေရေးကိုလည်း ဆောင်ရွက်နေပါတယ်။ နောက်တစ်ခါ တကယ်လက်တွေ့ ဆောင်ရွက်ကြည့်တဲ့အခါမှာ ကျွန်တော်တို့အရှေ့နဲ့အနောက်နိုင်ငံတွေ ယှဉ်လိုက်မယ်ဆိုရင် အရှေ့ကနိုင်ငံတွေနဲ့ ဆက်သွယ်ပြီးတော့လုပ်ရင် မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုအပေါ်ယံကြောက ပိုပြီးတော့လွယ်ကူတာ၊ နားလည်လွယ်တာကိုလည်း တွေ့ကြုံရပါတယ်။

ဦးအေးလွင်။ ။ ရခိုင်ကိစ္စအရေးကို မေးတဲ့မေးခွန်းက အဓိကကျပါတယ်။ ဆရာဦးအောင်နိုင်ဦးဖြေသွားတာ တော်တော်ပြည့်စုံနေပါပြီ။ ကျွန်တော်ဆိုလိုချင်တာက ကျွန်တော်တို့တိုင်းပြည်သည် တကယ့်အချက်အချာကျတဲ့ ဧရိယာရှိတယ်။ လူဦးရေသန်းပေါင်း ၁၃၀၀ လောက်ရှိတဲ့ တရုတ်ပြည်ကြီးရယ်၊ လူဦးရေ သန်း ၁၁၀၀ ကျော်ရှိတဲ့ အိန္ဒိယရယ်၊ လူဦးရေ သန်းပေါင်း ၇၀၀ လောက်ရှိတဲ့ အာဆီယံရဲ့ကြားထဲမှာ အင်မတန်အလားအလာကောင်းတဲ့နေရာမှာရှိတဲ့တိုင်းပြည် ဖြစ်ပါတယ်။ အဲဒီတော့ ရခိုင်အရေးက မနေ့တစ်နေ့ကမှ စဖြစ်တာမဟုတ်ဘူး။ နှစ်ပေါင်းများစွာ ဖြစ်ခဲ့ပါတယ်။ အကြောင်းကြောင်းတွေကြောင့် ဘယ်လောက်အထိ ဆိုးဆိုးရွားရွားတွေဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော်လည်း မဝေဖန်တော့ပါဘူး။ ဒါပေမယ့် ရခိုင်အရေးကြောင့်ပဲ ပြည်ပမီဒီယာတွေက နည်းမျိုးစုံနဲ့ ဝါဒဖြန့်ချိတယ်။ အဲဒီတော့ ကျွန်တော်တို့က အဲဒီအရေးမှာ ထိုက်သင့်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တွန့်ဆုတ်သွားတယ်။ တချို့ရင်းနှီးမြှုပ်နှံမှုတွေ နည်းနည်းထိန်းထိန်းသိမ်းသိမ်း စဉ်းစားလာတယ်ဆိုတာတော့ မှန်ပါတယ်။

### ရင်းနှီးမြှုပ်နှံသူတွေ ဖိတ်ခေါ်လာ

ရခိုင်အရေးအခင်းကြောင့် ရင်းနှီးမြှုပ်နှံမှုတွေ တုံ့ဆိုင်းသွားတဲ့အတွက် ကျွန်တော်တို့ MIC အဖွဲ့ဝင်တွေက နည်းစနစ်တစ်ခု ပိုရသွားတယ်။ ကျွန်တော်တို့က အခန်းထဲမှာထိုင်ပြီးတော့ လာတဲ့သူကို မစောင့်တော့ဘူး။ ကျွန်တော်တို့က အပြင်ထွက်ကြတယ်။ ဥက္ကဋ္ဌ ဦးဆောင်ပြီးတော့ အပြင်ထွက်ကြတယ်။ ကျွန်တော်တို့လည်း ထွက်ကြတယ်။ အပြင်မှာ ကျွန်တော်တို့ သွားရောက်ပြီးတော့ အခုဥက္ကဋ္ဌ ဦးသောင်းထွန်းက အရည်အသွေးမီတဲ့ ရင်းနှီးမြှုပ်နှံသူတွေနဲ့ ကုန်ပစ္စည်းနာမည်ရှိပြီးတဲ့ ရင်းနှီးမြှုပ်နှံသူတွေကို ကျွန်တော်တို့ ဖိတ်ခေါ်လာပါတယ်။ သူတို့လာနိုင်ဖို့ ဒီဘက်က ဥပဒေတွေကိုလည်း အမြန်တည်ဆောက်ပေးရပါတယ်။ ဥပမာအားဖြင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်လိုဟာမျိုး၊ စံချိန်စံညွှန်းနဲ့ဆိုင်တဲ့ ဥပဒေတွေလိုဟာမျိုး၊ စံချိန်စံညွှန်းတွေဖြစ်ဖို့၊ နောက်မြေယာဥပဒေတွေကို ပြင်ဆင်နေပါတယ်။ အရှုပ်ထွေးဆုံးမြေယာဥပဒေဟာ ကျွန်တော်တို့တိုင်းပြည်မှာပဲရှိတယ်။ ဒါတွေအားလုံးကို ပြန်လည်သုံးသပ်ဖို့ လုပ်ဖို့လိုတယ်ဆိုတဲ့အကြောင်းလည်း ဥက္ကဋ္ဌကပြောပါတယ်။ ကျွန်တော်တို့ MIC က ဘာနဲ့တူလဲဆိုရင် ကျွန်တော်တို့က တီးဝိုင်းဆရာနဲ့တူတယ်။ ဗမာ့ဆိုင်းဝိုင်းပဲ တီးတီး၊ နိုင်ငံခြားဆိုင်းဝိုင်းပဲတီးတီး ရှေ့မှာလက်ကလေးပြပြီးတော့ တီးဝိုင်းဆရာက သံစုံတီးဝိုင်းတီးနိုင်ဖို့တော့ လိုပါတယ်။ လောလောဆယ်တော့ တူရိယာတွေ တစ်ခုပြီးတစ်ခု ကိုယ်တီးချင်ရာတွေတီးနေတဲ့ အနေအထားတချို့တွေလည်း ရှိနေဆဲပါ။ ဒါကို ကျွန်တော်တို့က ထိန်းညှိပေးရမယ်။ ညှိနှိုင်းဆောင်ရွက်ရမယ်။ ကျွန်တော်တို့ MIC သည် ညှိနှိုင်းဆောင်ရွက်ရမယ့်အဖွဲ့ပါ။ ဒီအတွက် ညှိနှိုင်းဆောင်ရွက်ပေးဖို့လိုပါတယ်။

> နိုင်ငံရပ်ခြားမှာ Electronic လို နည်းပညာကို သုံးပြီး နယ်စပ်ကုန်သွယ်မှုကို ထိန်းချုပ်နိုင်တယ်။ ကျွန်တော်တို့နိုင်ငံမှာ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဒါတွေနဲ့ပတ်သက်ပြီး လက်မှတ်ထိုးထားတာတွေရှိတယ်။ ဒါ့အပြင် ထိန်းချုပ်ဖို့အတွက် အားကောင်းခိုင်မာတဲ့ဥပဒေတွေ ရှိလာဖို့လိုတယ်။ တရားဝင်လုပ်တဲ့လုပ်ငန်းတွေကို အားပေးရမယ်

အရှေ့ကိုမျှော်တဲ့ မူဝါဒက အရှေ့ကို မျှော်တာတော့ လုံးလုံးမဟုတ်ပါဘူး။ မျှော်တော့မျှော်ရမယ်။ ကျွန်တော်တို့ MIC သည် ကြိုဆိုလျက်ပါ။ အရှေ့၊ အနောက်၊ တောင်၊ မြောက်လာပါ။ ကျွန်တော်တို့တိုင်းပြည်အတွက် သင့်တော်တဲ့သူကို ခွင့်ပေးမှာပါ။ သင့်တော်တဲ့ဥပဒေတွေနဲ့ စပ်အပ်ပြီးတော့ အားပေးမှာပါ။ ဒါပေမယ့် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ ကိုရီးယား၊ ဂျပန် စတဲ့ အိမ်နီးနားချင်းတိုင်းပြည်ဟာ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုနဲ့ရော၊ အမူအကျင့်တွေနဲ့ရော သိပ်ဝေးဝေးလံလံမရှိဘူး။ မိသားစုလိုဖြစ်နေတဲ့နိုင်ငံဖြစ်နေတဲ့အတွက် ဒီနိုင်ငံတွေကိုတော့ အနောက်နိုင်ငံတွေကဲ့သို့ သိပ်ပြီးတော့ တင်းတင်းကျပ်ကျပ် မစဉ်းစားဘဲနဲ့ ပိုပြီးအလွယ်တကူ ဝင်ရောက်လာနိုင်တဲ့၊ ပိုပြီးလွယ်ကူတဲ့ဈေးကွက်ကို အရင်ထိုးဖောက်တာပါ။ ဟောင်ကောင်၊ မကာအို၊ ထိုင်ဝမ်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း ကြိုဆိုပါတယ်။ အဖျော်ယမကာကိုလည်း ကျွန်တော်တို့ပေးမယ်။ အဲဒီလိုပေးလို့ မြန်မာပြည်မှာ ယမကာချက်တဲ့သူတွေက သူတို့အခက်အခဲဖြစ်ပါတယ်ဆိုတဲ့ ထိတွေ့မှုတော့ နည်းနည်းပါးပါးရှိတယ်။ ဒါကို ကျွန်တော်တို့ ချိန်ညှိလုပ်မှာပါ။ တိုင်းရင်းသားတွေလည်း မနစ်နာဘူး။ ရင်းနှီးမြှုပ်နှံသူတွေလည်း လာဖို့လွယ်ကူတာတွေဖြစ်ဖို့ လိုအပ်ပါတယ်။

### တရားဝင်ဖြစ်အောင် ဖန်တီးပေးရမယ်

ကျွန်တော်တို့ လုပ်ငန်းရှင်တွေရော ဘာတွေပြင်ပြီးပြီလဲ။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တို့တိုင်းပြည်ဟာ အိန္ဒိယနဲ့ ကီလိုမီတာ ၁၆၀၀ နယ်နိမိတ်ချင်း ဆက်နေတယ်။ ဘင်္ဂလားဒေ့ရှ်နဲ့ ကီလိုမီတာ ၂၀၀ ကျော်ရှိတယ်။ တရုတ်နဲ့ဆို ကီလိုမီတာ ၂၁၀၀ ရှိတယ်။ ထိုင်းနဲ့ဆို ကီလိုမီတာ ၁၈၀၀ လောက်ရှိတယ်။ ဒီလိုနယ်ခြားတွေမှာ တရုတ်နဲ့မြန်မာနယ်ခြားမှာ တရားဝင်ချက်ပွိုင့်လေးခုရှိတယ်။ ဂိတ်ကောင်းကောင်း မထောင်နိုင်သေးဘူး။ ဒါပေမယ့် တကယ်တမ်း တရားမဝင်ဂိတ်တွေ အများကြီးရှိသေးတယ်။ အဲဒီလိုပဲ ထိုင်းနယ်စပ်မှာလည်း တရားဝင်ငါးခုပဲရှိတယ်။ အိန္ဒိယမှာလည်းရှိတယ်။ ဆိုလိုချင်တာက ကျွန်တော်တို့ တိုင်းပြည်မှာ ဆိုရှယ်လစ်ခေတ်ကတည်းက ယနေ့အချိန်အထိ တရားမဝင် ကူးသန်းရောင်းဝယ်မှုလုပ်တဲ့အမူအကျင့် မလျော့သေးဘူး။ ဒါကို ကြီးကြပ်တဲ့ဌာနတွေကလည်း အားနည်းတယ်။ တရားမဝင်စီးပွားရေးလုပ်ငန်းတွေ ရှိနေသရွေ့ ရင်းနှီးမြှုပ်နှံသူတွေကို ထိပါတယ်။ ပိုပြီးကောင်းတဲ့ e-Trade စနစ်တွေ ရှိတယ်။ နိုင်ငံရပ်ခြားမှာ Electronic လိုနည်းပညာကို သုံးပြီး နယ်စပ်ကုန်သွယ်မှုကို ထိန်းချုပ်နိုင်တယ်။ ကျွန်တော်တို့နိုင်ငံမှာ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဒါတွေနဲ့ ပတ်သက်ပြီး လက်မှတ်ထိုးထားတာတွေ ရှိတယ်။ ဒါ့အပြင် ထိန်းချုပ်ဖို့အတွက် အားကောင်းခိုင်မာတဲ့ ဥပဒေတွေ ရှိလာဖို့လိုတယ်။ တရားဝင်လုပ်တဲ့လုပ်ငန်းတွေကို အားပေးရမယ်။ လမ်းပန်းဆက်သွယ်ရေး၊ သတင်းအချက်အလက်နဲ့ နည်းပညာစနစ်တွေကို နယ်စပ်ဒေသမှာ တည်ဆောက်ဖို့လိုတယ်။ အရေးအကြီးဆုံးက ငြိမ်းချမ်းရေးပဲ။ ငြိမ်းချမ်းရေးအဖွဲ့အစည်းတွေရဲ့ နယ်စပ်ဒေသက ကုန်သွယ်မှုကိုလည်း တရားဝင်ဖြစ်အောင် ဖန်တီးပေးရမယ်။ ဒါတွေလုပ်ပေးနိုင်ရင် နိုင်ငံရဲ့ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုက သားရွှေအိုးထမ်းလာတာကို မြင်ရမှာပါ။

**မေး။ ။ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် အခက်အခဲတွေက ဘာတွေလဲ။ ဘယ်လိုစိန်ခေါ်မှုတွေရှိမလဲ။ ကျော်လွှားနိုင်ဖို့အတွက် ဘယ်လိုအကြံပြုချင်သလဲဆိုတာကို ဆက်လက်ပြီး ဆွေးနွေးပေးစေချင်ပါတယ်။**

ဦးအောင်နိုင်ဦး။ ။ ကျွန်တော်တို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအတွက် အလားအလာကောင်းတွေ အများကြီးရှိသလို စိန်ခေါ်မှုတွေလည်းရှိပါတယ်။ စိန်ခေါ်မှုမှာ အဓိကအချက်တွေကတော့ အများပြောနေကြတဲ့ မြေဈေးကြီးတယ်။ အခြေခံအဆောက်အအုံ (Infrastructure)တွေ (လျှပ်စစ်၊ လမ်း) စသည်ဖြင့်အားနည်းတယ်။ ကျွမ်းကျင်လုပ်သားတွေနည်းတယ်။ အလုပ်သမားပြဿနာတွေရှိတယ်ဆိုပြီး ပြောကြတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်ဖို့ဆို မြေကအဓိကကျပါတယ်။ Land၊ Labor၊ Capital ဆိုတာ ဟိုအရင်ပညာရှင်ကြီးတွေ သုံးသပ်ခဲ့တာပါ။

### စနစ်တကျစီမံခန့်ခွဲဖို့လို

မြေကို နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ထိထိရောက်ရောက်လုပ်ဖို့ လိုအပ်နေပါတယ်။ မြေငှားရမ်းခဈေးများများရဖို့ပဲ စဉ်းစားနေကြတယ်။ တကယ့်စီးပွားရေးသမားတစ်ယောက်က ဥပမာပြောရရင် ကင်မရာကို ဈေးသက်သက်သာသာနဲ့ရောင်းပြီး ဖလင်များများရောင်းရအောင် ဖလင်စက်ရုံကြီးတည်ထားတယ်ဆိုတာမျိုး ကျွန်တော်တို့ စီးပွားရေးတက္ကသိုလ်တုန်းက သင်ခဲ့ရတယ်။ ဒီတော့ မြေကိုဈေးရမှုဖြစ်မယ်ဆိုတဲ့အမြင်က ကျဉ်းပါတယ်။ ဒီအမြင်ကို ပြင်ဖို့လိုပါတယ်။ စက်မှုဇုန်က မြေကွက်တွေကို ကိုယ်တိုင်လည်း မလုပ်ကိုင်ဘူး။ လာငှားတော့လည်း ဈေးမြှင့်ပြီးတောင်းတဲ့မှုတွေကို ပြင်ဖို့လိုပါတယ်။ ဌာနဆိုင်ရာတွေမှာလည်း ဝန်ကြီးဌာနမြေယာတွေရှိတယ်။ ဒါတွေကိုလည်း စနစ်တကျ စီမံခန့်ခွဲဖို့လိုတယ်။ အကုန်လုံး ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။

ဒီစိန်ခေါ်မှုဆိုတာ အခွင့်အလမ်းပါ။ ပြီးခဲ့တဲ့ ၂၅ နှစ်လောက်က ဥပမာကို ပြောပြချင်ပါတယ်။ ရန်ကုန်မှာ မီးတွေပျက်တယ်ဆိုတဲ့ အသံတွေထွက်လာတာနဲ့ စီးပွားရေးသမားတွေက အင်ဗာတာတွေကို တီထွင်တယ်။ တရုတ်ပြည်က ဘက်ထရီအိုးတွေကို တင်သွင်းပြီး ရောင်းဝယ်ကြတယ်။ အခွင့်အလမ်းက စိန်ခေါ်မှုရှိရင် ဖြစ်လာတာပါပဲ။ အခြေခံအဆောက်အအုံအားနည်းတယ်ဆိုတဲ့ အားနည်းချက်ပေါ်မှာ ရင်းနှီးမြှုပ်နှံသူတွေက ရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းကိုရှာနေကြပြီ။

ဦးအေးလွင်။ ။ စီးပွားရေးသမားက သူ့ရဲ့အကျိုးအမြတ်ရရှိအောင်တော့ နံပါတ် (၁)ဦးတည်တယ်။ နံပါတ် (၂)အနေနဲ့ ရင်းနှီးမြှုပ်နှံတဲ့အခါမှာ တရားဝင်ဖြစ်နိုင်တဲ့ လုပ်ငန်းစဉ်တွေနဲ့ အလွယ်တကူ အလုပ်စနိုင်တဲ့အရာတွေကို စိတ်ဝင်စားတယ်။ တတိယအချက်က သူ့ရဲ့ကုန်ကြမ်းတွေအားလုံးကို အလွယ်တကူ တင်ပို့ ရောင်းချတဲ့ လုပ်ငန်းစဉ်ကို မျှော်လင့်ပါတယ်။ ဒါကြောင့် လုပ်ငန်းတစ်ခုကို MIC က ခွင့်ပြုပေမယ့် ဘာလို့မစနိုင်လဲဆိုတာက စည်ပင်သာယာနဲ့ ငြိနေလို့၊ အရှေ့အနောက် ခုနစ်အိမ်က လက်မှတ်မထိုးလို့ စတဲ့ မလိုလားအပ်တဲ့ အသေးအဖွဲ ကြန့်ကြာမှုတွေရှိသလို သက်ဆိုင်ရာဝန်ကြီးဌာနတွေက ပေးရမယ့်ထောက်ခံချက်တွေကို ဘယ်ဌာနက အရင်ပေးမလဲ၊ ဘယ်ဌာနက နောက်မှပေးမလဲဆိုတဲ့ ဌာနတစ်ခုနဲ့တစ်ခု ချုပ်ကိုင်ထားပြီး ဌာနစုံမှ လက်မှတ်ထိုးမယ်ဆိုတဲ့ အလေ့အထတွေကို ပြန်လည်ညှိနှိုင်းဖို့လိုပါပြီ။ ဥပမာ - ကိစ္စတစ်ခုပြေလည်ဖို့ ကျွန်တော်က (၁၀) နှစ်ကြိုးစားတယ်။ သစ်အခြေခံစက်ရုံ လုပ်တယ်ဆိုတဲ့ ရင်းနှီးမြှုပ်နှံသူတစ်ယောက်ဟာ စက်ရုံထောင်ပြီးရင် ပထမဦးဆုံး သစ်စက်လိုင်စင် လျှောက်ဖို့လိုတယ်။ သွားလျှောက်တဲ့အခါမှာ သစ်တောဦးစီးဌာနက ဖြေတယ်။ စည်ပင်နဲ့ စက်မှုလိုင်စင်ပါရင် လုပ်ပေးမယ်လို့ ပြောတယ်။ စက်မှုသွားတဲ့အခါ စည်ပင်နဲ့ သစ်စက်လိုင်စင်ရရင် လုပ်ပေးမယ်ပြောတယ်။ စည်ပင်သွားတော့ စက်မှုနဲ့ သစ်တောလိုင်စင်ရမှ လုပ်ပေးမယ်အကြောင်းပြန်တယ်။ ဒီတော့ လုပ်ငန်းစဉ်က ဘယ်ကစရမှန်းကို မသိတော့ဘူး။ ဒီတော့ ကျွန်တော့်မှာ ဘယ်သူက လုပ်မလဲ၊ ဘယ်သူက ပေးမလဲဆိုပြီး မေးရတယ်။ ဒီအခါမှ ဘယ်ဌာနက ဘယ်သူအရင်လုပ်ရမယ်ဆိုတဲ့ လုပ်ငန်းစဉ်ပေါ်လာတယ်။ နောက် လိုင်စင်သက်တမ်းမှာ စည်ပင်နဲ့စက်မှုက လိုင်စင်သက်တမ်းကို တစ်နှစ်သက်တမ်းပဲပေးတယ်။ သစ်စက်လိုင်စင်ကတော့ ငါးနှစ်သက်တမ်းပေးတယ်။ တစ်ခါ လိုင်စင်ပြန်လျှောက်ရင် ခြောက်လကြာတယ်။ ဒီလို သက်တမ်းတိုးရတဲ့စနစ်တွေကိုလည်း အခုခေတ်မှာ အွန်လိုင်းနဲ့ လျှောက်လို့ရအောင် စနစ်တွေကို ပြင်သင့်ပြီ။ ကျန်းမာရေး၊ လူမှုရေး စတဲ့ ကိစ္စတွေကိုလည်း အဆင်ပြေချောမွေ့အောင် တစ်ခါတည်း ပြင်သင့်ပြီ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ဒါတွေကြောင့်ပဲ နှောင့်နှေးကြတယ်။ ပြုပြင်ဖို့လိုပါတယ်။ ကျွန်တော်ဆိုလိုချင်တာက စိန်ခေါ်မှုနဲ့ အခွင့်အလမ်းဟာ အပြိုင်လာတယ်။ စိန်ခေါ်မှုကို အခွင့်အလမ်းဖြစ်အောင်လုပ်နိုင်ရင် ကျွန်တော်တို့အတွက် အလားအလာကောင်းပါတယ်။

### အားလုံးပူးပေါင်းဆောင်ရွက်ဖို့လို

နောက် အခွန်ကိစ္စ၊ နိုင်ငံတော်သည် အခွန်နဲ့ရပ်တည်ဖို့လိုတယ်။ အခွန်အခတွေကို ကောက်သင့်တာပဲကောက်ပြီး မကောက်သင့်တဲ့အခွန်တွေကို မကောက်ဖို့လိုတယ်။ ဖွံ့ဖြိုးဆဲကာလမှာ ဘယ်လောက်အထိ လျှော့ချမလဲ၊ ဘယ်လောက်အထိ မလျှော့ဘူးလဲဆိုတာတွေလိုတယ်။ အစိုးရကိုချည်း အပြစ်တင်နေလို့တော့မရဘူး။ လုပ်ငန်းရှင်တွေကရော အခွန်မှန်မှန် ဘယ်လောက်ဆောင်သလဲ။ လုပ်ငန်းရှင်တွေက မိမိတို့ရဲ့ အရှုံးအမြတ်စာရင်းကို ဘယ်လိုမှန်မှန်ကန်ကန် ရေးမလဲ။ ဒီအစိုးရမှာ တော်တော်ပြောင်းလဲသွားပြီ။ ကိုယ့်အခွန်ကိုယ်ဆောင်ပြီး မှားရင်ဒဏ်ကြေးဘယ်လောက်ဆိုတာ ရှိလာတယ်။ ဒဏ်ကြေးကို မြှင့်လိုက်တော့ လူတွေကကြောက်တော့ အချိန်မီ အကြောင်းကြားပြီး အချိန်မီပဲ မူဘောင်ထဲကနေ အခွန်ဆောင်လာကြတယ်။ ဒီတော့ မတ် ၃၁ ရက်ဆို အခွန်မှူးတွေ မအိပ်ရတော့ဘူး။ အချိန်မီ အခွန်ဆောင်ကြတယ်။ ဒဏ်ကြေးက များလာတာကိုး။ အရင်ကနည်းတော့ မလေးစားကြဘူး။ ကျွန်တော်တို့ကတော့ အခက်အခဲအားလုံးကို အခွင့်အရေးအဖြစ် အသုံးချဖို့လိုတယ်။ နိုင်ငံခြားသားနဲ့ တိုင်းရင်းသားကို ပြိုင်တူအတူတူအားပေးဖို့လိုတယ်။ ဌာနဆိုင်ရာတွေကလည်း နိုင်ငံခြားသားမို့ အရင်လုပ်ပေးမယ်၊ တိုင်းရင်းသားမို့ လုပ်ငန်းစဉ်ကို ခဏနောက်ကျတယ်ဆိုတဲ့ အလေ့အထတွေကို ပြင်ဖို့လိုတယ်။ MIC ဆိုတာကတော့ ဌာနအားလုံးကို ပေါင်းစည်းပေးနိုင်တဲ့အင်အားမရှိဘူး။ MIC ဥက္ကဋ္ဌကတော့ ပြည်ထောင်စုဝန်ကြီးဖြစ်တဲ့အတွက် သူပေါင်းစည်းညှိနှိုင်းပေးဖို့ တာဝန်ယူတဲ့အတွက် ကျွန်တော်တို့ကတော့ တွေ့ရှိချက်တွေကို တင်ပြတယ်။ သူလည်းကြိုးစားပြီး ဆောင်ရွက်နေတယ်။ အားလုံးလည်း ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။

ဦးအောင်နိုင်ဦး။ ။ ရင်းနှီးမြှုပ်နှံမှုတွေမှာ စိန်ခေါ်မှုကတော့ စတင်ဆောင်ရွက်တဲ့အခါမှာ လွယ်ကူချောမွေ့စေဖို့ ပူးပေါင်းပံ့ပိုးမှု Facilitation ဟာ အင်မတန်အရေးကြီးပါတယ်။ ဆောင်ရွက်ဆဲလုပ်ငန်းတွေမှာလည်း ဒါဟာ အရေးကြီးတယ်။ အခု MIC က Facilitation ကို စီမံခန့်ခွဲမှုစနစ်အသစ်မှာ အထူးအလေးထားပြီး ဆောင်ရွက်သွားမယ်ဆိုတာကို ပြောချင်တယ်။

ဦးအေးလွင်။ ။ ဆောက်လုပ်ရေးလုပ်ငန်းတွေ ကျဆင်းသွားတယ်။ အကြောင်းကြောင်းတွေကြောင့် ဘယ်လိုခွင့်ပြုတယ်ဆိုတာကို မဝေဖန်တော့ဘူး။ တကယ်တမ်း စနစ်အတိုင်းကောက်ထည့်လိုက်ပြီး အဲဒီအတိုင်းသွားမယ်ဆိုတဲ့အခါမှာ ခက်ခဲသွားတယ်။ ဒီနေ့အထိလည်း အငြင်းပွားနေဆဲတွေ ရှိတယ်။ ပန်းရန်တွေ၊ အလုပ်သမားတွေ အလုပ်မရဘူး။ အလုပ်လက်မဲ့တွေ ပေါတယ်ဆိုတာလည်း ဖြစ်တတ်တယ်။ ဝယ်လိုအားနဲ့ ရောင်းလိုအားကို တွက်ဖို့လိုတယ်။ အရည်အသွေးပိုင်းကလည်း လိုအပ်တယ်။ ရောင်းဝယ်လို့ရတဲ့နေရာမှာ ဆောက်တာမျိုးလည်း ဖြစ်ဖို့လိုတယ်။ သွားလာရောင်းဝယ်ဖောက်ကားဖို့ လွယ်တဲ့နေရာလည်း ဖြစ်ဖို့လိုတယ်။ အစိုးရညံ့လို့ ဆောက်လုပ်ရေးကျတာ မဟုတ်ဘူး။ အစကတည်းက လွဲခဲ့လို့ ဆောက်လုပ်ရေးကျတာ။ အလျဉ်းသင့်လို့ ပြောတာပါ။ စနစ်ထဲထည့်လိုက်တဲ့အခါမှာ မူဘောင်မဝင်တဲ့သူတွေက ဆက်သွားလို့ မရတော့ဘူး။ အကျိုးဆက်က ဘဏ်ကိုသွားထိတယ်။ ဘဏ်ရဲ့အကျိုးဆက်က ဘယ်ကိုသွားမလဲဆိုတာကိုတော့ စောင့်ကြည့်ရဦးမယ်။

**မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပြောင်းလဲမှုအတွက် အကျိုးရလဒ်၊ ရင်းနှီးမြှုပ်နှံသူများလိုက်နာရမည့် အကြောင်းအရာ၊ လတ်တလောဖြစ်နေသည့် စီးပွားရေးနှင့် ငွေကြေးဈေးကွက် အခြေအနေတို့ကို ဆက်လက်ဖော်ပြပါမည်။**

# ငွေလဲလှယ်နှုန်းမြင့်တက်ပြီး ကျပ်ငွေတန်ဖိုးကျဆင်းခြင်းရဲ့ အရင်းခံပြဿနာကို ကုစားဖို့လိုအပ်ပါတယ်

**နိုင်ငံခြားငွေလဲလှယ်နှုန်းကိစ္စ၊ ကျပ်ငွေတန်ဖိုးကျဆင်းခြင်း၊ ကျပ်ငွေတန်ဖိုးလျော့ကျခြင်းကြောင့် နိုင်ငံ့စီးပွားရေးအပေါ် သက်ရောက်မှု စသည်တို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည် -**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း**

**(ယမန်နေ့မှ အဆက်)**

**မေး။ မြန်မာကျပ်ငွေတန်ဖိုးလျော့ကျခြင်းနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေးအပေါ် ဘယ်လို သက်ရောက်မလဲဆိုတာ သိရှိလိုပါတယ်။**

ဖြေ။ ။ ပို့ကုန်နဲ့ သွင်းကုန် မညီမျှမှုဖြစ်ပြီး ကုန်သွယ်မှုလိုငွေပြနေချိန်မှာ ငွေကြေးတန်ဖိုး ကျဆင်းခြင်းကြောင့် သွင်းကုန်တင်သွင်းသူတွေအနေနဲ့ သွင်းကုန်ဈေးနှုန်း မြင့်မားလာလို့ သွင်းကုန်တင်သွင်းမှု လျော့ချလာခြင်း၊ တစ်ဖက်မှာလည်း ငွေတန်ဖိုးကျလာလို့ ပို့ကုန်တင်ပို့သူတွေအနေနဲ့ အကျိုးအမြတ်ပိုမိုရရှိနိုင်ပါတယ်။ ပို့ကုန်ကို ပိုမိုတင်ပို့နိုင်ရင် စီးပွားရေးအကျိုးအမြတ်ပိုမိုရရှိနိုင်ပါတယ်။ ဒါကြောင့် ငွေတန်ဖိုးကျခြင်းက ကောင်းတယ်လို့ ပြောနိုင်ပေမယ့် ထိုသို့ပြောဆိုရင် ဘယ်သူမှကျေနပ်မှာ မဟုတ်ပါဘူး။

အကြောင်းက ငွေတန်ဖိုးကျဆင်းခြင်းမှာ တစ်ဦးချင်းစီအနေနဲ့ ကုန်ဈေးနှုန်း မြင့်မားမှုဒဏ်ကို ခံရမှာဖြစ်ပါတယ်။ ဒါပေမယ့် စီးပွားရေးတစ်ခုလုံးနဲ့ ကြည့်ရင် ငွေတန်ဖိုးကျဆင်းခြင်းဟာ စီးပွားရေးအချိုးမညီမျှမှုကို အချိုးညီလာစေဖို့ အလိုအလျောက်ထိန်းညှိပေးခြင်းဖြစ်ပါတယ်။ ဒီလို ထိန်းညှိသွားရင် ကုန်သွယ်မှုအချိုး မညီမှုကြောင့်ဖြစ်ပေါ်မယ့် ကုန်သွယ်မှုလိုငွေက တဖြည်းဖြည်းကျဉ်းမြောင်းလာပြီး နောက်ဆုံးမှာ အားမျှခြေကို ရောက်ရှိသွားနိုင်ပါတယ်။

**ကျပ်ငွေတန်ဖိုးကျဆင်းရခြင်း**

မြန်မာနိုင်ငံ၌ ငွေကြေးတန်ဖိုးကျဆင်းချိန်မှာ ဗဟိုဘဏ်ကဘာမှမလုပ်ဘူးလားလို့ ဝေဖန်တာကိုခံရပါတယ်။ မိမိတို့အနေနဲ့လည်း ဒီလိုဝေဖန်မှုကို လက်ခံရမယ့်အဖွဲ့အစည်းဖြစ်လို့ လက်ခံပါတယ်။ ဒါပေမယ့် ငွေတန်ဖိုးကျဆင်းတိုင်းသာ ဗဟိုဘဏ်အနေနဲ့ ဝင်ရောက် အထောက်အပံ့ပြုနေရင် စီးပွားရေးက တိုးတက်တော့မှာမဟုတ်ပါဘူး။ ယခုလို ငွေလဲလှယ်နှုန်းမြင့်မားခြင်းကို လွှတ်ပေးဖို့နဲ့ ငွေလဲလှယ်နှုန်းဟာ ဈေးကွက်ရဲ့ ဝယ်လိုအားနဲ့ ရောင်းလိုအား အတိုင်းရှိနေပါစေလို့ ပညာရှင်တွေကလည်း ထောက်ပြခဲ့ပါတယ်။ ဒါပေမယ့် ဗဟိုဘဏ်အနေနဲ့ Speculation ကြောင့် လည်းကောင်း၊ Seasonal ကြောင့် လည်းကောင်း၊ အခုလိုယာယီအားဖြင့် ငွေလဲလှယ်နှုန်း လွန်စွာမြင့်မားမှုကို ဝင်ရောက် Cushion ပြုလုပ်ပေးခြင်းဖြင့် ငွေလဲလှယ်နှုန်း အတက်၊ အကျ မြင့်မားမှုကို သက်သာစေနိုင်ပါတယ်။ သီအိုရီအရ ခြုံငုံသုံးသပ်ရရင် ငွေတန်ဖိုးကျဆင်းမှုမှာ စိုးရိမ်စရာ၊ ကြောက်စရာမဟုတ်ပါဘူး။ ဥပမာအားဖြင့် ခေါင်းကိုက်ခြင်းဟာ ဝေဒနာမဟုတ်ပါဘူး။ ဝေဒနာတစ်ခုကြောင့် ခေါင်းကိုက်ခြင်းဖြစ်ပါတယ်။ ဥပမာ နှလုံးရောဂါ သို့မဟုတ် သွေးအားနည်းရောဂါကြောင့် ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ခေါင်းကိုက်ရင် လတ်တလောသက်သာစေဖို့ ပါရာစီတမော သောက်ရမှာဖြစ်ပေမယ့် အရင်းခံဖြစ်တဲ့ နှလုံးရောဂါကုသမှသာ ခေါင်းကိုက် ပျောက်ကင်းမှာ ဖြစ်ပါတယ်။ ယခုငွေလဲလှယ်နှုန်းမြင့်တက်ပြီး ကျပ်ငွေတန်ဖိုး ကျဆင်းခြင်းရဲ့ အရင်းခံပြဿနာကို ကုစားဖို့လိုအပ်ပါတယ်။ Structural Problem ကို ရှာဖွေရမှာဖြစ်ပြီး ငွေလဲလှယ်နှုန်းကျဆင်းတိုင်း ဗဟိုဘဏ်က ကာကွယ်ရမယ်လို့ သုံးသပ်ခြင်းက မမှန်ကန်ပါဘူး။ ကျပ်ငွေတန်ဖိုးကျဆင်းရခြင်းမှာ Structural Problem ကို Adjusting Factor တစ်ခုသာဖြစ်လို့ မိမိတို့အနေနဲ့ ဝင်ရောက်ကိုင်တွယ်ဖို့ မလိုပါဘူး။ ဒီအချက်က အရေးကြီးပါတယ်။

**ကွာဟချက်မြင့်မား**

မိမိရဲ့ အတွေ့အကြုံအရ ၂၀၁၂ ခုနှစ်မတိုင်ခင်က တရားဝင်ငွေလဲလှယ်နှုန်းက တစ်ဒေါ်လာ ၆ ကျပ်ရှိခဲ့ပါတယ်။ ထိုအချိန်က ပြင်ပဈေးကွက်မှာ ငွေလဲလှယ်နှုန်းက လွန်စွာမြင့်မားခဲ့လို့ ဖမ်းဆီးမှုတွေ ပြုလုပ်ခဲ့ပေမယ့် မရဘဲ နောက်ပိုင်းမှာ ကွာဟချက်က မြင့်မားဆဲဖြစ်ခဲ့ပါတယ်။ ဒုတိယအချက်က ၂၀၁၂ ခုနှစ် ဧပြီလမှာ တရားဝင်ငွေလဲလှယ်နှုန်းနဲ့ တရားမဝင်ငွေလဲလှယ်နှုန်းကို ပေါင်းစည်းတဲ့ Exchange Rate Unification ပြုလုပ်ခဲ့ပါတယ်။ စတင်တဲ့အချိန်မှာ ကုန်သွယ်မှုကိုကြည့်ပါက ၂၀၀၆-၂၀၀၇ မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အထိ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကနေ သုံးဘီလီယံအထိ Trade Surplus ပေါ်ခဲ့ပါတယ်။ ဒါကြောင့် Exchange Rate Unification မပြုလုပ်မီ လုပ်သင့်၊ မလုပ်သင့်ကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ အပါအဝင် စဉ်းစားခဲ့ကြရာ မိမိတို့ငွေကြေးက အလွန်ခိုင်မာခဲ့သဖြင့် Exchange Rate Unification ပြုလုပ်ခဲ့ရပါတယ်။ အဲဒီအချိန်က ကနဦးအနေနဲ့ အမေရိကန်တစ်ဒေါ်လာကို ကျပ် ၈၂၀ အထိ သတ်မှတ်ခဲ့ပြီး ဈေးကွက်မှာ အမေရိကန်တစ်ဒေါ်လာကို ကျပ် ၇၈၀ အထိ ကျဆင်းခဲ့လို့ ငွေကျပ် တန်ဖိုးခိုင်မာမှုရှိခဲ့တယ်။ အကြောင်းက Trade Surplus ပေါ်ခဲ့၍ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ကစပြီး ကုန်သွယ်မှုလိုငွေပေါ်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကုန်သွယ်မှုလိုငွေမှာ သိသိသာသာ ဖြစ်ပေါ်ခဲ့ပါတယ်။ အခုဆို ကုန်သွယ်မှုလိုငွေက အမေရိကန်ဒေါ်လာ သုံးဘီလီယံမှ ငါးဘီလီယံကြားဖြစ်ပေါ်နေပါတယ်။ ပြောချင်တဲ့ အဓိကအချက်က ငွေလဲလှယ်နှုန်းကို ထိန်းချုပ်ထားလို့ မရပါဘူး။ ငွေလဲလှယ်နှုန်းက ဈေးကွက်ရဲ့ ဝယ်လိုအားနဲ့ ရောင်းလိုအားအရ ပြောင်းလဲခြင်းဖြစ်လို့ ဝယ်လိုအားနဲ့ ရောင်းလိုအားကို လွှမ်းမိုးထားတဲ့ Factor တွေကိုသာ မိမိတို့က လိုက်ပြင်ရမှာဖြစ်ပါတယ်။ မပြင်နိုင်ရင် ဒီငွေလဲလှယ်နှုန်းကို လက်ခံပေးဖို့လိုပါတယ်။ လက်ခံမပေးနိုင်ဘဲ ငွေလဲလှယ်နှုန်းမြင့်တက်မှုကို ကျဆင်းဖို့ အတင်းပြုလုပ်ရင် နောက်ဆုံးငွေလဲလှယ်နှုန်းကျဆင်းအောင် မပြုလုပ်နိုင်ဘဲ ဗဟိုဘဏ်အနေနဲ့ ဆုံးရှုံးမှုသာရင်ဆိုင်ရမှာဖြစ်ပါတယ်။

**လက်ခံဖို့မသင့်**

ငွေလဲလှယ်နှုန်းကျဆင်းတိုင်း မကောင်းဟုမဆိုလိုနိုင်ပါဘူး။ ဒါပေမယ့် အခုလို တစ်လ၊ နှစ်လအတွင်း ခုနစ်ရာခိုင်နှုန်းမှ ရှစ်ရာခိုင်နှုန်းအထိ ကျပ်ငွေတန်ဖိုးကျဆင်းပြီး ငွေလဲလှယ်နှုန်း Volatile ဖြစ်ပေါ်ခြင်းကိုမူ လက်ခံဖို့မသင့်ပါဘူး။ အရေးကြီးတာက ငွေလဲလှယ်နှုန်း တည်တည်ငြိမ်ငြိမ်ဖြစ်ဖို့လိုပါတယ်။ တည်ငြိမ်တယ်လို့ ဆိုရာမှာ ငွေလဲလှယ်နှုန်းမြင့်တက်ပါက ဖြည်းဖြည်းချင်းမြင့်တက်သွားပြီး ကျဆင်းပါကလည်း ဖြည်းဖြည်းချင်းကျဆင်းတာကို ဆိုလိုပါတယ်။ ဒါကြောင့် ငွေလဲလှယ်နှုန်းကို ဈေးကွက်အတိုင်းထားခြင်းက အကောင်းဆုံးဖြစ်ပါတယ်။ မိမိတို့ကို အကြံပေးတဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့အနေနဲ့ Currency SWAP အစီအစဉ်ကို ပြုလုပ်ဖို့ သိပ်သဘောမတူပါဘူး။ ဗဟိုဘဏ်အနေနဲ့ ဈေးကွက်ကို ဝင်ရောက်ခြင်းမပြုဘဲ ဈေးကွက်လဲလှယ်နှုန်းအတိုင်း လွှတ်ထားဖို့၊ ဈေးကွက်က သူ့ဟာသူ Settle ဖြစ်ပါစေလို့ အကြံပြုပါတယ်။ ဗဟိုဘဏ်အနေနဲ့ ဘယ်လိုအခြေအနေမှာ ဈေးကွက်ကို ဝင်ရောက်သင့်တယ်၊ မသင့်ဘူးဆိုတာကို ရှင်းပြခြင်းဖြစ်ပါတယ်။ ဗဟိုဘဏ်အနေနဲ့ အတိုင်းအတာ တစ်ခုထက်ပိုပြီး ဝင်ရောက်စွက်ဖက်လို့ မသင့်ပါဘူး။ Volatile ဖြစ်နေချိန်မှာ ဈေးကွက်အတွင်း အတင်းဝင်ရောက် ရောင်းဝယ်ခြင်းမပြုဘဲ နောက်ပိုင်းကနေ မူဝါဒကို ထိန်းညှိပြုလုပ်ပေးခြင်းဖြင့် ငွေလဲလှယ်နှုန်း တည်ငြိမ်ရေး ဆောင်ရွက်ဖို့ အရေးကြီးပါတယ်။

**ခံနိုင်ရည်ရှိရန် ပြင်ဆင်ထား**

Exchange Rate Unification စတင်ခဲ့စဉ်က အမေရိကန်တစ်ဒေါ်လာကို ကျပ် ၈၂၀ သတ်မှတ်ခဲ့တာကို Exporter များက ပေါက်ကွဲခဲ့ပြီး အမေရိကန်တစ်ဒေါ်လာကို ကျပ် ၁၀၀၀ သတ်မှတ်သင့်တယ်လို့ အဆိုပြုခဲ့ပါတယ်။ တစ်ဖန်ငွေလဲလှယ်နှုန်းကို ဈေးကွက်မှာ အမေရိကန်တစ်ဒေါ်လာကို ကျပ် ၇၈၀ ခန့် ကျဆင်းသွားချိန်မှာ ပို့ကုန်လုပ်ငန်းတွေကို ဗဟိုဘဏ်က ဝင်ရောက်ဖြေရှင်းပေးဖို့ တောင်းဆိုခဲ့ပါတယ်။ မိမိတို့က မလုပ်ပေးခဲ့ပါဘူး။ နောက်ပိုင်းခြောက်လမှ တစ်နှစ်ခန့်မှာ အမေရိကန်တစ်ဒေါ်လာကို ကျပ် ၁၀၀၀ ပတ်ဝန်းကျင်ဖြစ်ခဲ့ပါတယ်။ ငွေကျပ်တန်ဖိုးကျဆင်းရင် ပို့ကုန်လုပ်ငန်းရှင်တွေ ပျော်ပြီးငြိမ်နေသော်လည်း သွင်းကုန်လုပ်ငန်းရှင်တွေ ဈေးကြီးလို့ ညည်းတွားမှုတွေရှိပါတယ်။ ထိုနည်းတူ ငွေကျပ်တန်ဖိုးမြင့်မားလာရင် ပို့ကုန်လုပ်ငန်းရှင်တွေ ညည်းတွားပါတယ်။ ဒါကြောင့် ငွေလဲလှယ်နှုန်းကျသည် ဖြစ်စေ၊ တက်သည် ဖြစ်စေ ဝေဖန်မှုတွေရှိမှာဖြစ်လို့ ဗဟိုဘဏ်အနေနဲ့ ခံနိုင်ရည်ရှိဖို့ ပြင်ဆင်ထားပါတယ်။

တချို့ကိစ္စတွေက နည်းပညာဆန်လို့ သာမန်လူနားလည်စေဖို့ ရှင်းပြရေးမှာခက်ခဲပြီး မလွယ်ကူပါဘူး။ ဒါပေမယ့် ဗဟိုဘဏ်အနေနဲ့ နားလည်အောင် ရှင်းပြဖို့ တာဝန်ရှိလို့ ယခုလို ရှင်းလင်းပေးရခြင်းဖြစ်ပါတယ်။ မိမိတို့အနေနဲ့ Technical သဘောတရားကို သာမန်လူများ အတိုင်းအတာတစ်ခုအထိ နားလည်စေဖို့ ရှင်းပြပေးမှာ ဖြစ်ပါတယ်။ အဓိကက ဈေးကွက်ကို ဘယ်သူမှဆန့်ကျင်လို့ မရပါဘူး။ ဈေးကွက်ရဲ့ ဝယ်လိုအားနဲ့ ရောင်းလိုအား အရဖြစ်ပေါ်မှုကို ခွင့်ပြုရမှာဖြစ်ပါတယ်။ ဗဟိုဘဏ်အနေနဲ့ ဝယ်လိုအားနဲ့ ရောင်းလိုအားကို ထိန်းညှိနိုင်တဲ့အချက်ကို အခြားဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ပေးသွားမယ့်အပြင် ဗဟိုဘဏ်ကိုယ်တိုင် ဖြည့်ဆည်းပေးနိုင်မယ့် အခြေအနေတွေကို တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူများအနေနဲ့ လက်ရှိအခြေအနေကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်သွားဖို့နဲ့ စိတ်ရှည်သည်းခံပြီး စောင့်ဆိုင်းသွားဖို့လိုပါတယ်။ ။

**သတင်းအဖွဲ့**

**မြန်မာနိုင်ငံ၌ ငွေကြေးတန်ဖိုးကျဆင်းချိန်မှာ ဗဟိုဘဏ်က ဘာမှမလုပ်ဘူးလားလို့ ဝေဖန်တာကိုခံရပါတယ်။ မိမိတို့အနေနဲ့လည်း ဒီလိုဝေဖန်မှုကို လက်ခံရမယ့်အဖွဲ့အစည်းဖြစ်လို့ လက်ခံပါတယ်။ ဒါပေမယ့် ငွေတန်ဖိုးကျဆင်းတိုင်းသာ ဗဟိုဘဏ်အနေနဲ့ ဝင်ရောက် အထောက်အပံ့ပြုနေရင် စီးပွားရေးက တိုးတက်တော့မှာမဟုတ်ပါဘူး။ ယခုလို ငွေလဲလှယ်နှုန်း မြင့်မားခြင်းကို လွှတ်ပေးဖို့နဲ့ ငွေလဲလှယ်နှုန်းဟာ ဈေးကွက်ရဲ့ ဝယ်လိုအားနဲ့ ရောင်းလိုအား အတိုင်း ရှိနေပါစေလို့ ပညာရှင်တွေကလည်း ထောက်ပြခဲ့ပါတယ်။**

# မြန်မာ့သိုင်းစုံညီပွဲတော် မုံရွာမြို့တွင် ကျင်းပမည်

**မုံရွာ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးရှိ မြန်မာ့သိုင်းချစ်မြတ်နိုးသူများအဖွဲ့က ဦးစီး၍ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြန်မာ့သိုင်းစုံညီပွဲတော်ကို ဩဂုတ် ၂၆ ရက် နံနက် ၈ နာရီတွင် မုံရွာမြို့ရှိ တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

"စုံညီပွဲတော်ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက မြန်မာ့သိုင်းပညာရှင်တွေ ပါဝင် တက်ရောက်ပြသနိုင်ပါတယ်။ တက်ရောက်ပြသမယ့် သိုင်းပညာရှင်တွေအနေနဲ့ လာရောက်မယ့် အင်အား၊ အမည်စာရင်းကို ဩဂုတ် ၂၄ ရက် နောက်ဆုံးထားပေးပို့ကြဖို့ နှိုးဆော်ထားပါတယ်" ဟု မြန်မာ့သိုင်းချစ်မြတ်နိုးသူများအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်းက ပြောသည်။

စုံညီပွဲတော်သို့ တက်ရောက်ကြမည့် သိုင်းပညာရှင်များ၏ စုံညီပွဲတော်ကာလ ဩဂုတ် ၂၄ ရက်မှ ၂၈ ရက်အထိ နေထိုင်စားသောက်စရိတ်ကို တိုင်းဒေသကြီး မြန်မာ့သိုင်း ချစ်မြတ်နိုးသူများအဖွဲ့က ကျခံပေးသွားမည်ဖြစ်ပြီး ခရီးစရိတ်ကို မိမိတို့အစီအစဉ်ဖြင့် ကျခံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်အနေဖြင့်လည်း မုံရွာမြို့တွင် ကျင်းပမည့် မြန်မာ့သိုင်းစုံညီပွဲတော်သို့ မြန်မာ့သိုင်းပညာစဉ်များ၏ ပညာခန်းများကို သရုပ်ပြသွားရန် စီစဉ်နေကြောင်း သိရသည်။

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အလုပ်အမှုဆောင် အစည်းအဝေးကို ဩဂုတ် ၂၂ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ သိုင်းခန်းမ၌ကျင်းပရာ အစည်းအဝေးတွင် အမှုဆောင်အဖွဲ့အသစ် ပြန်လည်ရွေးချယ်ရေးကိစ္စ၊ ရွေးကောက်ပွဲကော်မရှင် အတည်ပြုထားခြင်းကိစ္စ၊ ရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေများ၊ မြန်မာ့သိုင်းပညာ တိုးတက်ပြန့်ပွားရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာလတွင် ကျင်းပမည့် (၁၉) ကြိမ်မြောက် အာဆီယံတက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ၏ ဗိုဗီနမ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့သိုင်းပညာစဉ်များ သရုပ်ပြသနိုင်ရေးနှင့် အခြားအခမ်းအနားများတွင်လည်း မြန်မာ့သိုင်းပညာသရုပ်ပြအစီအစဉ်များကို စဉ်ဆက်မပြတ် ပြသနိုင်ရေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



ဩဂုတ် ၂၃ ရက်က ဂန့်ဂေါမြို့တွင် လူထုအခြေပြုဗဟိုဌာနအဖြစ် ဖွင့်လှစ်ထားရှိသည့် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံမှ မြို့နယ်သူနာပြုကြီး (၁) ဒေါ်လူစီ၊ ကျောင်းကျန်းမာရေးဆရာမ ဒေါ်စန်းစန်းဝင်း၊ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ယောလှီးတို့ ကျန်းမာရေးအတွက် အာဟာရပညာပေး ကဏ္ဍအလိုက် ဟောပြောဆွေးနွေးကြစဉ်။ **ခရိုင်(ပြန်/ဆက်)**

# ဂျပန်လေတပ်တွင် ပထမဆုံးအကြိမ် အမျိုးသမီးတစ်ဦး တိုက်လေယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်မည်

**တိုကျို ဩဂုတ် ၂၃**

ဂျပန်နိုင်ငံသည် မကြာမီကာလအတွင်း ပထမဆုံးသော အမျိုးသမီးတိုက်လေယာဉ်မှူး တစ်ဦးကို ရရှိတော့မည်ဖြစ်ကြောင်း ဂျပန်တပ်မတော်က ဩဂုတ် ၂၃ ရက်တွင် ပြောကြားသည်။

အသက် ၂၆ နှစ်အရွယ်ရှိ ဒုတိယဗိုလ် မီဆာမတ်ဆုရှိမာသည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏လေတပ်တွင် သင်တန်းတက်ရောက်ခဲ့ရာ ဩဂုတ် ၂၂ ရက်တွင် ပြီးမြောက်ခဲ့သည်။ ယင်းတပ်ဖွဲ့တွင် အက်ဖ်-၁၅ အမျိုးအစား ဂျက်တိုက်လေယာဉ်ကို မောင်းနှင်ရသည့် လေသူရဲအဖြစ် ဩဂုတ် ၂၄ ရက်တွင် ခန့်အပ်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

တော့ပ်ဂန်း(Top Gun)အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို မိမိမူလတန်းကျောင်းသူအရွယ်ကပင် ကြည့်ရှုခဲ့ဖူးပြီး ဂျက်တိုက်လေယာဉ်မှူးများကို အမြဲလေးစားအားကျကြောင်း ဒုတိယဗိုလ် မီဆာမတ်ဆုရှိမာက ဒေသဆိုင်ရာ သတင်းမီဒီယာများအား ပြောကြားသည်။ ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးလေတပ်ဖွဲ့သည် ဂျက်တိုက်လေယာဉ်များနှင့် ထောက်လှမ်းရေးလေယာဉ်များ၏ လေယာဉ်မှူးနေရာများမှအပ အမျိုးသမီးများကို လေတပ်၏ လုပ်ငန်းနေရာဌာနမျိုးစုံ၌ တာဝန်ထမ်းဆောင်ခွင့်ပြုရန် ၁၉၉၃ ခုနှစ်ကပင် ဆုံးဖြတ်ခဲ့သည်။

သို့သော် ၂၀၁၅ ခုနှစ်တွင် အဆိုပါကန့်သတ်ချက်ကို ဖြေလျှော့ပေးခဲ့ခြင်းကြောင့် လမ်းပွင့်သွားခဲ့ပြီး မတ်ဆုရှိမာသည် လက်ရွေးစင်တိုက်လေယာဉ်မှူးအုပ်စုတွင် ပါဝင်ခွင့်ရရှိခဲ့သည်။ အခြားအမျိုးသမီးသုံးဦးသည်လည်း လတ်တလောတွင် တိုက်လေယာဉ်မှူး သင်တန်းကို တက်ရောက်လျက်ရှိကြသည်။

အင်အား ၂၂၈၀၀၀ ရှိသော ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့တွင် အမျိုးသမီးစစ်မှုထမ်းဦးရေမှာ ၆ ဒသမ ၄ ရာခိုင်နှုန်း ခန့်သာရှိသည်။ **အေအက်ဖ်ပီ**



# အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးပဋိပက္ခ ပြေလျော့စေရန် တရုတ်မျှော်လင့်

**ပေကျင်း ဩဂုတ် ၂၃**

တရုတ်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံစုံပါဝင်သော ကုန်သွယ်ရေးစနစ်တစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် လိုအပ်သော လုပ်ဆောင်ချက်များကို ချမှတ်လုပ်ဆောင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။

တရုတ် သွင်းကုန်ပစ္စည်းများအပေါ် ပြင်းထန်သော စည်းကြပ်ခွန်များ ဒုတိယအကြိမ်ကောက်ခံရန် အမေရိကန်အစိုးရအဖွဲ့က ဩဂုတ် ၂၃ ရက်အစောပိုင်းတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်ချမှတ်ပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လုကန်က အထက်ပါအတိုင်း မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။



တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လုကန်

ဩဂုတ် ၂၂ ရက်တွင် ဝါရှင်တန်မြို့၌ အမေရိကန်နှင့်တရုတ်တာဝန်ရှိသူများ၏ ကုန်သွယ်မှုစည်းကြပ်ခွန်ကောက်ခံရေးနှင့်ပတ်သက်ပြီး အပြန်အလှန်ဆွေးနွေးမှုများသည် နှစ်နိုင်ငံကုန်သွယ်ရေး ပဋိပက္ခကို ပြေလျော့စေရန် မျှော်လင့်ပါကြောင်း ပြောရေးဆိုခွင့်ရှိသူ လုကန်က ဆိုသည်။

တရုတ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှုပြဿနာများ ဖြေရှင်းနိုင်ရေးအတွက် အပြုသဘောဆောင်သည့် ရလဒ်ကောင်းများ ထွက်ပေါ်လာစေရန် အမေရိကန်အနေဖြင့် လက်တွေ့ကျသော သဘောထားကိုင်ဆောင်ပြီး ဆွေးနွေးပွဲစကားဝိုင်းဆီသို့ ပြန်လည်ရောက်ရှိရန် မျှော်လင့်ပါကြောင်း ပြောရေးဆိုခွင့်ရှိသူ လုကန်က ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှု ရည်မှန်းချက်အမီ ဘရာဇီးလျှော့ချနိုင်မည်ဟုဆို

**ရီယိုဒီဂျနေရို ဩဂုတ် ၂၃**

ပါရီသဘောတူညီချက်ပါ ရည်မှန်းချက်များနှင့်အညီ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးရည်မှန်းချက်ကို သတ်မှတ်ထားသည့် ကာလမရောက်မီမှာပင် ပေါက်မြောက်အောင် အကောင်အထည်ဖော်နိုင်မည်ဟု မိမိတို့နိုင်ငံက ရှုမြင်ကြောင်း ဘရာဇီးနိုင်ငံပတ်ဝန်းကျင်ရေးရာဝန်ကြီး အက်ဒ်ဆင်ဒွာတေးက နိုင်ငံပိုင်သတင်းဌာနသို့ ပြောကြားသည်။

ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့၌ ပြုလုပ်သော နိုင်ငံတကာနှီးနှောဖလှယ်ပွဲတစ်ရပ်တွင် ဝန်ကြီး ဒွာတေးက အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။

ဘရာဇီးနိုင်ငံ၏ ပြည်သူ့ရေးရာမူဝါဒအရ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကို တန်ချိန် ၂ ဒသမ ၆ သန်းအထိ လျှော့ချနိုင်ခဲ့ပြီဖြစ်ကြောင်း ၎င်းကပြောကြားသည်။ **အေအက်ဖ်ပီ**

# ကေရာလာပြည်နယ် ရေဘေးကယ်ဆယ်ရေးငွေကြေးအကူအညီ အိန္ဒိယဗဟိုအစိုးရအဖွဲ့က လက်ခံခြင်းမရှိ

**နယူးဒေလီ ဩဂုတ် ၂၃**

ရေဘေးဒဏ်ခံစားခဲ့ရသော ကေရာလာပြည်နယ်အတွက် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)က ရူပီးကုဋေ ၇၀၀ (ဒေါ်လာသန်း ၁၀၀) အကူအညီပေးရန် ကမ်းလှမ်းခဲ့သော်လည်း ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ၏အစိုးရအဖွဲ့က အဆိုပါရေဘေးအကူအညီကို လက်ခံမည်မဟုတ်ဟု ပြည်နယ်အစိုးရအား အကြောင်းပြန်ကြားခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ရေဘေးဒဏ်မှ ပြန်လည်ထူထောင်ရေးအတွက် ယူအေအီးနိုင်ငံ၏ ကမ်းလှမ်းချက်ကို ပယ်ချခြင်းမပြုသင့်ဟု ကေရာလာပြည်နယ်ရှိ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များက တိုက်တွန်းပြောကြားခဲ့ကြသည်။

ဗဟိုအစိုးရအဖွဲ့၏ ရပ်တည်ချက်နှင့် ပတ်သက်၍ မိမိတို့ စိတ်မသက်မသာ ဖြစ်ရကြောင်း ကေရာလာ ပြည်နယ်၏ အာဏာရ လက်ဝဲတပ်ဦးပါတီနှင့် အတိုက်အခံ ကွန်ဂရက်ပါတီတို့မှ ခေါင်းဆောင်များက ပြောကြားကြသည်။

ပြည်ပမှ လှူဒါန်းမှုများကို လက်ခံနိုင်စေရေးအတွက် တည်ရှိပြီးသော ဥပဒေစည်းမျဉ်းများကို ပြင်ဆင်ပြောင်းလဲသင့်ကြောင်း ကာကွယ်ရေးဝန်ကြီးဟောင်း အေကေ အန်ထော်နီက ပြောကြားသည်။

ရေဘေးအန္တရာယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်သည့် မူဝါဒအရ ပြည်ပအကူအညီကို လက်ခံမည်မဟုတ်ကြောင်း၊ ပြည်ပငွေကြေးကို အိန္ဒိယလူမျိုးတစ်ဦးချင်း သို့မဟုတ် ဖောင်ဒေးရှင်းများမှတစ်ဆင့်သာ လှူဒါန်းခွင့်ရှိကြောင်း ဗဟိုအစိုးရအဖွဲ့က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသား သုံးသန်းခန့်သည် ယူအေအီးနိုင်ငံ၌ နေထိုင်ကာ အလုပ်လုပ်ကိုင်လျက် ရှိကြသည်။ ဖော်ပြပါဦးရေအနက် ၈၀ ရာခိုင်နှုန်းမှာ ကေရာလာပြည်နယ်မှ ဖြစ်ကြသည်။

ကေရာလာပြည်နယ်သည် ရာစုနှစ်တစ်စုတာကာလအတွင်း အဆိုးရွားဆုံး ရေဘေးဒဏ်ကို ခံစားခဲ့ရသည်။ ယင်းပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၂၃၁ ဦးသေဆုံးခဲ့ပြီး လူပေါင်း ၁၄၀၀၀၀၀ မှာ အိုးအိမ်များကို စွန့်ခွာကာ ရေဘေးလွတ်ရာသို့ တိမ်းရှောင်ခဲ့ကြရသည်။

**အေအက်ဖ်ပီ**



# ဂျပန်နိုင်ငံတွင် တိုင်ဖုန်းမုန်တိုင်း ဆီမာရွန် တိုက်ခတ်

**ကျိုတို ဩဂုတ် ၂၃**

ဂျပန်နိုင်ငံအနောက်ဘက် ရှီကိုကူကျွန်းအား ဦးတည်၍ တိုင်ဖုန်းမုန်တိုင်း ဆီမာရွန် တိုက်ခိုက်လျက်ရှိရာ တိုကုရှီမာ စီရင်စုတောင်ဘက်ပိုင်းတွင် မြေပြိုမှုများဖြစ်ပေါ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ တာဝန်ရှိသူများက မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှု အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန် ဒေသန္တရပြည်သူများအား သတိပေးချက်များ ထုတ်ပြန်ကြေညာထားသည်။

တိုင်ဖုန်းမုန်တိုင်း ဆီမာရွန်သည် တစ်နာရီ လေတိုက်နှုန်း ကီလိုမီတာ ၉၀ (၅၆ မိုင်)နှုန်းဖြင့် မြောက်ဘက်စူးစူးသို့ ရွေ့လျားတိုက်ခတ်လျက်ရှိရာ ချူဂိုကုနှင့် ကင်ကီဒေသများသို့ တဖြည်းဖြည်းနီးကပ်လာကြောင်း မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ တာဝန်ရှိသူများက ဆိုသည်။

အဆိုပါ တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဒေသတွင်း ပို့ဆောင်ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြတ်တောက်သွားပြီး လေကြောင်းလိုင်း ၃၀၀ ကျော်ကို ဖျက်သိမ်းလိုက်ရကြောင်း သိရသည်။ ထို့ပြင် အိုဆာကာနှင့် ဟီရိုရှီးမားမြို့သို့ ပြေးဆွဲလျက်ရှိသည့် ရှင်ကန်ဆန် ကျည်ဆန်ရထားပြေးဆွဲမှုကိုလည်း ယာယီရပ်တန့်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# ဂိုးသမားဘရာဗို ဒဏ်ရာရရှိခဲ့ခြင်းကြောင့် အငှားချထားသည့် အေရိုမူရစ်ကို မန်စီးတီး ပြန်ခေါ်ယူ

မန်စီးတီးအသင်းသည် လက်ရှိဂိုးသမား ကလော်ဒီယို ဘရာဗို ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရခြင်းကြောင့် နယ်သာလန်ကလပ် အန်အေစီဘရီဒါအသင်းတွင် အငှားချထားသည့် အသက် ၁၉ နှစ်အရွယ်ရှိ ဂိုးသမား အေရိုမူရစ်ကိုပြန်လည်ခေါ်ယူခဲ့ကြောင်း သိရသည်။

ချီလီကြယ်ပွင့် ဘရာဗိုသည် တနင်္လာနေ့က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာပြဿနာကြုံခဲ့ရခြင်းဖြစ်သည်။

မွန်တီနီဂရိုး အသက် ၂၁ နှစ်အောက် ဂိုးသမား အေရိုမူရစ်သည် နယ်သာလန်ကလပ်သို့ တစ်ရာသီအငှားစာချုပ်ဖြင့် သွားရောက်ကစားနေသူဖြစ်သည်။

သို့ရာတွင် မန်စီးတီးအသင်း ဂိုးသမား ဘရာဗိုမှာ ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရပြီးနောက် မန်စီးတီးအသင်း၏ ခေါ်ယူမှုကြောင့် ဩဂုတ် ၂၃ ရက်တွင် မန်စီးတီးအသင်းသို့ အေရိုမူရစ် ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ဂိုးသမား အေရိုမူရစ်သည် မန်စီးတီးအသင်းက ပရီမီယာလိဂ်ပွဲစဉ် ၃ တွင် ဝုလ်ဗာဟမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ ယင်းပွဲစဉ်မတိုင်မီ မန်စီးတီးအသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်လာမည်ဖြစ်ကြောင်းလည်းသိရသည်။

အသက် ၃၅ နှစ်အရွယ်ရှိ မန်စီးတီးအသင်း ဂိုးသမား ဘရာဗိုသည် ၎င်းရရှိခဲ့သည့် ဒဏ်ရာကို ကုသရန်အတွက် ဘာစီလိုနာမြို့သို့ သွားရောက်မည်ဖြစ်ပြီး ဒဏ်ရာပြဿနာကြောင့် လပေါင်းများစွာမန်စီးတီးအသင်းတွင် ပွဲထွက်ကစားနိုင်မည်မဟုတ်ကြောင်းလည်းသိရသည်။

ဂိုးသမား အေရိုမူရစ်သည် ၂၀၁၅ ခုနှစ်က ဆွစ်ဇာလန်ကလပ် ဂရက်ရှော့ပါအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး တတိယဦးစားပေးကစားသမားအဖြစ်သာ ပွဲထွက်ခဲ့ရသူဖြစ်ကာ လက်ရှိတွင် မန်စီးတီးအသင်းတွင် ပွဲထွက်ကစားခွင့်ရရှိတော့မည်ဖြစ်သည်။

ငွေကြယ် - ရေးသားသည်

# တိုက်စစ်မှူး အိုရီဂီ၏ အပြောင်းအရွှေ့နှင့်ပတ်သက်၍ လီဗာပူးအသင်းနှင့် ဒေါ့မွန်အသင်း ဆွေးနွေးလျက်ရှိ




လီဗာပူးအသင်းနှင့် ဒေါ့မွန်အသင်းတို့သည် တိုက်စစ်မှူး အိုရီဂီ၏ အပြောင်းအရွှေ့ နှင့် စပ်လျဉ်း၍ ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ ဥရောပအပြောင်းအရွှေ့ ဈေးကွက်သည် ဩဂုတ် ၃၁ ရက်တွင် ပိတ်သိမ်းမည်ဖြစ်ရာ အဆိုပါဈေးကွက် မပိတ်သိမ်းမီကာလအတွင်း တိုက်စစ်မှူး အိုရီဂီအား ခေါ်ယူနိုင်ရေးအတွက် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းက ပစ်မှတ်ထားနေခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် တိုက်စစ်မှူး အိုရီဂီအား ပြီးခဲ့သည့် ဘောလုံးရာသီက ဝုလ်စ်ဘတ်အသင်းသို့ အငှားချထားခဲ့ခြင်းဖြစ်ပြီး နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ရောင်းချရန် စီစဉ်ခဲ့သည်။

သို့ရာတွင် ဒေါ့မွန်အသင်းအနေဖြင့် တိုက်စစ်မှူး အိုရီဂီအား အငှားစာချုပ်ဖြင့်သာ ခေါ်ယူလို ကြောင်းပြောကြားခဲ့သည်။ အသက် ၂၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး အိုရီဂီသည် ၂၀၁၄ ခုနှစ်က လိုင်လီအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လီဗာပူးအသင်းနှင့်အတူ ပွဲပေါင်း ၂၅ ပွဲပါဝင်ကစားပေးခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီက ဝုလ်စ်ဘတ်အသင်းနှင့် အတူ ၃၆ ပွဲအထိပါဝင်ကစားပေးခဲ့သူဖြစ်သည်။ ယင်းသို့ ၃၆ ပွဲပါဝင်ကစား ပေးခဲ့ရာတွင် သွင်းဂိုးခုနစ်ဂိုးအထိသွင်းယူနိုင်ခဲ့သူဖြစ်သည်။ ထို့ကြောင့် လီဗာပူးအသင်းက တိုက်စစ်မှူး အိုရီဂီ၏ အပြောင်းအရွှေ့နှင့် စပ်လျဉ်း၍ ယူရိုသန်း ၃၀(ပေါင် ၂၇ သန်း)သတ်မှတ်ထားကြောင်း သိရသည်။

# ဘောလုံးလောကသတင်းတိုများ

- အာဆင်နယ်အသင်း၏ ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် တယ်ရီဟင်နရီသည် ဘော်ဒိုးအသင်းနည်းပြဖြစ်လာရန်အတွက် ဘော်ဒိုးအသင်းပိုင်ရှင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။
- **မစ်ဒယ်ဘရော့အသင်းသည် အဲဗာတန်အသင်းမှ အသက် ၂၅ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား မိုဘီဆစ်အား အငှားစာချုပ်ဖြင့် ခေါ်ယူရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။**
- ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်သည် ကွင်းလယ်ကစားသမား ပွန်ချီယွန်အား ဒဏ်ရာပြဿနာမှ ပြန်လည်ကောင်းမွန်လာခဲ့ပါက အငှားဖြင့် ထွက်ခွာခွင့်ပြုရန် စီစဉ်ထားကြောင်း သိရသည်။
- **မန်စီးတီးအသင်းသည် ရီးယဲလ်မက်ဒရစ်ဂိုးသမား ကီလာနားဗက်အား အရေးပေါ်အငှားစာချုပ်ဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။**

# နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အတွက် ရုန်းကန်ရမယ့် မန်ယူ

ရှိုင်းမင်းမင်း

### ၂၀၁၈-၁၉ ပရီမီယာလိဂ် ရင်ခုန်သံ - ၃

ပရီမီယာလိဂ်ပွဲစဉ် ၂ မှာ မန်ယူတို့ ဘရိုက်တန်ကို မထင်မှတ်ဘဲ အရေးနိမ့်ခဲ့ရတာကြောင့် ဒီပွဲစဉ်မှာနိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း ဆုံတွေ့ရမယ့်ပြိုင်ဘက်က စပါး ဖြစ်နေပါတယ်။ ဒါကြောင့်လည်း မန်ယူတို့ နိုင်ပွဲပြန်လည်ရယူနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရဖို့ရှိပါတယ်။

### ဝုဖ် - မန်စီးတီး (ည ၆း၀၀၊ ၂၅-၈-၁၈)

မန်စီးတီးခြေစွမ်းပိုင်းက အတော်လေးကောင်းနေပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်း စွမ်းဆောင်ရည်အတော်လေးကောင်းတယ်။ ဝုဖ်ကလည်း အသင်းကောင်းတစ်သင်းဖြစ်သလို အိမ်ကွင်းဖြစ်နေလို့ အမှတ်ရရှိအောင် အားစိုက်ကစားလာမှာဖြစ်ပေမယ့် မန်စီးတီးရဲ့ တိုက်စစ်ကိုတော့ ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ အထူးသဖြင့် ဝုဖ်ရဲ့ခံစစ်ပိုင်းက ထင်သလောက် ကျစ်လျစ်မှုမရှိပါဘူး။ မန်စီးတီးကသာ အဝေးကွင်းမှာ နိုင်ပွဲရယူသွားနိုင်မှာပါ။

### ဘုန်းမောက် - အဲဗာတန် (ည ၈း၃၀၊ ၂၅-၈-၁၈)

နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအနိုင်ရခဲ့တဲ့ ဘုန်းမောက်ရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ဘုန်းမောက်တို့ နိုင်ပွဲရအောင်အားစိုက်လာဦးမှာပါ။ အဲဗာတန်ကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့အသင်းလို့ ဆိုရမှာဖြစ်ပါတယ်။ အထူးသဖြင့် အဲဗာတန်ရဲ့ တိုက်စစ်ပိုင်းကလည်း ထိုးဖောက်ကစားပုံကောင်းမွန်တာကြောင့် ဘုန်းမောက်ကို တုံ့ပြန်နိုင်မှာပါ။ သရေကျဖို့များတဲ့ပွဲဖြစ်ပါတယ်။

### အာဆင်နယ် - ဝက်စ်ဟမ်း (ည ၈း၃၀၊ ၂၅-၈-၁၈)

အာဆင်နယ်က နှစ်ပွဲကစား နှစ်ပွဲစလုံး အရေးနိမ့်ခဲ့တာကြောင့် နိုင်ပွဲစတင်ရရှိဖို့ အားစိုက်ကစားလာမှာဖြစ်ပါတယ်။ အာဆင်နယ်အနေနဲ့ နှစ်ပွဲစလုံး အရေးနိမ့်ခဲ့ပေမယ့် အသင်းကြီးတွေနဲ့သာရင်ဆိုင်ခဲ့ရတာဖြစ်လို့ နိုင်ပွဲမရခဲ့တာဖြစ်ပါတယ်။ ဝက်စ်ဟမ်းကတော့ ခြေစွမ်းပိုင်းအားနည်းမှုတွေကြောင့်သာ နှစ်ပွဲစလုံးရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ အာဆင်နယ်ဒီပွဲတော့နိုင်ပွဲပြန်ရမှာပါ။

### ဟတ်ဒါဖီးလ် - ကာဒစ်ဖ် (ည ၈း၃၀၊ ၂၅-၈-၁၈)

ဟတ်ဒါဖီးလ်တို့ နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအရေးနိမ့်ခဲ့တာကြောင့် အခုအိမ်ကွင်းပွဲမှာ နိုင်ပွဲပြန်ရဖို့အားစိုက်လာမှာ သေချာနေပါတယ်။ ဟတ်ဒါဖီးလ်အနေနဲ့ မန်စီးတီး၊ ချယ်လ်ဆီးတို့နဲ့ရင်ဆိုင်ခဲ့ရတာကြောင့်သာ ရှုံးပွဲတွေကြုံခဲ့ရတာဖြစ်ပေမယ့် အဆိုပါနှစ်ပွဲမှာ ကိုးဂိုးအထိ ပေးခဲ့ရတဲ့ခံစစ်ပိုင်းကတော့ အားနည်းလွန်းပါတယ်။ ကာဒစ်ဖ်ကလည်း အဖွင့်ပွဲနှစ်ပွဲကစားပြီးချိန်မှာနိုင်ပွဲမရသေးတာကြောင့် အားစိုက်ကစားလာမယ့်အချက်ကိုလည်း မေ့လို့မရပါဘူး။ ကာဒစ်ဖ်တို့ သရေလောက်ကစားနိုင်မှာပါ။

### ဆောက်သမ်တန် - လက်စတာ (ည ၈း၃၀၊ ၂၅-၈-၁၈)

ဆောက်သမ်တန်အနေနဲ့ နှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးပါဘူး။ ဒါကြောင့်လည်း နိုင်ပွဲစတင်ရရှိနိုင်ဖို့ အားစိုက်ကစားလာမှာ ဖြစ်ပေမယ့် တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကတော့ အားနည်းလွန်းပါတယ်။ လက်စတာကလည်း ခြေစွမ်းပိုင်းကောင်းမွန်ပေမယ့် ဒီပွဲမှာ ဗာဒီပါဝင်နိုင်မှာမဟုတ်တာကြောင့် တိုက်စစ်ပိုင်းအားနည်းလာနိုင်ပါတယ်။ သွင်းဂိုးနည်းမယ့်ပွဲဖြစ်တယ်။

### လီဗာပူး - ဘရိုက်တန် (ည ၁၁း၃၀၊ ၂၅-၈-၁၈)

ဘရိုက်တန်က မန်ယူကိုအနိုင်ရယူနိုင်ခဲ့တဲ့ပွဲမှာခြေစွမ်းပိုင်းအရ ကောင်းမွန်ခဲ့ပါတယ်။ တိုက်စစ်ပိုင်းကစားပုံလည်း ထက်မြက်ခဲ့တာ တွေ့ရတယ်။ ဒါပေမယ့် ဘရိုက်တန်ဟာ ခံစစ်ပိုင်းကတော့ ထင်ထားသလောက်ကျစ်လျစ်မှုမရှိတာကို တွေ့ရပါတယ်။ လီဗာပူးကလည်း အိမ်ကွင်းမှာ အားစိုက်ကစားလာမှာဖြစ်သလို တိုက်စစ်ထက်မြက်မှု ရှိပါတယ်။ လီဗာပူးပဲ အနိုင်ရမယ်။

### ဝက်ဖို့ဒ် - ပဲလေ့စ် (ည ၇း၀၀၊ ၂၆-၈-၁၈)

ဝက်ဖို့ဒ်ခြေစွမ်းပိုင်းက ကောင်းမွန်နေပါတယ်။ နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအနိုင်ရထားခဲ့ပါတယ်။ တိုက်စစ်ပိုင်းကလည်း တည်ငြိမ်မှုရှိနေပြီး ခံစစ်ပိုင်းကောင်းမွန်တဲ့ ဘန်လေကိုတောင်အဝေးကွင်းမှာ သုံးဂိုးအထိ သွင်းယူနိုင်ခဲ့ပါတယ်။ ပဲလေ့စ်ကလည်း အသင်းကောင်းတစ်သင်းဖြစ်ပေမယ့် ဝက်ဖို့ဒ်ရဲ့အိမ်ကွင်းအားကိုတော့ ထိန်းချုပ်ဖို့ခက်ပါတယ်။ ပဲလေ့စ် သရေလောက်ပဲရမယ်။

### ဖူလ်ဟမ် - ဘန်လေ (ည ၉း၃၀၊ ၂၆-၈-၁၈)

ဘန်လေက အသင်းကောင်းတစ်သင်းဖြစ်ပေမယ့် ယူရိုပါလိဂ်နဲ့ ပရီမီယာလိဂ်ကြားမှာ ပွဲဆက်တွေများနေကာ ပွဲပန်းမှုတွေရှိနေပါတယ်။ အိမ်ကွင်းမှာတောင် ဝက်ဖို့ဒ်ကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတယ်။ ဖူလ်ဟမ်ကလည်း ခြေစွမ်းသာမန်သာရှိပေမယ့် အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲစတင်ရယူနိုင်ဖို့ အားစိုက်ကစားလာရင် ဘန်လေ အခက်တွေ့နိုင်ကာ သရေလောက်ပဲရမယ်။

### နယူးကာဆယ် - ချယ်လ်ဆီး (ည ၉း၃၀၊ ၂၆-၈-၁၈)

နယူးကာဆယ်တို့ နိုင်ပွဲမရသေးပေမယ့် ခြေစွမ်းပိုင်းကတော့မဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် နိုင်ပွဲစတင်ရယူနိုင်ဖို့ အားစိုက်လာမယ့်အခြေအနေမှာလည်း ရှိပါတယ်။ ချယ်လ်ဆီးကို မနှစ်ကရာသီ နောက်ဆုံးဆုံတွေ့မှုမှာလည်း ဂိုးပြတ်အနိုင်ရခဲ့ဖူးပါတယ်။ ဒါပေမယ့် လက်ရှိ ချယ်လ်ဆီးရဲ့ခြေစွမ်းကလည်း အကောင်းဆုံးဖြစ်နေကာ တိုက်စစ်မှူး မိုရာတာကအစ ဂိုးသွင်းခြေရရှိနေပါတယ်။ ချယ်လ်ဆီးနိုင်ပွဲကပ်ရမယ်။

### မန်ယူ - စပါး (နံနက် ၁း၃၀၊ ၂၇-၈-၁၈)

မန်ယူတို့ ဘရိုက်တန်ကို အရေးနိမ့်ခဲ့တာကြောင့် ဒီပွဲမှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် မာတစ်အပါအဝင် ကွင်းလယ်ကစားသမားတွေဒဏ်ရာရနေလို့ မန်ယူရဲ့ကွင်းလယ်စွမ်းဆောင်ရည်ကကျဆင်းနေပြီး စပါးရဲ့ ကွင်းလယ်ကို ထိန်းချုပ်နိုင်ဖို့တော့ ခက်ပါတယ်။ စပါးကတိုက်စစ်ပိုင်းကလည်း ကောင်းမွန်တာကြောင့် ဒီပွဲမှာ မန်ယူတို့ စပါးကို အသာရဖို့ခက်ပါတယ်။ မန်ယူအမြင့်ဆုံးသရေလောက်ပဲ ရယူနိုင်ဖို့ရှိတယ်။

# ဦးကိုနီ လုပ်ကြံခံရမှုနှင့်စပ်လျဉ်း၍ ဇေယျာဖြိုးအား လေးကြိမ်မြောက် စစ်ဆေးမှု ပြုလုပ်

**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့်ပစ်ခတ် လုပ်ကြံခံရမှုကြောင့် သေဆုံးသူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီ အမှုနှင့်ပတ်သက်၍ လူသတ်မှုဖြင့် စွဲချက်တင်ခံထားရသော သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ယနေ့နံနက် ၁၀ နာရီက ရုံးချိန်းပေါင်း ၆၉ ချိန်းမြောက် ရုံးထုတ်ခဲ့ပြီး စွပ်စွဲခံရသူ ဇေယျာဖြိုးအား လေးကြိမ်မြောက်စစ်ဆေးမှု ပြုလုပ်ခဲ့သည်။

လူသတ်မှုဖြင့် စွပ်စွဲခံရသူ ဇေယျာဖြိုးအား တရားလိုဘက်ရှေ့နေများက သက်သေခံအဖြစ် တင်သွင်းထားသော CCTV မှတ်တမ်း၊ ဖုန်းမှတ်တမ်းများ စာရွက်စာတမ်းများဖြင့် တိုက်ဆိုင်ကာ အပြန်အလှန် စစ်မေးခြင်းများ ပြုလုပ်ခဲ့ကြောင်းနှင့် ယနေ့ ရုံးချိန်ကုန်ဆုံးထိတိုင် အဓိကစစ်မေးမှုများ မပြီးဆုံးသည့်အတွက် မနက်ဖြန် ဇေယျာဖြိုးကိုသာ ဆက်လက်စစ်မေးသွားရန်ရှိသေးကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ယင်းအမှု စစ်ဆေးနေခြင်းနှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေးအရာရှိ (ယာယီ) ဒုတိယခရိုင်တရားသူကြီး-၅ ဦးမောင်မောင်အေးက "ဒီကနေ့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုနဲ့ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၁၀၉ နဲ့ စွဲချက်တင်ခံထားရသူ ဇေယျာဖြိုးကို တရားလိုဘက်ရှေ့နေများက အပြန်အလှန် စစ်မေးကြပါတယ်၊ ရုံးချိန်ကုန်ဆုံးထိတိုင် မပြီးပြတ်သေးတဲ့အတွက် မနက်ဖြန် ဩဂုတ် ၂၄ ရက် သောကြာနေ့မှာ ဇေယျာဖြိုးကိုပဲ ထပ်မံစစ်ဆေးဖို့ ချိန်းဆိုထားပါတယ်"ဟု ပြောသည်။

တရားလိုဘက်လိုက်ပါ ဆောင်ရွက်နေသော အကျိုးဆောင်တရားလွှတ်တော်ရှေ့နေ ဦးနေလက မအားလပ်သဖြင့် သေနတ်ထိမှန် သေဆုံးသူ အငှားယာဉ်မောင်း ကိုနေဝင်း သေဆုံးရခြင်းနှင့် ဇနီးအတွက် အမှုလိုက်ပါဆောင်ရွက်သူ တရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင်က သတင်းမီဒီယာများ၏ မေးမြန်းချက်များ ဖြေကြားရာတွင် "ကျွန်တော်က ဆရာဦးနေလ မအားလို့ ကိုယ်စား ဖြေပေးတာပါ၊ ဒီနေ့ ဇေယျာဖြိုးကို သက်သေခံဖုန်းမှတ်တမ်းအရ စစ်မေးခဲ့တာပါ၊ အခင်းမဖြစ်ခင် ဖုန်းခေါ်ဆိုမှုအကြိမ် သုံးလေးဆယ်လောက်တော့ရှိမယ်ဗျ၊ တရားခံပြေး အောင်ဝင်းခိုင်နဲ့ ဆက်သွယ်ပြောဆိုတာတွေ ဟောင်ကောင်မှာ တွေ့ဆုံတဲ့အကြောင်းတွေ ပါတယ်ဗျ၊ ဒီအချက်တွေက အမှုကို ခိုင်မာစေပါတယ်၊ သူက ထူးခြားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ၊ နောက်တိုးသက်သေလည်း တင်ထားပါတယ်၊ တရားရုံးက လက်ခံတယ် မခံဘူးဆိုတာက အမှုလိုက်ဥပဒေအရာရှိက မတင်သေးတာဖြစ်မယ်၊ အခုတောင် အမှုက နှစ်နှစ်လောက်ဖြစ်နေပြီဆိုတော့ နောက်ထပ် သက်သေတိုးရင်တော့ ဒီအမှုကို အစကပြန်စစ်ရင် ပိုကြာသွားနိုင်ပါတယ်၊ ရုပ်လုံးပေါ်လာပါပြီဗျ"ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၄-၈-၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ MRTV Travelogue
၈း၃၅ "မီးတစ်ပွင့်ရဲ့ရာဇဝင်" (အပိုင်း-၅)
၉း၂၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၀း၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၁း၁၀ "ဩဂုတ်လ၊ လပတ်မိုးလေဝသ အစီအစဉ်"
၁၁း၃၅ အလုပ်သမားရေးရာအစီအစဉ်
၁၂း၃၅ မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၈)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ)
၁၃း၅၀ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၃)(ဒါရိုက်တာ-ကြည်စိုးထွန်း၊ စန်းစန်းဝင်း)
၁၄း၃၅ "နင်" (အကယ်ဒမီနေအောင်၊ ကျော်ထက်အောင်၊ ပိုင်ဖြိုးသု) (ဒါရိုက်တာ-မင်းခိုက်စိုးစန်)

**ညပိုင်း**

၁၆း၂၅ "1 On 1 Football skills Challenge Cup ပြိုင်ပွဲအစီအစဉ်"
၁၇း၀၅ ကျန်းမာရေးမဂ္ဂဇင်း "ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာ"
၁၇း၂၀ Catch Asia News
၁၇း၃၀ Weekly Sport Info
၁၈း၂၀ BBC Click
၁၈း၃၀ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "နာနာဘာဝချစ်သူနှင့်အဆိုတော်တွေနေတဲ့ရွာ"
၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၉)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ "မဲဆန္ဒရှင်များရွေးကောက်ပွဲနှင့်ဥပဒေ" (ဦးမြင့်နိုင်၊ ဦးနန္ဒနေလင်း(ဒုတိယညွှန်ကြားရေးမှူး)၊ ဒေါ်နေခြည်ကျော်မင်း၊ ဒေါ်ရွှေစင်ကြည်)
-Britain's Got Talent (14)
-လက်ငင်းဝဠ် (အပိုင်း-၁) "မပြောသင့်သောအပြော" (ကြည်ရွှင်၊ မျှူးသခင်၊ ထူးမွန်၊ စုရှိုင်း) (ဒါရိုက်တာ-အောင်ဟိန်း)
-အစီအစဉ်ပြီး၏။

# ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးသူအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၃**

ရွှေကျင်မြို့နယ်တွင် တရားမဝင် ဘီယာဖာများ တင်ဆောင်လာသည့် မော်တော်ယာဉ်အား မြို့အဝင်တံတားအနီး၌ သဲကျွံလျက်ရှိသည်ကို တွေ့ရှိရာမှ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမိုးသူနှင့်အဖွဲ့က ဖမ်းဆီးခဲ့သည့်ကိစ္စတွင် ဦးစိုးမိုးသူသည် လာဘ်ငွေကျပ် ၂၅ သိန်း တောင်းခံရယူပြီးနောက် Facebook တွင် ဖော်ပြပါရှိ၍ ပြန်လည်ပေးအပ်ခဲ့ခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ၎င်း၏ လက်အောက်ဝန်ထမ်း ဦးစိုးမိုးသူက ဥပဒေချိုးဖောက်၍ ငွေကြေးတောင်းခံပြီး ပြန်လည်ပေးအပ်ခဲ့သည်ကို အရေးမယူဘဲ မျက်ကွယ်ပြုခဲ့ခြင်းတို့အား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးသူသည် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်နေစဉ် ဖေဖော်ဝါရီ ၁၈ ရက်က ရွှေကျင်မြို့ ရွှေကျင်ချောင်းကူးတံတားအနီးတွင် တရားမဝင် ဘီယာများ တင်ဆောင်လာသည့် ယာဉ်အမှတ် ၇ခ/၄၈၆၅ အား ၎င်းက ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရွှေကျင်လူငယ်အဖွဲ့နှင့် သတင်းမီဒီယာများ ပါဝင်သောအဖွဲ့က ဖမ်းဆီးဆောင်ရွက်ခဲ့ကြောင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးသူသည် ယင်းနေ့တွင် ၎င်း၏နေအိမ်၌ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုကာ ဘီယာတင် မော်တော်ယာဉ်ကိစ္စပြေလည်အောင်လုပ်ပေးမည်ပြောပြီး ဘီယာပစ္စည်းပိုင်ရှင်နှင့် ကိုယ်စားလှယ်တို့ထံမှ ၎င်းအတွက် ငွေကျပ် ၂၅ သိန်း၊ ရွှေကျင်လူငယ်အဖွဲ့အတွက် ငွေကျပ် ၁၀ သိန်းကို တောင်းခံရယူခဲ့ကြောင်း၊ ယင်းနောက် ရွှေကျင်လူငယ်အဖွဲ့အတွက် တောင်းခံရယူထားသော ငွေကျပ် ၁၀ သိန်းကိုသာ ပြန်လည်ပေးအပ်ခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်သဖြင့် ဦးစိုးမိုးသူအပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ အရေးယူဆောင်ရွက်ရန် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့မရဲစခန်း၌ ယနေ့တွင် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁၉ စီး၊ သွင်းကုန် ၅၇၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၉ စီး၊ သွင်းကုန် ၉၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၅၇၆ သန်းခန့်)၊ စုစုပေါင်း တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅၇၆ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၂၂ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်သွားရောက်စစ်ဆေးရာ ရှောင်ကွင်းလမ်းဘေးတွင် စုပုံထားသည့် တင်သွင်းရန်ကန့်သတ်ထားသော ဘေထုပ် (1x45Kg) (10) Bag နှင့် BEER (330mlx24) (50) Pkgs၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၈၅၀ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တာချီလိတ်၌ ထိုင်းနိုင်ငံသား လေးဦးထံမှ မူးယစ်ဆေးဝါးများနှင့်အတူ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**တာချီလိတ် ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် ရွှေမြေသာယာဈေးလမ်း အိမ်အမှတ်(၁/၂၀၇) အခန်းအမှတ်(၁)မှ ယနေ့ ဩဂုတ် ၂၃ ရက် မွန်းလွဲပိုင်းက ထိုင်းနိုင်ငံသား လေးဦးနှင့်အတူ မူးယစ်ဆေးဝါးများ၊ လက်နက် နှစ်လက်၊ ကျည်တောင့်များ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးပေါ်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနုတို့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်မှုခင်းအကူရဲတပ်ဖွဲ့မှ ရဲအုပ်အေးထွန်းသိန်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမျိုးခိုင်၊ ခရိုင်နှင့် မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မယ်ခေါင်ရပ်ကွက် ရွှေမြေသာယာဈေးလမ်း အိမ်အမှတ်(၁/၂၀၇)ရှိ အခန်းအမှတ် (၁)တွင် ဝင်ရောက်ရှာဖွေရာ ထိုင်းနိုင်ငံသားလေးဦးအား တွေ့ရှိရပြီး နေအိမ်အခန်းအတွင်း ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါး ICE ၅၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၊ ပစ္စတိုသေနတ် နှစ်လက်၊ ၎င်းကျည်အိမ်သုံးခုနှင့်အတူ ကျည် ၃၂ တောင့်၊ ယာဉ်အမှတ် SHAN-7J/---- နံပါတ်ပါ



CROWN အမျိုးအစား မော်တော်ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါမူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံသားလေးဦးအား ကွင်းဆက်ဖော်ထုတ်နိုင်ရေးနှင့် အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# မန္တလေး-လားရှိုး-မူဆယ်-ဂုတ်တွင်းလမ်းပိုင်း၌ ဆီဘောက်ဆာတွဲယာဉ်တစ်စီး တိမ်းမှောက်

**သီပေါ ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မန္တလေး-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီး နောင်ချိုမြို့နယ် ဂုတ်တွင်းလမ်းပိုင်း မိုင်တိုင်အမှတ်၊ ၈၃/၄ ကုလားမကွေ့အဆင်းတွင် ယနေ့နံနက် ၈ နာရီခွဲက ဓာတ်ဆီများ တင်ဆောင်၍ မန္တလေးမှ မူဆယ်သို့သွားမည့် ယာဉ်မောင်း အောင်မိုးမြင့် မောင်းနှင်သော ယာဉ်အမှတ်၊ 2M/--- ဆီဘောက်ဆာတွဲယာဉ်သည် လမ်းယာဘက်သို့ တိမ်းမှောက်ခဲ့သည်။

အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် အတက်အဆင်းယာဉ်များ လမ်းပိတ်ဆို့မှု ဖြစ်ပွားရာ ကျောက်မဲခရိုင်အမှတ် (၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ဒု-ရဲမှူး ကျော်ကျော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ရှင်းလင်းဖယ်ရှားမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဆားလင်းကြီးမြို့နယ် ကျားတက်အထက်တန်းကျောင်းအတွင်း ခူကောင်များ ကျရောက်နေ၍ ယာယီကျောင်းပိတ်ပြီး ပိုးသတ်ဆေးဖျန်းလျက်ရှိ

**ဆားလင်းကြီး ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ကျားတက်ကျေးရွာ အထက်တန်းကျောင်းစုဝေးကွင်းရှိ ထနောင်းပင်ကြီးပေါ်မှ ကျီးပေါင်းပင်များတွင် ဆိတ်တုတ်ကောင်(ခ) အစိမ်းရောင်ခူကောင်များ များစွာ ကျရောက်နေသဖြင့် ပူးပေါင်းအဖွဲ့က ပိုးသတ်ဆေးများဖျန်းလျက်ရှိကြောင်း သိရသည်။

သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ တာဝန်ခံကျောင်းအုပ်ဆရာ ဦးစန်းငွေးလှိုင်နှင့် ဆရာ ဆရာမများ၊ တိုက်နယ်ဆရာဝန် ဒေါက်တာဝေဖြိုးအောင်နှင့် ရပ်မိရပ်ဖများ ဆွေးနွေးတိုင်ပင်ကာ ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီခွဲတွင် ကျောင်းဆင်းပေးခဲ့ကြောင်း သိရသည်။

ဆိတ်တုတ်ကောင်(ခ) အစိမ်းရောင်ခူကောင်များသည် ဆိတ်ကို တုတ်မိလျှင် ဆိတ်သေသည်အထိဖြစ်ပြီး ကိုယ်ခံအားမကောင်းသောသူများကို တုတ်မိလျှင် ဆိုးဆိုးရွားရွားဖြစ်နိုင်ကြောင်း တိုက်နယ်ဆရာဝန် ဒေါက်တာဝေဖြိုးအောင်က သေချာရှင်းပြ၍ ကြိုတင်ကာကွယ်ရေးအဖြစ် ကျောင်းကို နှစ်ရက် ပိတ်ပေးထားပြီး လက်ရှိတွင် စိုက်ပျိုးရေးပညာရှင်များနှင့်တိုင်ပင်၍ ပိုးသတ်ဆေးများဖျန်းလျက်ရှိကြောင်း သိရသည်။

ဆိတ်တုတ်ကောင်များ နှိမ်နင်းရန်အတွက် ပိုးသတ်ဆေးဖျန်းခြင်းကို ပုညကုသလကျန်းမာရေးကူညီမှုအသင်းသားများ၊ လူငယ်များ၊ ဆရာ ဆရာမများ၊ ရဲတပ်ဖွဲ့ဝင်များ တိုက်နယ်ဆရာဝန်၊ စိုက်ပျိုးရေးပညာရှင် ဦးရဲဝင်းတို့က ဆောင်ရွက်နေကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် ဥပဒေ

မောင်စာဂ

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည်။ လွှတ်တော်ကိုယ်စားလှယ် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ် (၁၃) နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ယှဉ်ပြိုင်အရွေးခံကြမည်။ ယှဉ်ပြိုင်ရွေးကောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၆၉ ဦးရှိသည်။ ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများမှာ ၃-၉-၂၀၁၈ ရက်ကစပြီး ရက်ပေါင်း ၆၀ တိတိ မဲဆွယ်စည်းရုံးမှုတွေ ပြုလုပ်ကြတော့မည်။

ဤတွင် ရွေးကောက်ပွဲကိုယ်စားလှယ်များသည်လည်း ပါဝင်လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ကြရတော့မည်။ ရွေးကောက်ပွဲကိုယ်စားလှယ်များ၏ အခန်းကဏ္ဍမည်သို့ရှိသနည်း။ လွှတ်တော်ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့် နည်းဥပဒေများမှ ကောက်နုတ်၍ အနှစ်ချုပ်မျှဝေပါရစေ။

## ရွေးကောက်ပွဲကိုယ်စားလှယ်ဟူသည်

ရွေးကောက်ပွဲကိုယ်စားလှယ်ဆိုသည်မှာ လွှတ်တော်ရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက ၎င်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ၎င်း၏ကိုယ်စား ဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးခြင်းခံရသူကိုဆိုသည်။

## ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးတွင် ရှိရမည့်အရည်အချင်း

ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးသည် ၎င်းအား ခန့်အပ်တာဝန်ပေးမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ဥပဒေအရ သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရပါမည်။

ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းနည်းလမ်း -

(က) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူတစ်ဦးကိုဖြစ်စေ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားခွင့်ရှိသည်။

(ခ) မိမိကိုယ်တိုင် မိမိ၏ရွေးကောက်ပွဲ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မည်ဖြစ်လျှင် ထိုသို့ဆောင်ရွက်မည်ဖြစ်ကြောင်း အမည်စာရင်းတင်သွင်းလွှာ ပုံစံ (၆) ၏ စာပိုဒ် ၁၄ (င) တွင် ဖော်ပြရမည်။ ပြီးလျှင် ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်စာ ပုံစံ (၇) တွင် ဖြည့်သွင်း၍ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် အခြားသူတစ်ဦးအား မိမိ၏ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားမည်ဆိုပါက ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်စာပုံစံ(၇-က)တွင် ဖြည့်သွင်းတင်ပြရမည်။ ယင်းခန့်စာတွင် ခန့်ထားခြင်းခံရသူက သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။

## ရွေးကောက်ပွဲအသုံးစရိတ်များနှင့် စပ်လျဉ်းသည့်တာဝန်

ငွေစာရင်းစာအုပ်များကို စနစ်တကျထားရှိပြီး အောက်ပါတို့ကို မှန်ကန်စွာရေးသွင်းရမည် -

(က) ဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း ငွေကျပ်သိန်း ၁၀၀ မကျော်သည့် ရွေးကောက်ပွဲအတွက် ကုန်ကျစရိတ်၊

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ရွေးကောက်ပွဲကုန်ကျစရိတ်အတွက် မိမိကိုယ်ပိုင်ငွေ၊ ပြည်တွင်းရှိ နိုင်ငံသားတစ်ဦးချင်းစီကဖြစ်စေ၊ ကုမ္ပဏီ၊ ကုမ္ပဏီအစုအဖွဲ့များကဖြစ်စေ တရားဝင်ရရှိထားသော ငွေကြေးများထဲမှ ထည့်ဝင်လှူဒါန်းသောငွေ သို့မဟုတ် သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းက ထောက်ပံ့ထည့်ဝင်ငွေဖြင့် ကျခံပြီးသည့် ကုန်ကျစရိတ်များ၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းက ပေးရန်ရှိသည့် အကြွေးများ။

ရွေးကောက်ပွဲပြီးလျှင် ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်းကို ပုံစံ (၂၀) ဖြင့် ရေးသွင်း၍ မိတ္တူတစ်စုံ ကူးယူပြီး မူရင်းနှင့်အတူ ရွေးကောက်ပွဲရလဒ်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းရမည်။

## ရွေးကောက်ပွဲကိုယ်စားလှယ်၏ အခွင့်အရေးများ

(က) ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ -

(၁) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး၏ အမည်စာရင်း တင်သွင်းလွှာကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းနိုင်ခွင့်ရှိသည်၊

(၂) အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ရန် သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်နှင့် နေရာသို့ လာရောက်ခွင့်ရှိသည်၊

(၃) မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းက အမည်စာရင်းတင်သွင်းလွှာကို ယင်း၏ဆန္ဒအလျောက် ရုပ်သိမ်းလိုလျှင် သတ်မှတ်ထားသည့် ကာလအတွင်း ရုပ်သိမ်းလွှာ ပုံစံ (၉) နှစ်စောင်ကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခွင့်ရှိသည်။

(ခ) အာမခံငွေနှင့်စပ်လျဉ်း၍ အောက်ပါအခြေအနေများတွင် ပေးသွင်းခဲ့သော ရွေးကောက်ပွဲ အာမခံငွေကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲထံမှ ပြန်လည်ထုတ်ယူခွင့်ရှိသည်-

(၁) မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် အမည်စာရင်းတင်သွင်းလွှာကို အပယ်ခံရလျှင်၊ ရွေးကောက်ပွဲစတင်မကျင်းပမီ ကွယ်လွန်လျှင်၊ ရွေးကောက်ပွဲ ရွှေ့ဆိုင်းထားလျှင်၊

(၂) မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်တင်မြှောက်ခံရလျှင်၊

(၃) မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်တင်မြှောက်ခြင်းမခံရသော်လည်း ရွေးကောက်ပွဲတွင် ခိုင်လုံသော ဆန္ဒမဲ ရှစ်ပုံတစ်ပုံနှင့် အထက်ရရှိလျှင်။

(ဂ) ရွေးကောက်ပွဲနေ့နှင့် စပ်လျဉ်း၍ -

(၁) ဆန္ဒမဲပေးသည့်အချိန်မှ ဆန္ဒမဲပေးခြင်းပြီးဆုံးသည့်အချိန်ထိ မဲရုံထဲသို့ ဝင်ခွင့်ရှိသည်၊

(၂) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံသို့ ကိုယ်တိုင် လာရောက်ဆန္ဒမဲမပေးနိုင်သော အသက်အရွယ်ကြီးရင့်သူ၊ အနာကြီးရောဂါစွဲကပ်နေသူ၊ နေအိမ်တွင် ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူနှင့် နေအိမ်တွင် မီးဖွားနေသူများ၊ မသန်စွမ်းသူများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့ တက်ရောက်နေသော အတွင်းလူနာများအားလည်းကောင်း၊ မဲဆန္ဒနယ်ပြင်ပသို့ ခရီးသွားရန်ရှိသူ တစ်ဦးအားလည်းကောင်း၊ မဲစာရင်းပါဒေသမှ ကျော်လွန်၍ သွားရောက်တာဝန်ထမ်းဆောင်ရသော ဝန်ထမ်း သို့မဟုတ် တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များထံသို့ လည်းကောင်း သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲဝင်များက သွားရောက်၍ ကြိုတင်ဆန္ဒမဲရယူရာတွင် လိုက်ပါကြည့်ရှုခွင့်ရှိသည်၊

(၃) မဲရုံတွင် ဆန္ဒမဲများပေးခြင်းပြီးမြောက်ပြီးနောက် ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ရေတွက်ရာတွင် ကြည့်ရှုခွင့်ရှိသည်၊

(၄) မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ကြိုတင်ဆန္ဒမဲ ပေးပြီး ပေးပို့လာသော စာအိတ်များပေါ်တွင် သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲက လက်ခံရရှိသည့်အမှတ်စဉ်၊ နေ့ရက်နှင့် အချိန်တို့ကို ဖော်ပြ၍ ပုံစံ(၁၈-၁)တွင် ရေးသွင်းခြင်း၊ ယင်းစာအိတ်များကို ချိပ်ပိတ်ထားသည့် မဲပုံးအတွင်းသို့ထည့်ခြင်းတို့ကို ကြည့်ရှုနိုင်သည်။

(၅) ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီထိုးသည်နှင့် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက အဆိုပါချိပ်ပိတ်ထားသော မဲပုံးကိုဖွင့်၍ ကြိုတင်ဆန္ဒမဲလက်မှတ်များ ရေတွက်ရာတွင် ကြည့်ရှုခွင့်ရှိသည်။

## ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး၏ ဆောင်ရန်အချက်များ

(က) ရွေးကောက်ပွဲကိုယ်စားလှယ်အတွက် စိစစ်ရေးကတ်ပြားကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲမှ ထုတ်ယူရန်၊

(ခ) ဆန္ဒမဲလက်မှတ်ကို တောင်းဆိုသူသည် သူတစ်ပါး အယောင်ဆောင်သော ပြစ်မှုကို ကျူးလွန်သူဖြစ်ကြောင်း ကန့်ကွက်လိုလျှင် ကန့်ကွက်မဲစာရင်း ပုံစံ (၁၄) တွင် လက်မှတ်ရေးထိုး၍ မဲရုံမှူးထံ ကန့်ကွက်ရန်၊

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပြုစုထားသည့် ပုံစံ (၁၉) တွင် လက်မှတ်ရေးထိုးရန်၊

(ဃ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများ [မဲဆန္ဒနယ်တစ်နယ်တွင် ခရိုင်တစ်ခုသာ ပါဝင်ပါက] ရရှိသည့်ဆန္ဒမဲစာရင်း ပုံစံ (၁၉-က) နှင့် ခရိုင်တစ်ခုထက် ပိုပါဝင်ပါက ပုံစံ (၁၉-ခ) တွင် လက်မှတ်ရေးထိုးရန်၊

(င) တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက ပြုစုထားသည့် ပုံစံ (၁၉-ခ) တွင် လက်မှတ်ရေးထိုးရန်။

## ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး လိုက်နာရမည့်အချက်များ

(က) လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ အခန်း (၁၃) တွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရပါ၊

(ခ) လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ အခန်း (၁၄) တွင် ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှု တစ်ခုခုကို ပြုလုပ်ခြင်းမပြုရပါ၊

(ဂ) ရွေးကောက်ပွဲဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့် အမိန့်ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရပါ။

## ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး အထူးမှတ်သားရန်အချက်များ

(က) ရွေးကောက်ပွဲဆိုင်ရာ မိမိ၏ဆောင်ရွက်ချက်မှန်သမျှသည် မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေမည်၊

(ခ) ရွေးကောက်ပွဲ ကုန်ကျစရိတ် တင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရလျှင် ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပမည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရရှိပါ။

## ကိုယ်စားလှယ်ကောင်းမှအောင်နိုင်မည်

အနှစ်ချုပ်ဆိုရသော် ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးသည် ၎င်း၏လွှတ်တော်ကိုယ်စားလှယ်လောင်း အနိုင်ရရှိရေးအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်းလုပ်ငန်းမှစတင်ပြီး အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ မိမိ၏လွှတ်တော်ကိုယ်စားလှယ်အနိုင်ရ၍ ကန့်ကွက်ခံရပါက ခုခံဖြေရှင်းခြင်းနှင့် မိမိ၏လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်မခံရသည့်အခါ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာတင်သွင်းခြင်းလုပ်ငန်းစဉ်များတွင် ဦးဆောင်ဦးရွက်ပြု၍ ပါဝင်ဆောင်ရွက်ကြရသည်။ မဲစာရင်းကပ်ထားကြေညာခြင်း၊ ကြိုတင်မဲပေးခြင်း၊ မဲရုံတွင်မဲပေးခြင်း၊ ဆန္ဒမဲလက်မှတ်များရေတွက်ခြင်း၊ ပုံစံများတွင်ရေးသွင်းခြင်း စသည့်လုပ်ငန်းစဉ်များတွင် ကြည့်ရှုကြရသည်။ လိုအပ်သည်များကို ထောက်ပြခြင်း၊ ကန့်ကွက်ခြင်းများ ပြုကြရသည်။ လုပ်ငန်းတာဝန်များပြား၍ အရေးကြီးသော တာဝန်များကိုယူကြရသည်။

ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး၏ ပြုမူဆောင်ရွက်ချက်များသည် ၎င်း၏လွှတ်တော်ကိုယ်စားလှယ်လောင်းက ဆောင်ရွက်ပြုမူချက်များဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်ဖြစ်သည်။ သို့ဖြစ်ရာ မိမိဆောင်ရွက်မည့်ကိစ္စမှန်သမျှ သို့မဟုတ် ဆောင်ရွက်ပြီးကိစ္စမှန်သမျှကို မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းထံ အစဉ်သဖြင့် အသိပေးတင်ပြနေဖို့လိုပါမည်။ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲတွင် စွမ်းဆောင်နိုင်သမျှ လုံ့လစိုက်လျက် တရားသဖြင့် သန့်ရှင်းသော နည်းလမ်းများဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါဝင်ဆောင်ရွက်ကြမှသာလျှင် မိမိတို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲအောင်နိုင်ရေး ကောင်းစွာအထောက်အကူပြုနိုင်ကြမည်ဖြစ်ကြောင်းပါ။

ရွေးကောက်ပွဲကိုယ်စားလှယ်များသည် -

မိမိတို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် အင်အားတစ်ရပ်ဖြစ်ကြပါစေ၊

ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲများတွင် ဥပဒေနှင့်အညီ တရားသဖြင့် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ကြပါစေ၊

မိမိတို့၏ လုပ်ငန်းတာဝန်များကို ချောမောအောင်မြင်စွာ ဆောင်ရွက်နိုင်ကြပါစေ။



## တွင်းထွက်သယံဇာတတူးဖော်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး လုပ်ငန်းမိတ်ဆက်

**မုံရွာ သြဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး တွင်းထွက်သယံဇာတများတူးဖော်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI)လုပ်ငန်း မိတ်ဆက်ခြင်းနှင့် တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU)ဖွဲ့စည်းခြင်း အလုပ်ရုံဆွေးနွေးပွဲကို သြဂုတ် ၂၂ ရက် နံနက် ၉ နာရီက မုံရွာမြို့ တော်ဝင်ကျောက်စိမ်းဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ သယံဇာတ တော်တော်များများရှိတယ်။ ရွှေ၊ ကျောက်မီးသွေးနဲ့ ကြေးနီတွေ အများကြီး ထုတ်လုပ်နေတဲ့လုပ်ငန်းစီမံချက်တွေကို ပြည်ထောင်စုနဲ့ အတူတကွသိရှိအောင်၊ အထူးသဖြင့် အတော်များများ ဖြစ်နေတာက လုပ်ငန်းတွေက ပွင့်လင်းမြင်သာမှု မရှိဘူး၊ ရှိတဲ့ဟာတွေကိုလည်း ချမပြဘူး၊ အခုလုပ်မယ့်လုပ်ငန်းစဉ် ကတော့ ၂၀၂၀ ပြည့်နှစ်မှာ ဒါတွေအားလုံးကို ပွင့်လင်းမြင်သာစွာနဲ့ ပြည်သူတွေ သိရှိအောင် လုပ်နေပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာတော့ အခုစတင် ဆောင်ရွက်နေပါပြီ။ EITI အနေနဲ့က သုံးပွင့်ဆိုင်ညွန့်ပေါင်းဆိုတဲ့ အစိုးရအဖွဲ့က ဝန်ထမ်းတွေပါမယ်။ တိုင်းဒေသကြီးလုပ်ငန်းတွေ လုပ်ဆောင်နေတဲ့ ကုမ္ပဏီလုပ်ငန်းရှင်တွေ၊ လူမှုရေးအဖွဲ့အစည်းတွေပါမယ့် တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU) ဖွဲ့စည်းခြင်း မနက်ဖြန်မှာ ရွေးချယ်ပွဲလုပ်ပါမယ်" ဟု မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ညှိနှိုင်းရေးမှူးရုံးမှ ဒုတိယတာဝန်ခံ ဦးအောင်ခိုင်က ပြောသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## လှိုင်ကော်မြို့နယ် စီမံကိန်းဦးစီးရုံး အဆောက်အအုံသစ်ဖွင့်လှစ်

**လှိုင်ကော် သြဂုတ် ၂၃**

လှိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာအုပ်စု ဧက ၅၀၀ ဝင်း နမ့်ဘော်ဝမ်(ခ) ရပ်ကွက်ရှိ လှိုင်ကော်မြို့နယ် စီမံကိန်းဦးစီးရုံးဖွင့်ပွဲကို သြဂုတ် ၂၂ ရက် နံနက် ၈ နာရီက အဆိုပါ အဆောက်အအုံဝင်းအတွင်း ကျင်းပသည်။

လှိုင်ကော်မြို့နယ် စီမံကိန်းဦးစီးရုံးသစ်အား ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်စီမံကိန်းဦးစီးရုံးသစ် ဆိုင်းဘုတ်အား ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ လှိုင်ကော်မြို့နယ်စီမံကိန်းဦးစီးရုံးသစ်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၉၅ ဒသမ ၇၁၂ သန်းဖြင့် Reh Thiha Company က ဖေဖော်ဝါရီ ၉ ရက်မှ စတင်ဆောက်လုပ်ခဲ့ရာ ဇွန် ၂၀ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း၊ အဆောက်အအုံမှာ (၄၇×၄၆) ပေရှိ RC တစ်ထပ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

**စိုင်းညဏ်လင်းထွဋ်**



## နေပြည်တော်ကိုယ်စားပြုအောင်ပွဲရ(အမျိုးသား)ဘော်လီဘောအသင်းအားဂုဏ်ပြုချီးမြှင့်




**နေပြည်တော် သြဂုတ် ၂၃**

၂၀၁၈ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိခဲ့ကြသည့် နေပြည်တော်ကိုယ်စားပြု အမျိုးသားဘော်လီဘောအသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို သြဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ဂုဏ်ပြုချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဇော်ထွန်း က တံခွန်စိုက်ဆုဖလားကို အပ်နှင်းသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးတို့က အောင်ပွဲရ အမျိုးသားဘော်လီဘောအသင်းအား ဂုဏ်ပြုဆုငွေများကိုပေးကြရာ အသင်းအုပ်ချုပ်သူ ဦးခင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အားကစားသမားများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း**

## ဘားအံမြို့နယ် သံလွင်မြစ်ကမ်းဘေးကျေးရွာများနှင့် ကျွန်းပေါ်ကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်ထောက်ပံ့

**ဘားအံ သြဂုတ် ၂၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ သံလွင်မြစ်ကမ်းဘေးကျေးရွာများဖြစ်သည့် ရေကျော်လေးကျေးရွာ၊ ရေကျော်ကြီးကျေးရွာနှင့် သံလွင်မြစ်လယ်ကျွန်းပေါ်တွင်ရှိသော မကျီးကျွန်းကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား သြဂုတ် ၂၂ ရက် နံနက်ပိုင်းက ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်နှင့် တာဝန်ရှိသူများက စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့ခဲ့ကြသည်။

ကရင်ပြည်နယ်အတွင်း သံတောင်ကြီးတောင်ပေါ်ဒေသတစ်ခုကလွဲ၍ ကျန်ခြောက်မြို့နယ် ရေကြီးခဲ့ပြီး ဇူလိုင် ၂၂ ရက်ကစတင်၍ ရေကြီးနစ်မြုပ်ခံနေရသည်မှာ တစ်လတိတိရှိနေရာ ပြည်နယ်အစိုးရအနေဖြင့် အနယ်နယ်အရပ်ရပ်မှ လာရောက်လှူဒါန်းသော ထောက်ပံ့မှုများအား ကရင်ပြည်နယ်ရေဘေးကယ်ဆယ်ရေးဗဟိုကွပ်ကဲရေး စခန်းဖွင့်လက်ခံကာ ပြန်လည်ခွဲဝေပို့ဆောင်ပေးခြင်းနှင့် စေတနာရှင်ကိုယ်တိုင် တိုက်ရိုက်သွားရောက်လှူဒါန်းလိုသူများအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ အလားတူ ပြည်နယ်အတွင်းရှိ စေတနာရှင်များက လှူဒါန်းသော ထောက်ပံ့မှုများကိုလည်း လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များက ဝေးလံပြီး သွားလာရခက်သော ကျေးရွာများအရောက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါနေ့က ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်နှင့် တာဝန်ရှိသူများသည် ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေး ဗဟိုကွပ်ကဲရေး စခန်းမှ စားနပ်ရိက္ခာများထုတ်ယူ၍ ဘားအံမြို့နယ်၊ ရေကျော်လေးကျေးရွာ၊ ရေကျော်ကြီးကျေးရွာနှင့် သံလွင်မြစ်လယ်ကျွန်းပေါ်တွင်ရှိသော မကျီးကျွန်းကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများနှင့် ရေဘေးသင့်ပြည်သူ မိသားစုဝင်များအား တစ်အိမ်ထောင်လျှင် ဆန်သုံးပြည်နှုန်းနှင့် ဆီ၊ ခေါက်ဆွဲခြောက်စသည့် စားနပ်ရိက္ခာများကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## တောင်ငူခရိုင်ကိုယ်စားပြု ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာကျင်းပ



**ကျောက်ကြီး သြဂုတ် ၂၃**

တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် အေးမြသုခရေတွင်းကုန်းကျောင်းတိုက်တွင် သြဂုတ် ၂၃ ရက် နံနက် ၈ နာရီက ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် တောင်ငူခရိုင်ကိုယ်စားပြု ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးတင်ဆန်းဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းလွင်တို့က အမှာစကားအသီးသီးပြောကြားကာ တောင်ငူခရိုင် စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ တီးကော်စေးဟဲက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကရင်တိုင်းရင်းသားများက ချည်ဖြူဖွဲ့အသုံးအဆောင်ပစ္စည်းများသယ်ဆောင်ကာ အမိုးဖီးဘိုမက လိပ်ပြာခေါ်ဆုတောင်းမေတ္တာပို့သကြပြီး လက်ရစ်ချည်ခြင်းအစီအစဉ် ပြုလုပ်ကြသည်။

ယင်းနောက် ဖျော်ဖြေရေးအစီအစဉ်အဖြစ် ဒုံးယိမ်းအကများ၊ ဝါးညှပ်အကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တောင်ငူခရိုင်ကိုယ်စားပြု ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို အိုယူးအိုဖိုသီချင်းဖြင့်သီဆိုဖျော်ဖြေသည်။

ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာအား ဝါခေါင်လတွင် ကျင်းပပြီး ရှေးဘိုးဘွားများက ကရင်အမျိုးများ ပြန်လည်ဆုံတွေ့နိုင်စေရန်၊ မိသားစုအချင်းချင်းပြန်လည်စုစည်းကြစေရန်၊ ကရင်အမျိုးသားအချင်းချင်း ချစ်ကြည်သွေးစည်းမှု ခိုင်မြဲစေရန်၊ လူငယ်လူရွယ်များကို လူကြီးသူမများက သွန်သင်ဆုံးမစကား ပြောကြားနိုင်စေရန်၊ စကား၊ စာပေ၊ အနုပညာ၊ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာဓလေ့များ မပျောက်ကွယ်စေရန်၊ ယဉ်ကျေးမှုမြင့်မားသောလူမျိုး၊ လူနေမှုအဆင့်မြင့်မားသော လူမျိုး၊ မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို မြတ်နိုးထိန်းသိမ်းတတ်သော အသိပညာ၊ အတတ်ပညာ မြင့်မားသောလူမျိုးများအဖြစ် အစဉ်တည်တံ့စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်ရေးဆွဲရေးဆွေးနွေး

**စစ်တွေ ဩဂုတ် ၂၃**

စတုတ္ထအကြိမ် ရခိုင်ပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက စစ်တွေမြို့ဦးဥတ္တမခန်းမ၌ ကျင်းပ သည်။

ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်လျှင် မြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ်သည် ထိခိုက်ဆုံးရှုံးမှုအများဆုံး ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ခရိုင်နှင့် မြို့နယ်အသီးသီးမှ တာဝန်ရှိသူများအနေဖြင့် စီမံချက်အတွက် လိုအပ်သော ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက်အပေါ် အတည်ပြုခြင်း၊ မိမိဒေသအတွက် လိုအပ်သည့်အကြံပြု ဆွေးနွေးခြင်းများကို အားသွန်ခွန်စိုက်ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်မင်းက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး IOM မှ National Project Manager ဒေါ်အေးသိမ့်သူက အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ IOM မှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို နှစ်ရက်ကြာ ကျင်းပသွားမည်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မန္တလေးမြို့တွင် သုတေသနမူဝါဒ၊ နည်းလမ်း၊ လမ်းညွှန်၊ ဖွဲ့စည်းပုံများ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အလုပ်ရုံဆွေးနွေး

**မန္တလေး ဩဂုတ် ၂၃**

မန္တလေးနည်းပညာတက္ကသိုလ်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော တက္ကသိုလ်၊ သုတေသနဌာနများမှ လိုက်နာကျင့်သုံးမည့် သုတေသနမူဝါဒ၊ နည်းလမ်း၊ လမ်းညွှန်၊ ဖွဲ့စည်းပုံများ ထွက်ရှိလာစေရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် Develop of Policies, Guidelines, Mechanisms and Frameworks on R&D ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Mercure Mandalay Hill Resort Hotel တွင် ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး လျှပ်စစ်စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်နှင့် စက်မှုနှင့် သက်မွေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံသိပ္ပံနည်းပညာတီထွင်ဆန်းသစ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာအေးမြင့်တို့က အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားပညာရေး မူဝါဒကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဦးမောင်မောင်အေးက သုတေသနဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် နည်းလမ်းများအကြောင်းနှင့် မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဆင့်စိုးက Develop of Policies, Guidelines, Mechanisms and Frameworks on R&D" ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ သုတေသနပညာရှင်များ၊ တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေး လုပ်ငန်းရှင်ကြီးများ၊ စက်မှုလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်နှင့် သုတေသနဌာနအသီးသီးမှ ပညာရှင်များနှင့် သုတေသီများက အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို တက္ကသိုလ်များ၊ သုတေသနဌာနများတွင် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စက်မှုလုပ်ငန်းများအတွက် လိုအပ်နေသည့် နည်းပညာအကူအညီများပေးနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

R&D Policy ကို ASEAN နိုင်ငံများနှင့် ကိုက်ညီမှုရှိစေရန် အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံတို့မှ သုတေသနစစ်တမ်းကောက်ယူချက်များကို အခြေပြု၍ ရေးဆွဲသွားမည်ဖြစ်ပြီး နည်းပညာများနှင့် အသိပညာများကို အပြန်အလှန်ဖလှယ်ရယူ၍ မိမိနိုင်ငံ၏ လယ်ယာထွက်ကုန်များ၊ သယံဇာတထွက်ကုန်များ၊ သဘာဝအရင်းအမြစ်များအား သုတေသနအခြေပြု စီးပွားရေးရရှိစေရန် ဆောင်ရွက်မည်ဖြစ်သည်။ သုတေသန ပရောဂျက်ကို ASEAN PLAN OF ACTION ON SCIENCE TECHNOLOGY AND INNOVATION (APASTI) FUNDING SCHEME မှ ငွေကြေးအထောက်အပံ့ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## နမ့်ဆန်-ပန်လုံ-သီပေါ ဆက်သွယ်ထားသည့် လီလုတံတားသစ်ဖွင့်

**နမ့်ဆန် ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၂) မှ တာဝန်ယူဆောက်လုပ်ပြီးစီးသွားသည့် နမ့်ဆန်-ပန်လုံ-သီပေါ လမ်းပိုင်းပေါ်ရှိ လီလုတံတားသစ် ဖွင့်ပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက အဆိုပါ တံတားမုခ်ဦးရှေ့၌ ကျင်းပသည်။

ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက အဖွင့်အမှာစကားပြောကြားပြီး ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်က ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရန်အတွက် လီလုတံတားသည် အထူးအရေးကြီးသည့် တံတားဖြစ်ကြောင်း၊ ယခုတံတားသစ်အား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၍ ပြည်သူတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ကဏ္ဍအသီးသီးအတွက်လည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အင်ဂျင်နီယာချုပ်(မြို့ပြ) ရှမ်းပြည်နယ်(မြောက်ပိုင်း) တာဝန်ခံက တံတားစီမံကိန်း ဖြစ်ပေါ်လာပုံနှင့် တည်ဆောက်ပုံ အဆင့်ဆင့်ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (မြို့ပြ) ပြည်နယ် (မြောက်ပိုင်း) ဦးကျော်ကျော်ဝင်းက ဒေသဖွံ့ဖြိုးရေးအတွက် လမ်းကွန်ရက်များဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ၊ ဒေသခံပြည်သူများက တံတားသစ်ပေါ်သို့ ဖြတ်သန်း ကြည့်ရှုစစ်ဆေးကာ တအာင်းတိုင်းရင်းသား မြေပိုင်းအက၊ ရှမ်းတိုင်းရင်းသား အကပဒေသာနှင့် ကျောင်းသား ကျောင်းသူများက ပန်းဖွားအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။

အဆိုပါလီလုတံတားသစ်မှာ ပေ ၁၂၀ သုံးခန်းဖြင့် စုစုပေါင်းပေအရှည် ၃၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီဖြင့် စုစုပေါင်းအကျယ်ပေ ၃၀ တည်ဆောက်ထားပြီး ရေလမ်းကင်းလွတ် အကျယ်ပေ ၁၀၀၊ အမြင့် ရှစ်ပေ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ၇၅ တန်ခံနိုင်ဝန်ရှိ သံမဏိကြမ်းခင်း အမျိုးအစားဖြစ်ကာ ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၁၂၀၀ ကျော် အကုန်ကျခံကာ တည်ဆောက်ထားကြောင်း သိရသည်။

ယခင်မူလတံတားဟောင်းမှာ အရှည် ၁၂ ပေရှိ သံပေါင် တံတားဖြစ်ပြီး တံတားသက်တမ်းမှာ ၂၄ နှစ်ခန့် ကြာမြင့်လာပြီဖြစ်သည့်အတွက် ခံနိုင်ဝန်အား ၁၃ တန်သာ ဖြတ်သန်းခွင့်ပြုထားကြောင်း သိရသည်။

**အောင်မိုး (ပြန်/ဆက်)**



**တိုတိုထွာထွာဖတ်စရာ**

### သမဝါယမတက္ကသိုလ် (စစ်ကိုင်း) အသိပညာပေးဟောပြောပွဲကျင်းပ

**စစ်ကိုင်း**

သမဝါယမတက္ကသိုလ် (စစ်ကိုင်း) မြန်မာစာဌာနက ကြီးမှူးကျင်းပသော လူငယ်များအတွက် စီးပွားရေး အတွေးအခေါ်နှင့် ဘဝတိုးတက်မှုအသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီခွဲက သမဝါယမတက္ကသိုလ် ( စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ခေတ္တပါမောက္ခချုပ် ဒေါက်တာမို့မို့ရီ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဦးရဲမြင့် (စွန့်ဦးတီထွင်) က လူငယ်များအတွက် စီးပွားရေး အတွေးအခေါ်နှင့် ဘဝတိုးတက်မှုအတွက် ကြိုတင်ပြင်ဆင်ခြင်း ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကြားခဲ့ကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

### မတ္တရာမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**မတ္တရာ**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးဟောပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ် (၁၁၉) ယာဉ်ထိန်းတပ်ဖွဲ့စု၊ လားရှိုးတပ်ဖွဲ့စုမှူး ဒုရဲမှူး ကျော်ခိုင်နှင့် တပ်ဖွဲ့ဝင်များက မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးများ၏ အန္တရာယ်များအကြောင်း၊ လူမှောင်ခိုကုန်ကူးမှုများအကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ပြီး ဉာဏ်စမ်းမေးခွန်းများအား ကျောင်းသား ကျောင်းသူများကို ပြန်လည်ဖြေဆိုစေခဲ့ရာ မှန်ကန်စွာဖြေဆိုနိုင်သူများကို အသိပညာပေး DVD ခွေများ ချီးမြှင့်ပေးအပ်ခဲ့သည်။

**စိုးကျော်သူထွေး(မတ္တရာ)**

### အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မွေးမြူရေးသင်တန်းဖွင့်

**တပ်ကုန်း**

နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုမွေးမြူရေးဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါကျေးရွာ ရှင်းလင်းဆောင်၌ ကျင်းပသည်။

သင်တန်းသား ၃၀ အား သင်တန်းကာလ ခုနစ်ရက်အတွင်း ကြက်၊ ဝက်၊ ဆိတ်၊ နွားများ မွေးမြူရာတွင် အစားကျွေးစနစ်နှင့် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများအကြောင်း သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မြင်းခြံ-ဆီမီးခုံလမ်းတာပေါင်နှင့် လမ်းပခုံးဆောင်ရွက်နေမှုကြည့်ရှု

**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နှင့် ဆီမီးခုံ တိုက်နယ်ကျေးရွာတို့ ဆက်သွယ်ထားသောလမ်းအား လမ်းပခုံးနှင့်လမ်းတာပေါင်များဖို့၍ ပြုပြင်နေခြင်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

မြင်းခြံ - ဆီမီးခုံလမ်းတွင် မိုင်တိုင်အမှတ် (၀/၀) မှ (၇/၇) ကြား လမ်းဘေးဝဲ၊ ယာလမ်းပခုံးများ ပြင်ဆင်ခြင်း၊ မိုင်တိုင်အမှတ် (၇/၀) မှ (၇/၃) ကြား လမ်းပခုံးနှင့် လမ်းတာပေါင်တည်ဆောက်ခြင်းကို ဆောင်ရွက်နေကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# ဒစ်ဂျစ်တယ်ခေတ်ကြီးထဲသတင်းအတုအယောင်ဘေးကင်းဝေးစေဖို့

အောင်ထိန်

နယ်စည်းမခြား ကမ္ဘာအနှံ့ရွေ့လျားနေသော သတင်းများတွင် သတင်းအတုအယောင်များပါဝင်သည်ကို တွေ့ရသည်။ လူမှုကွန်ရက်မီဒီယာရှိ Feeds များနှင့် Group Chats များတွင် အခါအားလျော်စွာ သတင်းအတုအယောင်များက ရပ်တန့်နေသည်ဟူ၍မရှိဘဲ အမြဲပင် လှုပ်လှုပ်ရွရွရှိလှသည်။ ကလေးသူငယ်များ ပြန်ပေးဆွဲခံရသည့်ဖြစ်ရပ်၊ နိုင်ငံရေးမငြိမ်မသက်ဖြစ်မှုဖြစ်ရပ်၊ ကင်ဆာရောဂါများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသည်ဆိုသောဖြစ်ရပ် အစရှိသည့် ဖြစ်ရပ်ပေါင်းစုံကို လူမှုကွန်ရက်မီဒီယာပေါ်တင်ကာ ကမ္ဘာတစ်ဝန်းရှိ လူသူခပင်းတို့၏ စိတ်ဝင်စားမှုကို တစ်ပွေ့တစ်ပိုက်ရရှိစေရန် ပြည်သူတစ်ဦးထံမှ အခြားတစ်ဦးထံသို့ တစ်မုဟုတ်ချင်း မျှဝေလျက်ရှိကြသည်။

သတင်းအတုအယောင်များနှင့် ကမ္ဘာ့လူသားတို့ မကင်းနိုင်ကြရကား ကောလင်း (Collins) အဘိဓာန်ဆရာများကပင် ၂၀၀၇ ခုနှစ်၏ အထူးခြားဆုံးဝေါဟာရအဖြစ် Fake Newsဟူသောဝေါဟာရကို ရွေးချယ်ခဲ့သည်။

Fake News ဝေါဟာရကို သတင်းတင်ဆက်ပုံအသွင်ယူ၍ လွဲမှားနေသောသတင်းအချက်အလက်များ၊ ရံဖန်ရံခါ စိတ်လှုပ်ရှားဖွယ်ရာကောင်းသော သတင်းအချက်အလက်များကို ဖော်ပြခြင်းဟူ၍ အဆိုပါ အဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ပါးရည်နပ်ရည်ရှိလှသော သတင်းအတုအယောင်ဖန်တီးသူများ၏ ဘေးအန္တရာယ်မှာ ကြီးမားလှပေရာ ဒေါင်းတလူ မောင်းတလူဖြင့် ခပ်တည်တည် ဂျင်းထည့်နေသူများကို ဥပဒေဖြင့် အရေးယူနှိပ်ကွပ်ရန် လိုအပ်လာပြီဖြစ်သည်။

မလေးရှားနိုင်ငံ၌ ယခုနှစ် ဧပြီလတွင် သတင်းအတုအယောင်တိုက်ဖျက်ရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးခဲ့သည်။ အဆိုပါဥပဒေအရ ပြစ်မှုကျူးလွန်သူကို ထောင်ဒဏ်ခြောက်နှစ်အထိနှင့် အမြင့်ဆုံးဒဏ်ငွေ ရင်းဂစ် ၅၀၀၀၀၀ အထိ ပြစ်ဒဏ်စီရင်ချက်ချမှတ်နိုင်သည်။

### ဝိုင်းဝန်းဟန့်တား

ဒစ်ဂျစ်တယ်ခေတ်တွင် လူသားတို့နှင့် မကင်းရာမကင်းကြောင်းဖြစ်လာသော သတင်းအတုအယောင်များကို တိုက်ဖျက်နိုင်ရန် ကျွန်ုပ်တို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံးက ဝါယမစိုက်ထုတ်လာကြရသည်။ သတင်းအစစ်အမှန်များသဖွယ် အသွင်ယူကာ ရောရိရောရာ တင်ဆက်နေကြသော သတင်းအတုအယောင်ဖန်တီးသူများ၏ ဘေးမှကင်းဝေးစေရန် အားလုံးက ဝိုင်းဝန်းဟန့်တားကြရပါမည်။

သတင်းနှင့်မကင်းသော လူသားအားလုံးအတွက် သတင်းအစစ်အမှန်နှင့် သတင်းအတုအယောင်တို့ကို ပိုင်းခြားထင်ထင် ရှုမြင်နိုင်ဖို့လိုသည်။ သတင်းများအပေါ် ဘုမသိဘမသိရှုမြင်ခြင်းမှ လွန်မြောက်ကာ မိမိတို့ကိုဒုက္ခပေးမည့် သတင်းမှားများ၊ ပုံဖျက်သတင်းများ၊ လုပ်ကြံသတင်းများ၊ ရပ်ရွာလူထုအတွင်း ပဋိပက္ခဖြစ်စေနိုင်သောသတင်းများ စသည့်သတင်းများကို ဖယ်ရှောင်နိုင်အောင် ဆောင်ရွက်သင့်လှပေသည်။

သတင်းအတုအယောင်ဘေးမှ ကင်းဝေးရေးအတွက် မည်သည့်အရင်းအမြစ်မှ သတင်းပေးပို့သည်ကို စိစစ်ရပါမည်။ တိကျမှန်ကန်သော အကိုးအကားများအသုံးပြု၍ ရေးသားထားသောသတင်း ဟုတ်၊ မဟုတ် ပိုင်းခြားစိတ်ဖြာရပါမည်။ ဘာသာစကားအရ သဒ္ဒါအသုံးအနှုန်းမှန်ကန်ခြင်းရှိ မရှိ ထောက်ချင့်ဝေဖန်ရန် လိုအပ်ပါသည်။ (တည်တည်တံ့တံ့သတင်းဌာနကြီးများသည် သဒ္ဒါအသုံးအနှုန်းမှစ၍ လုံးဝအမှားမရှိအောင် စိစစ်ပြီးမှသာ ဖော်ပြလေ့ရှိပါသည်။)

### ပုံမှားရိုက်ကာ အသုံးပြုခြင်းဖြစ်

တရားဝင်လုပ်ကိုင်နေသောသတင်း (Site) ဟုတ်၊ မဟုတ် လေ့လာကြည့်ပါဦး။ သတင်းအတုဖန်တီးသော (Sites)သည် အမှန်အကန်တည်ရှိနေသော သတင်းအဖွဲ့အစည်းများ၏ လိပ်စာများနှင့် လိုဂိုများ (အမှတ်သင်္ကေတများ)ကိုပင် ပုံမှားရိုက်ကာယူသုံးတတ်လေ့ရှိသည်။ ဥဒါဟရဏ်ဆိုသော် abcnews.go.com ကို abcnews.com.co ဟူ၍ ဆင်တူယိုးမှား ပုံမှားရိုက်ကာ အသုံးပြုခြင်းဖြစ်သည်။

ရံဖန်ရံခါတွင် အတုအယောင်ဖန်တီးထားသော သတင်းတစ်ပုဒ်သည် မှန်ကန်သော သတင်းတစ်ပုဒ်သဖွယ် အသွင်ယူထားတတ်သည်။ သို့ရာတွင် ယင်းသတင်းပါ အချက်အလက်များနှင့် ကိန်းဂဏန်းအများစုမှာ အမှန်တကယ်မဟုတ်ဘဲ လုပ်ကြံဖန်တီးထားခြင်းကို တွေ့မြင်နိုင်သည်။

ဥပမာဆိုရလျှင် သတင်းဖြစ်စဉ်နှင့် သတင်းဖြစ်စဉ်တွင် အကျုံးဝင်နေသူများကို မှန်ကန်စွာဖော်ပြထားသော်လည်း အကိုးအကားစကားပိုဒ်များကိုလည်းကောင်း၊ အချက်အလက်အချို့ကို လည်းကောင်း မမှန်မကန် လုပ်ကြံရေးသားဖော်ပြခြင်းမျိုးဖြစ်သည်။ တစ်နည်းအားဖြင့် အမှန်တစ်ဝက် အမှားတစ်ဝက် ရောကြိတ်သောနည်းဖြင့် တင်ဆက်ခြင်းဖြစ်သည်။ ဤတွင် သိမ်မွေ့သောရည်ရွယ်ချက်အရ မသိမသာလုပ်ကြံဖန်တီးသောသတင်းအချက်အလက်များကို မြင်အောင်ရှုရပါမည်။

သံသယဖြစ်ဖွယ်ကောင်းသော ဓာတ်ပုံအဖြစ် ယူဆပါက ယင်းဓာတ်ပုံကို စိစစ်နိုင်ရန် Google Reverse Image Search ကို အသုံးပြုနိုင်သည်။ မူရင်းဓာတ်ပုံတစ်ပုံကို ရည်ရွယ်ချက်တစ်ခုအတွက် အသုံးပြုလေ့ရှိပြီး မည်သည့်ရည်ရွယ်ချက်အရ ယင်းဓာတ်ပုံကို အသုံးပြုခဲ့သည်ဆိုခြင်းနှင့်ပတ်သက်၍ လေ့လာသုံးသပ်နိုင်သည်။

မိမိတို့၏ ရပ်ရွာအတွင်း ဖြစ်ပွားသည်ဟုဆိုသော သတင်းတစ်ပုဒ်အဖြစ် ပုံမှားရိုက်ကာ တင်ဆက်လာသည်

> "သတင်းနှင့်မကင်းသော လူသားအားလုံးအတွက် သတင်းအစစ်အမှန်နှင့် သတင်းအတုအယောင်တို့ကို ပိုင်းခြားထင်ထင် ရှုမြင်နိုင်ဖို့လိုသည်။ သတင်းများအပေါ် ဘုမသိဘမသိရှုမြင်ခြင်းမှ လွန်မြောက်ကာ မိမိတို့ကိုဒုက္ခပေးမည့် သတင်းမှားများ၊ ပုံဖျက်သတင်းများ၊ လုပ်ကြံသတင်းများ၊ ရပ်ရွာလူထုအတွင်း ပဋိပက္ခဖြစ်စေနိုင်သောသတင်းများ စသည့် သတင်းများကို ဖယ်ရှောင်နိုင်အောင် ဆောင်ရွက်သင့်လှပေသည်။"

ဟု ထင်မြင်ယူဆပါက ဒေသဆိုင်ရာသတင်းဌာနများက ယင်းသတင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရေးသားဖော်ပြထားခြင်း ရှိ၊ မရှိ ရှာဖွေလေ့လာကာ သုံးသပ်ရပါမည်။

အကယ်၍ သတင်းဖြစ်စဉ်တစ်ခုသည် ပြည်တွင်းသတင်းတစ်ပုဒ်မဟုတ်မူ၍ အခြားနိုင်ငံတစ်နိုင်ငံ၌ဖြစ်ပွားသည့် သတင်းဟုဆိုပါက နိုင်ငံတကာ၌ဖြစ်ပွားသော သတင်းဖြစ်စဉ်ဟုတ်၊ မဟုတ် စိစစ်နိုင်ရန် Snopes.com, PolitiFact. FactCheck.org အစရှိသည့် ဝက်ဘ်ဆိုက်များကို အသုံးပြုနိုင်သည်။

လူတို့ပျော်စေပျက်စေ ကလက်စေရန်ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ ရယ်မောစရာဇာတ်လမ်းအဖြစ် ဖျော်ဖြေတင်ဆက်နိုင်ရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း သရော်စာများ ရေးသားဖော်ပြခြင်းသည် လက်ခံနိုင်စရာရှိသည်။ နိုင်ငံတကာတွင် ထိပ်တန်းသတင်းစာကြီးများက သရော်စာကဏ္ဍကို သတ်သတ်မှတ်မှတ် ဖော်ပြလေ့ရှိသည်။ သရော်စာတွင် ဖော်ပြထားချက်များသည် အချက်အလက်အရ ချဲ့ကားမှုများရှိတတ်သော်လည်း သတင်းအတုအယောင်ဖန်တီးသူအချက်အလက်အရ ချဲ့ကားပုံမျိုးနှင့် မတူညီပေ။

### သတင်းအတုအယောင်ဟူသည်

သတင်းအတုအယောင်ဟူသည် အဝါရောင်သတင်းပညာ´ (Yellow Journalism) သို့မဟုတ် ဝါဒဖြန့်သတင်းပညာအသုံးပြု၍ ဖန်တီးထားသောသတင်းများကို ရည်ညွှန်းနိုင်သည်။

လူမှုကွန်ရက်မီဒီယာသုံးစွဲမှု အံ့မခန်းတိုးတက်လာသော ယနေ့ကာလတွင် သတင်းအတုအယောင်များကို စက္ကန့်ပိုင်းအတွင်း၊ မိနစ်ပိုင်းအတွင်း လွယ်လင့်တကူ ဖြန့်ချိလာနိုင်ခြင်းမှာ ရိုးသားသောပြည်သူများအား ဘေး ဒုက္ခတည်းဟူသော ကျုံးအတွင်းသို့ သွတ်သွင်းပုံမျိုးနှင့်တူသည်။

အစဉ်အလာအရတည်ရှိသော ပုံနှိပ်မီဒီယာနှင့် ရုပ်သံမီဒီယာတို့ကိုအသုံးပြု၍လည်း ပုံဖျက်သတင်းများကို တင်ဆက်နိုင်သည့်အန္တရာယ် ရှိနေသေးရာ အခါမလပ် ကျွန်ုပ်တို့ သတိချပ်အပ်လှသည်။

အစိုးရအဖွဲ့အစည်းတစ်ရပ်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်၊ လူပုဂ္ဂိုလ်တစ်ဦး၊ လုပ်ငန်းအဖွဲ့တစ်ခု စသည်တို့ ပျက်စီးရာပျက်စီးကြောင်းရည်ရွယ်ချက်ဖြင့် တလွဲသွေးဆောင်ရန် သတင်းအတုအယောင်ကို ဖြန့်ချိနိုင်သည်။ မိမိ၏ရပ်ရွာတစ်ခွင်တစ်ပြင်အတွင်း တစ်မုဟုတ်ချင်း ပျံ့နှံ့စေနိုင်သော သတင်းအတုအယောင်ကြောင့် ရပ်ရွာတည်ငြိမ်အေးချမ်းသာယာမှုကိုအချိန်အနည်းငယ်အတွင်းမှာပင် ဖျိုးဖျိုးဖျပ်ဖျပ်ဖျက်ဆီးနိုင်ပေရာ သတင်းအတုအယောင်သည် သွေးစုပ်ဖုတ်ကောင်ပမာ လွန်စွာကြောက်စရာကောင်းလှသည်။

### ကယောင်ချောက်ချားဖြစ်

လူတို့၏ စိတ်ခံစားချက်ကို ချက်ချင်းလက်ငင်း လှုံ့ဆော်ပေးနိုင်ခြင်း၊ မရိုးမသားပြုမူခြင်း၊ ပုံကြီးချဲ့ခြင်း၊ ဘေးကျပ်နံကျပ်ဖြစ်စေခြင်း စသည့်ဝိသေသတို့မှာ သတင်းအတုအယောင်၏ အမှတ်သင်္ကေတများဖြစ်သည်။ ရပ်ရွာအတွင်း တည်ငြိမ်မှုပျက်ပြားအောင်၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးလောက ကယောင်ချောက်ချားဖြစ်အောင်၊ နိုင်ငံရေးလောကအတွင်း သွေးဆူလာအောင်၊ အများပြည်သူတို့ စိတ်ချောက်ချားပြီး ဘောင်ဘင်ခတ်အပြုအမူများ ပြုမူလာစေအောင် သတင်းအတုအယောင်က ဖန်တီးပေးနိုင်သည်။

အွန်လိုင်းပေါ် စွေ့ခနဲတက်လာတတ်သော သတင်းအတုအယောင်များအပေါ် နားမယောင်ကြဘဲတည်တည်တံ့တံ့ လုပ်ကိုင်နေသော ပင်မရေစီးမီဒီယာများ၏ သတင်းများအပေါ်တွင်သာ ယုံကြည်အားကိုးကြရပါမည်။

သို့ရာတွင် ပင်မရေစီးမီဒီယာအချို့တွင်လည်း ဝါဒဖြန့်သည့်သဘောဖြင့် မသိမသာ ကြားညှပ်ဖော်ပြတတ်သည့် သတင်းအတုအယောင်ကို သတင်းအတုအယောင်အဖြစ် ရှုမြင်နိုင်အောင် သတိသမ္ပဇဉ် ဉာဏ်ယှဉ်ကြရပါမည်။

ယနေ့ကာလတွင် ကျင့်ဝတ်ရှိသော သတင်းပညာ၏ အနှစ်သာရကို ပိုမိုအလေးထားလာကြရသည်။ ဒစ်ဂျစ်တယ်ခေတ်ကြီးထဲတွင် မီဒီယာများ၏ အရည်အသွေးတိုးတက်မြင့်မားအောင် လှုပ်ရှားရုန်းကန်နေကြရဦးမည်ဖြစ်သည်။

ကျင့်ဝတ်ရှိသောသတင်းပညာသည် ဒီမိုကရေစီစနစ်ကိုလည်း မြှင့်တင်အားပေးပေရာ ပြည်သူတို့၏ ယုံကြည်ကိုးစားမှုရရှိရေးအတွက် သတင်းဌာနများအားလုံး ကျင့်ဝတ်သိက္ခာနှင့်အညီ ရေးသားဖော်ပြရန် လိုအပ်ပေလိမ့်မည်။

သတင်းအချက်အလက် နည်းပညာတော်လှန်ရေးကြီး ဆင်နွှဲရာတွင် သတင်းစားသုံးသူပြည်သူများ (သတင်းဖတ်ရှုသူများ) ကိုယ်တိုင်က သတင်းအတုအယောင်ဟုတ်၊ မဟုတ် စိစစ်ရန်လိုအပ်သလို သတင်းအတုအယောင်များကို ထိန်းချုပ်နိုင်ရန်လည်းသက်ဆိုင်ရာဥပဒေများပြဋ္ဌာန်း၍ ဆောင်ရွက်ရန်လည်း လိုအပ်ပေမည်။

### ရုန်းကန်လှုပ်ရှားလာကြရ

သတင်းအတုအယောင်ကို ထိန်းချုပ်ရေးအာဏာစက်ဖြင့် ဆောင်ရွက်လာရသည့်အခါ သတင်းသမားစစ်စစ်တို့မှာ ဆင်ဆာလုပ်မှုကို လမ်းဖွင့်ပေးသောဥပဒေသစ်များနှင့် ရင်ဆိုင်လာရသည်။ ကျင့်ဝတ်သိက္ခာနှင့်အညီ သတင်းများကို ရေးသားတင်ဆက်ပါမည်ဆိုသော ကတိကဝတ်ထိန်းသိမ်းနိုင်ရေးအတွက် လုပ်ဆောင်လာရသဖြင့် ဒစ်ဂျစ်တယ်တော်လှန်ရေးတွင် သတင်းသမားများအတွက် ဓားနှစ်ဖက်သွေးရသလို ပိုမို၍ရုန်းကန်လှုပ်ရှားလာကြရသည်။

ကမ္ဘာတစ်ဝန်းသို့ စက္ကန့်ပိုင်းအတွင်း သတင်းများဖြန့်ချိလာကြချိန်တွင် သတင်းအချက်အလက်များ အလွန်ပင် ဖောဖောသီသီရှိလာပေရာ ပြည်သူများကိုယ်တိုင် မျက်စိကိုဖွင့် နားကိုစွင့်၍ ချင့်ချင့်ချိန်ချိန် သုခမိန်ပမာ လေ့လာမှတ်သားကြရပါမည်။

အထူးသဖြင့် အွန်လိုင်းမီဒီယာမှတစ်ဆင့် သတင်းအတုအယောင်ကို တောမီးပမာ တစ်မုဟုတ်ချင်း ဖြန့်ချိနိုင်သောခေတ်ကြီးတွင် အသိဉာဏ်ပညာရေချိန်မြှင့်ကာ ပိုင်းခြားစိတ်ဖြာ ချင့်ယုံကြဖို့ အထူးပင်လိုအပ်လာပြီဖြစ်သည်။ သတင်းအတုအယောင်များအတွင်း ယောင်လည်လည်မဖြစ်ကြဘဲ သဲသဲကွဲကွဲ ရေရေလည်လည်နားလည်မှုရှိစေဖို့ အစဉ်သတိချပ်ရန် လိုအပ်သည်။

### အသိတရားရှိမှု

မြန်မာနိုင်ငံတွင် လူတိုင်းလိုလိုမိုဘိုင်းဖုန်းများနှင့် စမတ်ဖုန်းများ အသုံးပြုလာနိုင်ခြင်းကြောင့် သတင်းအချက်အလက် (Data) အသုံးပြုသူ ၃၃ သန်းထက်မနည်းရှိသည်ဟု လေ့လာသိရှိရသည်။ ဒစ်ဂျစ်တယ်ခေတ်တွင် သတင်းအချက်အလက်များ ဖောဖောသီသီရှိလာချိန်တွင် သတင်းအချက်အလက်ဆိုင်ရာ အသိတရားရှိမှု (Information Literacy) သည်လည်းကောင်း၊ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိတရားရှိမှု (Digital Literacy) သည်လည်းကောင်း အထူးပင်အရေးကြီးလှသည်။ သတင်းအချက်အလက်များကိုရှာဖွေတတ်ခြင်း၊ မိမိလက်ဝယ်ရောက်ရှိလာသော သတင်းအချက်အလက်များမှန်၊ မမှန် စိစစ်သုံးသပ်ခြင်း၊ သရုပ်ခွဲဆန်းစစ်ထားသော သတင်းအချက်အလက်များကို မိမိလုပ်ငန်းအတွက် ထိရောက်စွာ အသုံးချခြင်းတို့ကို သတင်းအချက်အလက်ဆိုင်ရာ အသိတရားရှိမှုဟု ခေါ်တွင်သည်။

ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိတရားရှိမှုဟူသော ဝေါဟာရ၏အဓိပ္ပာယ်မှာမူ ဒစ်ဂျစ်တယ်ပစ္စည်းများကို အသုံးပြု၍ သတင်းအချက်အလက်များကို ထိထိရောက်ရောက် အသုံးပြုခြင်းကို ဆိုလိုပါသည်။

သတင်းမီဒီယာများနှင့် မြန်မာနိုင်ငံ၌ရေပန်းအစားဆုံး Facebook ကဲ့သို့သော လူမှုကွန်ရက်မီဒီယာများတွင် အဓိကအားဖြင့် သတင်းအချက်အလက်သုံးမျိုးကို တွေ့ရလေ့ရှိသည်။ ယင်းတို့မှာ မှန်ကန်သောသတင်းအချက်အလက်များ (Information)၊ မှန်တစ်ဝက် မှားတစ်ဝက် ဖော်ပြထားသော သတင်းအချက်အလက်များ (Mix Information) နှင့် သတင်းအမှားထုတ်လွှင့်ခြင်း (Disinformation) ဟူ၍ဖြစ်သည်။

### လုပ်ကြံခြင်းအဖြစ် ရှုမြင်နိုင်

မှန်ကန်သောသတင်းအချက်အလက်များကို တစ်ဦးမှ တစ်ဦးထံသို့ မျှဝေခြင်းသည် သူတစ်ပါးသိရှိစေလိုသော ကောင်းမြတ်သည့်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်သဖြင့် ပြည်သူတို့ အကျိုးများနိုင်သည်။ သို့ရာတွင် မှန်တစ်ဝက် မှားတစ်ဝက်တင်ဆက်သည့် သတင်းများမှာမူ တမင်ရည်ရွယ်ချက်ရှိရှိဖြင့် ထုတ်လွှင့်ခြင်းဖြစ်သဖြင့် မရိုးမသားဆောင်ရွက်ချက်အဖြစ် ရှုမြင်နိုင်သည်။

စာမျက်နှာ ၂၂ သို့

# လေဆိပ်မှာ ခြေချင်းဝတ်ကို ထိခိုက်မိခဲ့တဲ့ ဂျင်နီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ "BLACK PINK" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျင်နီဟာ လတ်တလောမှာ အင်ချွန်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သူ့ရဲ့ ခြေချင်းဝတ်ကို ထပ်မံထိခိုက်ခံခဲ့ရ ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းမှာ ရေးသားဖော်ပြထားတဲ့ သတင်း တစ်ပုဒ်အရ သိရပါတယ်။

ဂျင်နီဟာ မကြာသေးမီက ဂျပန်နိုင်ငံမှာ ပြုလုပ်ခဲ့တဲ့ အဖွဲ့ရဲ့ တေးဂီတ ဖျော်ဖြေပွဲမှာလည်း ခြေချင်းဝတ် ဒဏ်ရာ ရရှိထားပါတယ်။ ဒဏ်ရာ ကတော့ မပြင်းထန်ပေမယ့် အင်ချွန်း အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာလည်း နောက်ထပ် ခြေချင်းဝတ်ဒဏ်ရာ ရခဲ့တာ ဖြစ်ပါတယ်။ လေဆိပ်မှာ ဂျင်နီရဲ့ နောက်ကလျှောက်လှမ်း လာတဲ့ အမျိုးသမီးတစ်ဦးက သူ့ရဲ့ ခရီးဆောင်သေတ္တာနဲ့ ပေါ့ပ်ကြယ်ပွင့်ရဲ့ ခြေချင်းဝတ်ကို တိုက်မိခဲ့တာဖြစ်ပါတယ်။ နောက်ကနေ ဝင်တိုက်လိုက်တဲ့အချိန် ဂျင်နီက နာကျင်မှုကြောင့် အော်ခဲ့ပြီး ချော်လဲတော့မလို ဖြစ်ခဲ့ရပုံကို ပရိသတ်တစ်ဦး ရိုက်ကူးထားတဲ့ ဗီဒီယိုမှာ တွေ့မြင်ခဲ့ရပါတယ်။ ဒီအဖြစ်အပျက်ကို လေဆိပ်မှာရှိတဲ့ ပရိသတ်တွေရိုက်ကူးထားတဲ့ ဗီဒီယိုတွေမှာ တွေ့ရပြီး ရှုထောင့်အမျိုးမျိုးက ရိုက်ထားတဲ့ ဗီဒီယိုတွေမှာ ဂျင်နီရဲ့ ညာဘက်ခြေချင်းဝတ်ကို တိုက်မိခဲ့တာ တွေ့ရပါတယ်။

ဒီလိုဒဏ်ရာရခဲ့ပြီးနောက် ဂျင်နီဟာ အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ ဂျီစိုးရဲ့ ပခုံးကိုမှီကာ မတ်တတ်ရပ်နေပြီး နာကျင်နေတဲ့ပုံလည်း ပေါ်နေပါတယ်။ နောက်ပိုင်းမှာတော့ ပြန်လည်သက်သာပြီး သူ့ရဲ့ပရိုမိုးရှင်းလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်ခဲ့တာကို တွေ့ရပါတယ်။

ဒီအဖြစ်အပျက်နဲ့ ပတ်သက်ပြီး ပရိသတ်တွေက အွန်လိုင်းမီဒီယာတွေပေါ်မှာ အမျိုးမျိုးဝေဖန်ခဲ့ကြပါတယ်။ အချို့ကလည်း ဂျင်နီအတွက် အမြန်သက်သာစေကြောင်း ဆုတောင်းပေးခဲ့ကြပြီး အချို့ကလည်း ပေါ့ပ်ကြယ်ပွင့်ကို ဒဏ်ရာရအောင်တမင်ကြံစည်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြပါတယ်။ အဖွဲ့အတွက် လုံခြုံရေးတွေ ဝန်းရံထားတဲ့ကြားက ယခုလို တိုက်မိခဲ့တာဖြစ်ပြီး အားလုံးဟာ အလျှင်စလိုမဟုတ်ဘဲ အေးအေးဆေးဆေး လမ်းလျှောက်လာစဉ် နောက်ကနေဝင်တိုက်မိခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။



အေး
ပြည့်
ရေး
သား
သည်





# ဆယ်ကျော်သက်ပရိသတ်တစ်ဦးကို ပွေ့ဖက်ပေးဖို့ရာ ဖျော်ဖြေပွဲကို ရပ်တန့်ခဲ့တဲ့ ပင့်ခ်

သမီးလေးတစ်ဦးရဲ့မိခင်ဖြစ်ပြီး ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးလည်းဖြစ်တဲ့ ပင့်ခ်ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ သူ့ရဲ့ တေးဂီတဖျော်ဖြေပွဲမှာတော့ သူ့ရဲ့ပရိသတ်တစ်ဦး ဖြစ်တဲ့ ဆယ်ကျော်သက်မိန်းကလေးတစ်ဦးကို ပွေ့ဖက် နှစ်သိမ့်ပေးဖို့ရာ ဖျော်ဖြေပွဲကို ခေတ္တရပ်တန့်ခဲ့တာ ဖြစ်တယ်လို့ အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္လာနေ့မှာတော့ ပင့်ခ်ဟာ မကြာသေးမီကမှ မိခင်ဖြစ်သူကို ဆုံးရှုံးလိုက်ရတဲ့ အသက် ၁၄ နှစ်အရွယ်မိန်းကလေးကို သူ့ရဲ့ ဖျော်ဖြေပွဲအတွင်း ပွေ့ဖက် နှစ်သိမ့်ပေးခဲ့တာ ဖြစ်ပါတယ်။ အဆိုပါမိန်းကလေးဟာ လွန်ခဲ့တဲ့တစ်လခန့်က မိခင်ဖြစ်သူကို ဆုံးရှုံးခဲ့သူဖြစ်ပြီး သူဟာ တစ်ယောက်ယောက်ရဲ့ ပွေ့ဖက်နှစ်သိမ့်မှုကို လိုချင်နေသူတစ်ဦးဖြစ်တယ်လို့ သိရပါတယ်။

မိန်းကလေးရဲ့အမည်ကတော့ လိဂ်မာဖီလို့သိရပြီး သူနဲ့ မိခင်ဖြစ်သူတို့ဟာ ဩစတြေးလျမှာ ကျင်းပမယ့် ပင့်ခ်ရဲ့ ဖျော်ဖြေပွဲကို အတူတက်ရောက်အားပေးဖို့ရာ ဆန္ဒရှိခဲ့ကြတာ ဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ တစ်လခန့်က သူ့ရဲ့မိခင်ဟာ ကွယ်လွန်သွားခဲ့တာကြောင့် ဒီဆန္ဒတွေဟာ မပြည့်ဝနိုင်တော့ပါဘူး။ ဒါပေမယ့် အဆိုပါမိန်းကလေးရဲ့ အဒေါ်ဖြစ်သူက ဖျော်ဖြေပွဲကို အတူသွားရောက်ခဲ့ပြီး ပင့်ခ် မြင်သာစေဖို့ရာ ဝေ့ယမ်းအားပေးနိုင်ဖို့ ပိုစတာတွေလည်း ပြင်ဆင်လာခဲ့ပြီး အားပေးခဲ့ပါတယ်။ ပိုစတာမှာတော့ သူဟာ အသက် ၁၄နှစ်အရွယ်ရှိပြီဖြစ်တဲ့ လိဂ် ဖြစ်ကြောင်း၊ သူ့ရဲ့လှပတဲ့မိခင်ဖြစ်သူကို လွန်ခဲ့တဲ့လအတွင်း ဆုံးရှုံးခဲ့ရကြောင်း၊ ကျေးဇူးပြုပြီး သူ့ကို ပွေ့ဖက်ပေးစေလိုကြောင်း ရေးသားထားတာဖြစ်ပါတယ်။ ဒီပိုစတာကို ပင့်ခ်ကလည်း သတိထားမိခဲ့ကာ အဲဒီမှာပင် သူတို့ရဲ့ ရည်ရွယ်ချက်အောင်မြင်ခဲ့ပါတယ်။ ပွဲကို တက်ရောက်ခဲ့ကြတဲ့ သူတွေကလည်း လိဂ်ကို ရှေ့ဆုံးတန်းရောက်သည်အထိ ပို့ဆောင်ပေးခဲ့ကြပြီး ပင့်ခ်က သူ့ကို စက္ကန့် ၂၀ ခန့် ပွေ့ဖက်ထားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ လိဂ်ကို နှစ်သိမ့်ပေးဖို့ရာ ပင့်ခ်ဟာ ဖျော်ဖြေပွဲကို ရပ်တန့်ကာ ဖျော်ဖြေရေးစင်မြင့်အောက်ကိုဆင်းပြီး ပရိသတ်အကြားမှာ လိဂ်ကို ဖက်ထားခဲ့တာဖြစ်ပါတယ်။ ပင့်ခ်က လိဂ်နဲ့တွဲဖက်ကာ ဓာတ်ပုံတွေလည်း ရိုက်ကူးခဲ့ပြီး အမှတ်တရ လက်မှတ်တွေလည်း ရေးထိုးပေးခဲ့တာကိုလည်း တွေ့ရပါတယ်။

ပင့်ခ်ဟာ သူ့ရဲ့ ကျန်းမာရေးပြဿနာတွေကြောင့် ဆစ်ဒနီက ဖျော်ဖြေပွဲတွေကို ဖျက်သိမ်းခဲ့ပြီး လတ်တလောမှာတော့ ဘရစ်ဘိန်းမှာ ဖျော်ဖြေပွဲ ပြုလုပ်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

# နစ်ခ်ဂျိုးနက်စ်ကို ရင့်ကျက်သူပါလို့ ချီးကျူးလိုက်တဲ့ ပရီယင်ကာချိုပရာရဲ့မိခင်

စေ့စပ်ပွဲပါတီကို အိန္ဒိယမှာ ပြန်လည်ပြုလုပ်ခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲ နစ်ခ်ဂျိုးနက်စ်နဲ့ ပရီယင်ကာချိုပရာတို့အကြောင်းတွေဟာ လတ်တလောမှာတော့ စိတ်ဝင်စားစရာ သတင်းတစ်ခု ဖြစ်လို့နေပါတယ်။ စေ့စပ်ပွဲပါတီမှာ တွေ့ဆုံခဲ့ရတဲ့ နစ်ခ်ဂျိုးနက်စ်နဲ့ပတ်သက်ပြီး ပရီယင်ကာချိုပရာရဲ့ မိခင်ဖြစ်သူက နစ်ခ်ဂျိုးနက်စ်ဟာ ရင့်ကျက်သူတစ်ဦးဖြစ်ကြောင်း ဒေသတွင်း မီဒီယာတစ်ခုကို ပြောကြားခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း နစ်ခ်ဂျိုးနက်စ်နဲ့ မိသားစုဝင်တွေဟာ ပရီယင်ကာချိုပရာရဲ့ ဇာတိမြေ အိန္ဒိယမှာပြုလုပ်ခဲ့တဲ့ စေ့စပ်ပွဲအခမ်းအနားကို တက်ရောက်ဖို့ရာ အိန္ဒိယကို ရောက်ရှိခဲ့ပါတယ်။ ဒီလို စေ့စပ်ပွဲအခမ်းအနားကျင်းပခဲ့ပြီးနောက် လတ်တလောမှာတော့ ပရီယင်ကာချိုပရာရဲ့ မိခင်ဖြစ်သူက သူ့ရဲ့သမက်လောင်း နစ်ခ်ဂျိုးနက်စ်နဲ့ပတ်သက်ပြီး မီဒီယာကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

ပရီယင်ကာချိုပရာရဲ့ မိခင်ဖြစ်သူ မက်ဒူချိုပရာက "နစ်ခ်ဟာ တည်ငြိမ်ပြီး ရင့်ကျက်သူတစ်ဦးပါ၊ သူဟာလူကောင်းတစ်ဦးဖြစ်ပြီး မိသားစုဝင်တွေအားလုံးကလည်း သူ့ကို ချစ်ခင်ကြပါတယ်၊ သူဟာ အလွန်ယဉ်ကျေးသူတစ်ဦးလည်းဖြစ်ပါတယ်။ သူ့ထက်အသက် အရွယ်အရကြီးသူတွေကိုလည်း လေးစားသူပါ"လို့ ချီးကျူးစကားတွေ တစ်လျှောက်ကြီး ပြောခဲ့ပါတယ်။

ဒါ့အပြင် ဘောလိဝုဒ်မင်းသမီးတစ်ဦးအဖြစ်မှသည် ဟောလိဝုဒ်ကြယ်ပွင့်တစ်ဦးအဖြစ်ပါ အောင်မြင်လာတဲ့ ပရီယင်ကာချိုပရာရဲ့ မိခင်က သူဟာ သမီးဖြစ်သူရဲ့ ဆုံးဖြတ်ချက်တိုင်း မှန်ကန်မယ်လို့ ယုံကြည်ကြောင်း၊ သူဟာအရာရာကိုစဉ်းစားပြီးမှ ဆုံးဖြတ်တတ်သူဖြစ်တာကြောင့် သူ့ရဲ့ဆုံးဖြတ်ချက်တွေက ကောင်းမွန်တယ်လို့ အသေအချာယုံကြည်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲ နစ်ခ်ဂျိုးနက်စ်နဲ့ ပရီယင်ကာချိုပရာတို့ရဲ့ အိန္ဒိယမှာ ပြုလုပ်မယ့် စေ့စပ်ပွဲပါတီကို တက်ရောက်ဖို့ရာ နစ်ခ်ဂျိုးနက်စ်ရဲ့ မိသားစုဝင်တွေဟာ ပြီးခဲ့တဲ့ ဩဂုတ် ၁၆ ရက်မှာတော့ အိန္ဒိယကို ရောက်ရှိခဲ့ပြီး ပြီးခဲ့တဲ့ စနေနေ့မှာတော့ ပါတီပွဲ ဆင်နွှဲခဲ့ကြကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပရီယင်ကာချိုပရာနဲ့ အသက် ၂၅ နှစ်အရွယ် နစ်ခ်ဂျိုးနက်စ်တို့ဟာ ယင်းပါတီပွဲ ကျင်းပတဲ့နေ့မှာပင် နှစ်ဦးသားစေ့စပ်လိုက်ပြီဖြစ်ကြောင်း သူတို့ရဲ့ အင်စတာဂရမ်စာမျက်နှာတွေပေါ်မှာ တရားဝင်ဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ဒီလိုဖော်ပြရာမှာတော့ မွမ်ဘိုင်းမှာကျင်းပခဲ့တဲ့ ပါတီပွဲက သူတို့နှစ်ဦး အတူရိုက်ကူးထားတဲ့ ဓာတ်ပုံကိုလည်း တွဲဖက်ဖော်ပြခဲ့ပါတယ်။

ဒါ့အပြင် ကြယ်ပွင့်စုံတွဲဟာ နှစ်ဖက်မိဘတွေနဲ့တွဲကာ ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေလည်း ပါရှိတာတွေ့ရပြီး ဓာတ်ပုံတွေမှာ ပါဝင်သူတွေအားလုံး အပြုံးကိုယ်စီ ဆင်မြန်းထားကြတာကိုလည်း တွေ့ရပါတယ်။

နစ်ခ်ဂျိုးနက်စ်နဲ့ ပရီယင်ကာချိုပရာတို့ဟာ ချစ်သူတွေအဖြစ် လက်တွဲချိန်မှာတော့ ပရိသတ်တွေကို တရားဝင်အသိပေးခဲ့ခြင်းမရှိပါဘူး။ ဒါပေမယ့် နှစ်ဦးသားအတူ တွဲသွားတွဲလာများလာတာကြောင့် ဟောလိဝုဒ်မီဒီယာတွေက ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေ စတင် ရေးသားဖော်ပြခဲ့ကြပါတယ်။ နောက်ပိုင်းမှာတော့ တရားဝင်တွဲလာကြပြီး ချစ်သူသက်တမ်း အချိန်တိုအတွင်း စေ့စပ်ခဲ့ကြပါတယ်။ လတ်တလောမှာတော့ စေ့စပ်ပွဲပါတီကို ချိုပရာရဲ့ ဇာတိမြေမှာ တရားဝင်ကျင်းပခဲ့ပြီဖြစ်တာကြောင့် ကြယ်ပွင့်စုံတွဲရဲ့ မင်္ဂလာပွဲနေ့ကို ပရိသတ်တွေက စောင့်မျှော်နေကြတာလည်း ဖြစ်ပါတယ်။



# BTS ရဲ့တေးဗီဒီယိုသစ် စမ်းသပ်ထုတ်လွှင့်

ကမ္ဘာကျော် ကေပေ့ါပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ " BTS "ဟာ မကြာမီမှာ တေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်သွားတော့မှာ ဖြစ်ပြီး လတ်တလောမှာတော့ ယင်း တေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ရဲ့ တေးဗီဒီယိုကို စမ်းသပ်ထုတ်လွှင့်ခဲ့တာဖြစ်ကြောင်း အောကေပေ့ါပ်ဒေါ့ကွန်းရဲ့ ရေးသား ဖော်ပြချက်တွေအရ သိရပါတယ်။

" IDOL" တေးသီချင်းအတွက် အစမ်းဗီဒီယိုကို ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပြီး ယင်းတေးသီချင်းဟာ မကြာမီထုတ်လွှင့်တော့မယ့် အဖွဲ့ရဲ့ ပြန်လည် စုစည်းထားတဲ့ တေးအယ်လ်ဘမ် "Love Yourself: Answer" မှာ ပါဝင်မယ့် တေးသီချင်း တစ်ပုဒ်လည်းဖြစ်တယ်လို့ သိရပါတယ်။

ဒီအစမ်းတေးဗီဒီယိုမှာ တွေ့မြင်ခဲ့ရတာကတော့ တောင်ကိုရီးယား ရိုးရာနဲ့ လက်ရှိခေတ်ကို ပူးပေါင်း ဖန်တီးထားတာကိုလည်း တွေ့ရပါတယ်။ အဖွဲ့ဝင်တွေဟာ ရိုးရာဝတ်စုံတွေကို ဝတ်ဆင်ထားကြပြီး ဝတ်စုံဒီဇိုင်းတွေကို ခေတ်ရဲ့ ဖက်ရှင်အမြင်နဲ့ ယှဉ်ကာ ဆန်းသစ်ဖန်တီးထားတာကိုလည်း တွေ့ရပါတယ်။

"Love Yourself: Answer" တေးအယ်လ်ဘမ်တစ်ခုလုံးကိုတော့ လာမယ့် ဩဂုတ် ၂၄ ရက်မှာ စတင် ထုတ်လွှင့်ပေးသွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

တိုတိုထွာထွာဖတ်စရာ

## မယ်စဲ့၌ နိုင်ငံသားစိစစ်ရေးကတ်နေ့ချင်းပြီး ဆောင်ရွက်ပေး

**မယ်စဲ့**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် NRC အဖွဲ့တို့ပူးပေါင်း၍ ဩဂုတ် ၂၂ ရက်က မယ်စဲ့မြို့နယ်အတွင်းရှိ ကျောက်စုကျေးရွာသို့သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများနေ့ချင်းပြီး (အခမဲ့) ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မယ်စဲ့မြို့နယ်ဦးစီးမှူး ဦးစံထွန်းအေးနှင့် ဝန်ထမ်းများ၊ NRC အဖွဲ့တို့က အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများ၊ အသက် ၁၈ နှစ်ပြည့်ပြီးသူများ၊ အသက် ၁၈ နှစ်ပြည့် လဲလှယ်သူများ၊ မိတ္တူလျှောက်ထားသူများ စုစုပေါင်း ၃၆ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ခဲ့ပြီး မွေး/တိုးလာရောက်ဆောင်ရွက်သူ ကိုးဦးကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးနဲ၌ လျှပ်စစ်အန္တရာယ်ကင်းဝေးရေးဆောင်ရွက်

**မိုးနဲ**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် လျှပ်စစ်လိုင်းကြိုးများစစ်ဆေးခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ပင်သစ်ကိုင်းများ၊ ဝါးပင်များနှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက လွိုင်လင်းကျေးရွာ၊ ကုန်းလုံကျေးရွာ၊ ဆိုက်ဖယ်ကျေးရွာ၊ နမ့်မော်လေကျေးရွာနှင့်နားခံကျေးရွာတို့သို့ ပို့လွှတ်သော ၁၁ ကေဗွီဓာတ်အားလိုင်းတစ်လျှောက်တွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်နေစဉ် လျှပ်စစ်ဓာတ်အားကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ခေတ္တပိတ်ထားပြီး အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်လျှပ်စစ်မှူး ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်ခရိုင်တွင် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**ပြည်**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် မီးသတ်ဦးစီးဌာနတွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၁၈) ကို ပြည်ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ဩဂုတ် ၂၀ ရက်က ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

ယင်းသင်တန်းကို ရက်သတ္တနှစ်ပတ်ကြာဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး ခရိုင်အတွင်းရှိ မြို့နယ်မီးသတ်စခန်းများနှင့်နယ်မြေမီးသတ်စခန်းများမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၁၁၅ ဦးတက်ရောက်သင်ကြားခဲ့ကြောင်း ပြည်ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

**ပြည်သိမ်း**




## လူငယ်နှင့်မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၁၆၈) ရပ်ကွက် အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း၌ ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပသည်။

အမှတ် (၃) အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီး ဦးစံသိန်းက အဖွင့် အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇင်မင်းထွေး၊ မြို့မရဲတပ်ဖွဲ့မှူးဒုရဲမှူး ကျော်ဝင်းမောင်၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာအေးမူယာကျော်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြပြီး ကျောင်းသားကျောင်းသူများက မရှင်းလင်းသည်များကို မေးမြန်းခဲ့ကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် 'လူငယ်နှင့်မူးယစ်ဆေးဝါး' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲသို့ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၂၂၀ ကျော် တက်ရောက်ခဲ့သည်။**မင်းမင်း(ဆိပ်ကမ်း)**

## ကျောင်းမုန့်ဈေးတန်း၌ ရောင်းချသောအစားအစာများအား ရှောင်တခင်စစ်ဆေး



**ညောင်တုန်း ဩဂုတ် ၂၃**

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့က ဦးဆောင်၍ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ ပညာရေးဦးစီးဌာနနှင့် မြို့နယ် ပြန်/ဆက်ဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသော အစားအစာများအား ကျန်းမာရေးနှင့်ညီညွတ်ခြင်း ရှိ-မရှိ၊ ရက်လွန်စားသောက်ကုန်များနှင့် FDA ထောက်ခံချက်မရှိသော စားသောက်ကုန်များ ရောင်းချခြင်း ရှိ-မရှိကို ဩဂုတ် ၂၁ ရက် မွန်းတည့် ၁၂ နာရီက ညောင်တုန်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မုန့်ဈေးတန်း၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှောင်တခင်စစ်ဆေးရာတွင် မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းက ယခုလို ရှောင်တခင်ကွင်းဆင်းစစ်ဆေးရာတွင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးအန္တရာယ်ဖြစ်စေနိုင်သော အစားအသောက်များကို ကျောင်းမုန့်ဈေးဆိုင်များက ရောင်းချခြင်းမရှိစေရေးအတွက် ရှောင်တခင် ကွင်းဆင်းစစ်ဆေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများက ကျောင်းမုန့်ဈေးတန်းတွင် စားသုံးရန်မသင့်သော မုန့်ပဲသရေစာများမျိုးစုံပါဝင်သော ဗီနိုင်းအား ဈေးဆိုင်ပိုင်ရှင်များနှင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေးပြသခဲ့သည်။

ထို့နောက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာရတနာစာကြည့်တိုက်တွင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းနှင့် ညောင်တုန်းမြို့နယ် စားသုံးသူရေးရာဦးစီးမှူး ဦးအောင်လွင်တို့က စားသုံးသူရေးရာအကြောင်းသိကောင်းစရာများ၊ စားသုံးသူအကာကွယ်ပေးရေးဥပဒေများအကြောင်းတို့ကို ဆရာ ဆရာမများနှင့် ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသော ဈေးဆိုင်ပိုင်ရှင်များအား အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာလုပ်သား ၁၉၉ ဦး၏ ပြဿနာအား မြန်မာအေဂျင်စီနှင့် ထိုင်းအေဂျင်စီတို့ ပူးပေါင်းဖြေရှင်း



**ဘန်ကောက် ဩဂုတ် ၂၃**

ထိုင်းအလုပ်ရှင်နှင့် မန်နေဂျာ ပြဿနာဖြစ်ပြီး ငြင်းပယ်မှုကြောင့် အလုပ်မရဘဲ အခက်အခဲတွေ့နေသော MoU အလုပ်သမား ၁၉၉ ဦး ကိစ္စကို မြန်မာအေဂျင်စီနှင့် ထိုင်းအေဂျင်စီတို့အား MOEAF (ဘန်ကောက်) Call Centre သို့ခေါ်ယူ၍ ဖြေရှင်းပေးခဲ့ရာ ပြေလည်မှုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်သမားများမှာ ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်ကုမ္ပဏီကြီးတစ်ခုတွင် အလုပ်လုပ်ရန် ဩဂုတ် ၁၅ ရက်က ထိုင်းနိုင်ငံသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ အလုပ်ရှင်ဖြစ်သူက လက်မခံ၍ မြန်မာအေဂျင်စီနှင့် ထိုင်းအေဂျင်စီတို့မှ မြန်မာအလုပ်သမားသံအရာရှိရုံး၊ MOEAF (ဘန်ကောက်)Call Centre တို့သို့ တိုင်ကြားအကူအညီ တောင်းခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်အရ အဆိုပါအလုပ်သမားများ ကိစ္စသည် အလုပ်ရှင်ဖြစ်သူ မသိရှိဘဲ မန်နေဂျာဖြစ်သူကဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် အလုပ်ရှင်နှင့် မန်နေဂျာအကြား ပြဿနာမှတစ်ဆင့် အလုပ်သမားများအခက်အခဲ ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း၊ အဆိုပါပြဿနာအား အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးက ထိုင်းအလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားကာကွယ်စောင့်ရှောက်ရေးရုံး (ဆဝါတီကန်) တို့သို့ ချိတ်ဆက်ဖြေရှင်းပေးနိုင်ရေး အကူအညီတောင်းခံမှုကြောင့် မြန်မာ၊ ထိုင်းအေဂျင်စီ နှစ်ခုမှ ပူးပေါင်းတာဝန်ယူဖြေရှင်းပေးရန် ထိုင်းအလုပ်သမားဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ ပူးပေါင်းဖြေရှင်းပေးခဲ့ရာမှ ဗီဇာခ၊ အလုပ်ပါမစ်ခ၊ ဆေးစစ်ခ၊ ဝန်ဆောင်ခတို့အတွက် အလုပ်သမားတစ်ဦးလျှင် ဘတ် ၇၀၀၀ စီဖြင့် စုစုပေါင်း ဘတ်တစ်ဆယ့်သုံးသိန်းကိုးထောင်အား ထိုင်းအေဂျင်စီမှ မြန်မာအေဂျင်စီသို့ ပြန်လည်ပေးအပ်ရန်၊ အလုပ်အသစ်သို့ အလုပ်သမားများဆန္ဒနှင့်အညီရရှိအောင် အမြန်ဆုံးပြောင်းရွှေ့ ဆောင်ရွက်ပေးရန်၊ အလုပ်မရခင်အတွင်း ထိုင်းအေဂျင်စီမှ အလုပ်သမားများအတွက် တာဝန်ယူ စောင့်ရှောက်ပေးရန် သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။

မြန်မာအေဂျင်စီအနေဖြင့် အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦး၏ ခွင့်ပြုချက်ဖြင့် အလုပ်သမား ၆၀ အား နခုံပထုံမြို့ရှိ နာမည်ကျော် Dee Stone International Co.,Ltd. တာယာစက်ရုံသို့လည်းကောင်း၊ Swizz One Co.,ltd. သို့ ၆၀ အားလည်းကောင်း၊ Star Truck Co.,Ltd. သို့ ၄၀ အားလည်းကောင်း၊ အလုပ်ရရှိစေရန် ဩဂုတ် ၂၀ ရက်တွင် ရွေးချယ်ပြီးစီး၍ မကြာမီ ရက်ပိုင်းအတွင်း လုပ်ငန်းခွင်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ ကျန်အလုပ်သမားများအား SC Precision Co.,Ltd.သို့ ပို့ဆောင်ပေးရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"မြန်မာ အလုပ်သမားများအနေနှင့် ထိုင်းနိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်ရာတွင် နှစ်နိုင်ငံ သဘောတူထားသည့် MoU စနစ်ဖြင့်သာလျှင် လာရောက်လုပ်ကိုင်ကြရေး၊ အခက်အခဲ တစ်စုံတစ်ရာ ဖြစ်ပေါ်ပါက မြန်မာသံရုံး၊ အလုပ်သမား သံအရာရှိ၊ MOEAF(ဘန်ကောက်) ထံ တိုင်ကြားအကူအညီတောင်းခံခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးနေလျက်ရှိကြောင်း၊ တရားမဝင်လာရောက်ခြင်းမပြုကြရေး MOEAF (ဘန်ကောက်) CallCentre က အသိပေး ထုတ်ပြန်ထားကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

## နမ့်စန်-မိုးနဲ-လင်းခေးလမ်း မိုးနဲလမ်းပိုင်း တိုးချဲ့ဆောင်ရွက်

**မိုးနဲ ဩဂုတ် ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် လမ်းဦးစီးဌာနမှ နမ့်စန်-မိုးနဲ-လင်းခေး ပြည်ထောင်စုလမ်း မိုးနဲလမ်းပိုင်း ကျောက်တောင်မိုင်းခွဲလမ်းတိုးချဲ့ခြင်းလုပ်ငန်းကိုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းပိုင်း မိုင်တိုင်အမှတ်- ၆၀ ဒသမ ၄ ကီလိုမီတာမှ ၆၄ ဒသမ ၄၂ ကီလိုမီတာအတွင်း ၁ ဒသမ ၄ ကီလို မီတာအား လမ်းတာပေါင်အကျယ် ၁၂ ဒသမ ၁၉ မီတာ၊ ကျောက်တောင်၊ မြေတောင် မိုင်းခွဲခြင်း၊ လမ်းတိုးချဲ့ခြင်းကိုဆောင်ရွက်လျက်ရှိရာ ၁ ဒသမ ၂ ကီလိုမီတာ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ကျန်လမ်းပိုင်းကို စက်တင်ဘာလအတွင်း အပြီးဆောက်ရွက်သွားမည်ဖြစ်ကြောင်း လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးမိုးလွင်က ပြောကြားသည်။

**(မဗ၁)**



# ဝါခေါင်လပြည့်နေ့တွင် ဗိုလ်တထောင်စေတီတော်၌ တိုင်းရင်းဆေးကုသခြင်းနှင့် ဆေးလှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော်မြတ်ကြီး၌ ဝါခေါင်လပြည့်နေ့တွင် ဥပုသ်သီတင်းသီလ ဆောက်တည်ကြသော လူပုဂ္ဂိုလ်များနှင့် ရဟန်းသံဃာများအား ကုသိုလ်ပြု တိုင်းရင်းဆေး ကုသခြင်းနှင့် ဆေးလှူဒါန်းပွဲကို ဗိုလ်တထောင်စေတီတော် ဂေါပကအဖွဲ့နှင့် မိခင်တိုင်းရင်းဆေးမိသားစုတို့မှ ပူးပေါင်းကာ အဆိုပါစေတီတော်ရင်ပြင် သောကြာဆောင်၌ ကျင်းပသွားမည်ဖြစ်သည်။



လှူဒါန်းမှုတွင် ယခင်နှစ်များနည်းတူ ဗိုလ်တထောင်စေတီတော်သို့ ဥပုသ်သီတင်းသီလ ဆောက်တည်ရန်ရောက်ရှိလာကြသော လူပုဂ္ဂိုလ်များ၊ ဘုရားဖူးလာပြည်သူများနှင့် ရဟန်းသံဃာတော်များအား တောင်ဒဂုံမြို့နယ်၊ ကော့မှူးမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ခရမ်းသုံးခွမြို့နယ်တို့မှ ဝါရင့်တိုင်းရင်းဆေးဆရာ ဆရာမများက ရောဂါစစ်ဆေးပြီး ၎င်းတို့နှင့်ကိုက်ညီသော ဆေးဝါးများ ကုသပေးခြင်းနှင့် တိုင်းရင်းဆေးလှူဒါန်းမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဗိုလ်တထောင်စေတီတော်ကြီးမှာ တိုင်းရင်းဆေးကုသခြင်းနဲ့ ဆေးအလှူပြုလာတာ အခုဆိုနှစ်ပေါင်း ၂၀ ကျော်လာပါပြီ၊ ဝါတွင်း လပြည့် လကွယ်နေ့ကျရောက်တိုင်း ဆေးလှူဒါန်းမှုကိုပြုနိုင်တာပေါ့လေ၊ ဂေါပကအဖွဲ့ကိုလည်း ကျေးဇူးတင်သလို အများပြည်သူတွေကိုလည်း ကျန်းမာစေချင်ပါတယ်။ အဲဒီနေ့မှာ မြို့နယ်အသီးသီးက တိုင်းရင်းဆေးဆရာတွေ စုရုံးရောက်ရှိကြပြီး ရောဂါရှာဖွေစစ်ဆေးတာတွေ၊ ဆေးချက်ချကာ ဆေးလှူဒါန်းတာတွေ ဆောင်ရွက်သွားမှာဖြစ်လို့ အခမဲ့လာရောက်ကုသကြပါလို့ ပြောချင်ပါတယ်" ဟု မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) တိုင်းအလုပ်အမှုဆောင် ဆရာကြီး ဦးမြင့်သောင်းက ပြောသည်။

အဆိုပါ ဆေးကုသမှုကို ဗိုလ်တထောင်စေတီတော်ဂေါပကအဖွဲ့နှင့် မိခင်တိုင်းရင်းဆေးဝါးကုသထုတ်လုပ်ဖြန့်ချိရေးမိသားစုတို့ ပူးပေါင်းဆောင်ရွက်မှုအဖြစ် တိုင်းရင်းဆေးကုသိုလ်ပြုအလှူကို ဗိုလ်တထောင်စေတီတော်မြတ်ကြီးတွင် ၁၉၈၉ ခုနှစ်မှစတင်ပြီး ဝါတွင်း လပြည့်၊ လကွယ်နေ့ကျရောက်တိုင်း တစိုက်မတ်မတ် လှူဒါန်းဆောင်ရွက်နိုင်ခဲ့ရာ ယခုအခါတွင် နှစ်ပေါင်း ၂၇ နှစ်ကျော်တွင် အကြိမ်ပေါင်း ၂၀၀ ကျော် တစ်ခါလှူလျှင် လူဦးရေ ၂၀၀ မှ ၄၀၀ ခန့်အထိ လှူဒါန်းနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# ကျောက်ကြီးမြို့နယ်၌ အစဉ်အလာမပျက်ကျင်းပမည့် လှေလှော်ပြိုင်ပွဲ အကြိုလေ့ကျင့်

**ကျောက်ကြီး ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မြို့လယ်ချောင်းအတွင်း မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို နှစ်စဉ် တော်သလင်းလဆန်း ၈ ရက်တွင် ကျင်းပမြဲဖြစ်ရာ ယခုနှစ်ဆိုလျှင် အကြိမ် ၁၃၀ မြောက် ရှိသွားပြီဖြစ်သည်။

ထိုလှေလှော်ပြိုင်ပွဲသို့ ဒေသခံများအပြင် ရပ်ဝေး၊ ရပ်နီးမှ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသည့် လှေသဘင်ပွဲတော်ဖြစ်သည့်အားလျော်စွာ ပါဝင်ယှဉ်ပြိုင်ကြမည့် လှေလှော်အသင်းများအနေဖြင့် ယခုကတည်းက ကြိုတင်လေ့ကျင့်နေကြပြီဖြစ်သည်ကို တွေ့ခဲ့ရသည်။

လှေလှော်ပြိုင်ပွဲဝင်များအား အတွေ့အကြုံရင့်ကျက်သူများက အသင်းအလိုက်နည်းပြပေးလျက်ရှိရာ "လှေလှော်တဲ့အားကစားနည်းဟာ ခွန်အားလုံ့လစိုက်ထုတ်ရတဲ့ အားကစားနည်းတစ်ခုဖြစ်တယ်၊ သို့သော် ခွန်အားကြီးနေရုံနဲ့မပြီးဘူး၊ စိတ်ဓာတ်ကြံ့ခိုင်ဖို့နဲ့ ဇွဲနပဲရှိဖို့လိုသလို အသင်းလိုက်စုစည်းညီညွတ်မှသာ အောင်ပန်းဆင်နိုင်မှာဖြစ်တဲ့အတွက် လေ့ကျင့်မှုရယ်၊ စိတ်ဓာတ်ပိုင်းနဲ့ အသင်းလိုက်စုစည်းမှုကို အလေးထားသင်ပြပေးနေတာပါ" ဟု လှေလှော်အသင်းများကို နည်းပြပေးနေသူတစ်ဦးက ပြောကြားသည်။

လှေလှော်ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ယခုကတည်းက ကြိုတင်လေ့ကျင့်ခြင်းအားဖြင့် မိမိတို့လှော်ခတ်ရမည့် လှေအမျိုးအစား၊ ရေစီးကြောင်းအတွေ့အကြုံများကိုပါ သိရှိနိုင်မည့်အခွင့်အရေး ရရှိမည်ဖြစ်သည်။ **ကိုလွင်(ဆွာ)**

# ကျန်းမာရေးကဏ္ဍ ဆွေးနွေး

**မြစ်သား ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ကျန်းမာရေးကဏ္ဍဆွေးနွေးပွဲကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီက ကျင်းပကြောင်း သိရသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီးက မိမိတို့ ပြည်သူ့ဆေးရုံ၏ကျန်းမာရေးစောင့်ရှောက်မှုများကို ဦးဆောင်ဆွေးနွေးခဲ့ရာ တက်ရောက်လာကြသူများက လူနာများ၏ ဆေးကုသမှုအခက်အခဲများကို တင်ပြဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းမြမြသင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်မင်းထွန်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကိုကိုတို့က ဦးဆောင်ဆွေးနွေးခဲ့ပြီး ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပရဟိတ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# သစ်သားပန်းပုရုပ်တုထုသူများ ဒေသများအရောက် လိုက်လံထုဆစ်

**သထုံ ဩဂုတ် ၂၃**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ စားသောက်ဆိုင်များတွင် အလှထားရန်အတွက် သစ်သားပန်းပုရုပ်အမျိုးမျိုးကို အော်ဒါလက်ခံ၍ မြန်မာ့ရိုးရာ အရုပ်များအား အော်ဒါမှာရာ နေရာဒေသများတွင် လိုက်လံ၍ မြန်မာပန်းပုဆရာများက ထုဆစ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"အလုပ်ရှင်ရဲ့စိတ်ကြိုက် ပုံစံအမျိုးမျိုးကို ထုလုပ်ပေးရတာပါ၊ အရွယ်အစားအမျိုးမျိုးကို မူတည်ပြီး ထုလုပ်ရမယ့်အချိန်၊ နေရာကိုကြည့်ပြီး လုပ်အားခကို ရယူပါတယ်" ဟု သစ်သားပန်းပုလုပ်ငန်းကို နှစ်ပေါင်း ၃၀ ကြာ လုပ်ကိုင်ခဲ့သူ ဦးခင်ဇော်ဦး (နဂါးမင်း) က ပြောသည်။

စွန့်ပစ်ပစ္စည်းများဖြစ်သည့် သစ်မြစ်၊ သစ်ဆွေးများကို တန်ဖိုးမြင့် ကုန်ချောများဖြစ်လာအောင်၊ မြန်မာ့အနုပညာဖြစ်သော ပန်းပုပညာဖြင့် အသက်မွေးနေကြသော ပညာရှင်များအား သစ်သားပန်းပုရုပ်တုများကို လွတ်လပ်စွာ ရောင်းဝယ်ဖန်တီးခွင့်ကို ခွင့်ပြုပေးစေချင်ကြောင်း ပန်းပုဆရာကြီး ဦးဌေးက ဆိုသည်။

"ဒီရုပ်တုတွေကို ဆိုင်ရဲ့အလှတရား ပေါ်လွင်စေအောင် ဆိုင်အဝင်ဝ၊ သင့်တော်တဲ့ အများမြင်ကွင်းမှာ ထားမှာပါ၊ ဒါ့အပြင် မြန်မာ့ရိုးရာအနုပညာကို လေးစားလို့ ပန်းပုရုပ်တုအရောင်းဆိုင်တစ်ဆိုင် ဖွင့်မယ်လို့ စိတ်ကူးထားပါတယ်" ဟု စားသောက်ဆိုင်ပိုင်ရှင် ဦးကျော်ဝေက ပြောသည်။



မြန်မာ့ပန်းပုဖြင့် အနုပညာပန်းပုရုပ်တုများကို ပိတောက်၊ ကုက္ကို၊ ထောက်ကြံ့၊ သစ်စေးသားများဖြင့် အများဆုံး ထုလုပ်ပုံဖော်ကြပြီး သစ်သားအရေအသွေး၊ အရွယ်အစား၊ အနုပညာလက်ရာအလိုက် ငွေကြေးတန်ဖိုးမြင့်တက်ပြီး ထုဆစ်သူ ပန်းပုဆရာများမှာ နေ့စားခ (အရည်အချင်းအလိုက်) သာ ရရှိကြကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

## တိုတိုထွာထွာဖတ်စရာ

### ယာဉ်အန္တရာယ်ကင်းရှင်းရေးပူးပေါင်းဆောင်ရွက်

**အမ်း**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ပျဉ်းတောကျေးနီးလမ်းဆုံ၌ ဩဂုတ် ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲက ဆိုင်ကယ်စီးနင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ယာဉ်ထိန်းရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများပူးပေါင်း၍ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ လမ်းညွှန်ချက်အတိုင်း ဆိုင်ကယ်စီးနင်းသူများ၏ ဦးထုပ်နောက်တွင် ရောင်ပြန် (Sticker) များ ကပ်ပေးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အင်းတော်မြို့နယ်၌အသိပညာပေးဟောပြော

**အင်းတော်**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နန့်ဆင်-ကျွန်းတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တွင် ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီကလည်းကောင်း၊ သီလကျေးရွာအလယ်တန်းကျောင်းတွင် မွန်းလွဲ ၁ နာရီခွဲကလည်းကောင်း အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဆန်နီက လူငယ်နှင့် မူးယစ်ဆေးဝါးအကြောင်းကိုလည်းကောင်း၊ အင်းတော်မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးမှ ရဲအုပ်မျိုးမင်းအောင်က လူကုန်ကူးမှုအန္တရာယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေညိုက သက်ငယ်မုဒိမ်းမှုဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်ရန် သတိထားဆင်ခြင်ရမည့်အချက်များကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြသည်။ **ကိုမင်း(အင်းတော်)**

### ပူတာအို၌ ဝန်ထမ်းများအား စွမ်းရည်မြှင့်သင်တန်းဖွင့်

**ပူတာအို**

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ ဝန်ထမ်းများအား လူထုရှေ့တွင် စကားပြောစွမ်းရည်၊ ကွန်ပျူတာအခြေခံစွမ်းရည်နှင့် GIS ပညာ အခြေခံသင်တန်းကို ဩဂုတ် ၂၀ ရက်မှ ၂၈ ရက်ထိ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ပညာပေးပြခန်း ခန်းမ၌ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ ဝန်ထမ်းစုစုပေါင်း ၂၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

### ကြံခင်းမြို့တွင် ဘီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေး

**ကြံခင်း**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဘီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်းကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီမှစတင်၍ ရွာသစ်ရပ်ကွက် မြို့မရပ်ကွက်နှင့် ရွှေတောင်စုရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများ၌ ပြုလုပ်သည်။

အဆိုပါ ဘီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်းသည် ကလေးများ၏ ကိုယ်ခံအားနှင့် မျက်စိအာရုံကြောကောင်းစေရန်အတွက်ဖြစ်ပြီး ခြောက်လအထက်မှ ငါးနှစ်အောက်ကလေး ၂၈၀ ကို ဘီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန် ချိန်ပေးခြင်းများ ပြုလုပ်ခဲ့ပြီး ကလေးငယ်များကို အာဟာရမှုန့်များ ပေးဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ရွှေပြည်သာ၌ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်ဆောင်ရွက်

**ရန်ကုန်**

ရန်ကုန်မြို့တော်လျှပ်စစ်ကော်ပိုရေးရှင်း ရွှေပြည်သာမြို့နယ်လျှပ်စစ်ရုံးမှ ဝန်ထမ်းများသည် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသည့်သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းလျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် ရွှေပြည်သာမြို့နယ် အမှတ် (၂၀) ရပ်ကွက်အတွင်းရှိ မီးကြိုးများနှင့်မလွတ်ကင်းသော သစ်ပင်များအား လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စေတုတ္တရာမြို့၌ လူငယ်စကားဝိုင်းပြုလုပ်

**စေတုတ္တရာ**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့ အထက ၅ ၌ ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီက "လူငယ်တို့၏ စာရိတ္တစည်းကမ်းနှင့် ခေါင်းဆောင်မှု" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ပြုလုပ်သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ မြို့နယ်ပညာရေးမှူး ဦးသောင်းစိန်၊ အထက ကျောင်းအုပ်ကြီး ဒေါ်မာမာသက်တို့က ခေါင်းဆောင်ဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

စကားဝိုင်းသို့ ကျောင်းသား ကျောင်းသူ လူငယ်များနှင့် ဌာနဆိုင်ရာဝန်ထမ်း ၁၅၅ ဦး တက်ရောက်ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## ထမန်မှသည်ထမံသီသို့(၄)

# တောကောင်းခြင်းရဲ့ပြယုဂ်သို့မဟုတ်တောတောင်တို့၏ဆည်းလည်းသံပိုင်ရှင်များ

ညီတူး

သဘာဝတော၊ တောင်တို့၏ တစ်နေ့တာ သက်ဝင်လှုပ်ရှားမှုကို နှိုးထစေသော သံစဉ်များအဖြစ် နံနက်အရုဏ်ဦးတွင် သူတို့၏ အော်သံတွေကို တစ်မိုင်ကျော်အကွာအဝေးမှပင် သင့်အနေဖြင့် ကြားနိုင်ပါသည်။

သူတို့ နေထိုင်ရာ သစ်တောများ အစဉ်တည်တံ့ရေး၊ သစ်မျိုးစုံလင်စွာ ပေါက်ရောက် ရှင်သန်နိုင်ရေးအတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်နေ၍လည်း တစ်နည်းအားဖြင့် သဘာဝသစ်တော ပြုစုပျိုးထောင်သူများဟုလည်း တင်စားကြသည်။

သူတို့သည် ရွက်အုပ်ကောင်း၍ ပေ ၃၀ မှ ၁၀၀ အထိ မြင့်သော သစ်ပင်ကြီးများပေါ်တွင် နေထိုင်လေ့ရှိသည်။ မြေပြင်ပေါ်သို့ ဆင်းသက်သည့် အလေ့အထနည်းသည်။ အုပ်စုဖွဲ့နေတတ်ပြီး သူတို့ပိုင်နက်နယ်မြေကို တခြားအဖွဲ့များသို့ အော်သံများဖြင့် အသိပေးတတ်သည်။ သုံးကောင်မှ ငါးကောင်အထိ ရှိတတ်သော အုပ်စုတစ်စုလျှင် သူတို့ပိုင်နက်မှာ ဧက ၅၀ မှ ၇၅ ဧကအထိ ကျယ်ဝန်းပါလိမ့်မည်။

တစ်ခါတစ်ရံ သူတို့ပိုင်နက်နယ်မြေတွင် အခြားသူတို့ကိုတွေ့ရှိပါက လိုက်လံမောင်းထုတ်လေ့ရှိသည်။ အပြန်အလှန်အော်ဟစ်ကာ ပိုင်နက်နယ်မြေကို ကာကွယ်တတ်ကြသည်ကိုလည်း သင်အံ့သြစွာ မြင်ရပါလိမ့်မည်။ သစ်ရွက်နု၊ အညွန့်၊ အပွင့်နှင့် အင်းဆက်ပိုးမွှားများကို စားလေ့ရှိပြီး သစ်သီးမှည့်များကို သူတို့ ပိုနှစ်ခြိုက်သည်။ သူတို့အကြောင်း သူတို့ကို သုတေသနပြုလုပ်နေသူတစ်ဦးက ယခုလို ရှင်းပြသည်။

### တောကောင်းခြင်းရဲ့ ပြယုဂ်

"သူတို့ကို ဘာကြောင့် ထိန်းသိမ်းတာလဲဆိုရင် သူတို့ဟာ မျိုးသုဉ်းပျောက်ကွယ်ဖို့ အန္တရာယ်ကြုံတွေ့နေရတဲ့ အကောင်တွေဖြစ်တယ်။ သူတို့ဟာ တောကောင်းခြင်းရဲ့ ပြယုဂ်ဖြစ်တယ်။ သူတို့ဟာ တောကောင်းတွေမှာ နေထိုင်တယ်။ သူတို့ကို သဘာဝအားဖြင့် မျိုးစေ့ဖြန့်ကြဲသူတွေလို့ ခေါ်လေ့ရှိတယ်။ ဘာလို့လဲဆိုတော့ အသီးတွေကို စားတယ်။ လျှောက်သွားတော့ မစင်တွေစွန့်တယ်။ အဲဒီ မစင်တွေကနေ တစ်ဆင့် မစားတဲ့ အသီးတွေကို လွင့်ပစ်တာကနေတစ်ဆင့် အပင်တွေ ပျံ့နှံ့ပေါက်ရောက်စေတယ်။ သူတို့ရှိခြင်းအားဖြင့် တောတောင်တွေဟာ ကောင်းမွန်တယ်လို့ တွက်ချက်လို့ရတယ်။"

သူတို့ဟူသည်မှာ မျောက်လွှဲကျော်များဖြစ်သည်။ မဟာမြိုင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ တနင်္သာရီ သဘာဝ ကြိုးဝိုင်း၊ ဖုန်ကန်ရာဇီ၊ ဟူးကောင်းချိုင့်ဝှမ်းနှင့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့တွင် သူတို့ ကျန်ရှိပါသေးသည်။ မြန်မာနိုင်ငံတွင် အနောက်ဘက် မျောက်လွှဲကျော် မျက်ခုံးဖြူ၊ အရှေ့ဘက် မျောက်လွှဲကျော် မျက်ခုံးဖြူနှင့် မျောက်လွှဲကျော် လက်ဖြူဟူ၍ရှိသည်။

မြန်မာနိုင်ငံအနှံ့တွင် မျောက်လွှဲကျော်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော်လည်း ထမံသီတောဘေးမဲ့တောအတွင်းရှိ အရှေ့ဘက်ခြမ်း မျောက်လွှဲကျော် မျက်ခုံးဖြူများကို သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်း၍ ARCUS ဖောင်ဒေးရှင်း၏ ထောက်ပံ့မှုဖြင့် သုတေသနနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ဟု ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးသန်းလင်းက ပြောသည်။

မျောက်လွှဲကျော်သုတေသနကို ၂၀၁၃-၁၄ ခုနှစ်က စတင်လုပ်ဆောင်ခဲ့ပြီး ထိုနှစ်က ထမံသီဘေးမဲ့တောရှိ နမူနာကွက် ၁၀ ကွက် အားလုံးကို လုပ်ခဲ့သည်။ နောက်ပိုင်း ၂၀၁၄-၁၅ ခုနှစ်မှ လက်ရှိအချိန်ထိ တစ်နှစ်ကို နမူနာ ငါးကွက်စီ၊ ဘေးမဲ့တော၏ အရှေ့ခြမ်း ငါးကွက်၊ အနောက်ခြမ်း ငါးကွက်ဟူ၍ခွဲကာ သုတေသနများ ပြုလုပ်နေခြင်းဖြစ်သည်။

နမူနာကွက် ၁မှ ၁၀ အထိရှိရာက ၂၀၁၇-၁၈ ခုနှစ်အတွက် ၁၊ ၃၊ ၆၊ ၉၊ ၁၀ တွင် ဇွန်လ၌ နောက်ဆုံးကျန်နေသည့်အကွက် (၉) ကို သုတေသနပြုခဲ့သည်။ သုတေသနတွေကို ပွင့်လင်းရာသီမှစ၍ မိုးဦးဝင်စအထိ ဆောင်ရွက်သည်ဟု မျောက်လွှဲကျော်သုတေသီများက ပြောသည်။

မျောက်လွှဲကျော်ကို သုတေသနပြုလုပ်ရာတွင် ယင်းတို့ အော်သံကို နားထောင်သော နည်းပညာကို အသုံးပြုပြီး ဘေးမဲ့တောထဲမှာ နမူနာကွက် (၁၀) ကွက်ချ၍ တစ်ကွက်ချင်းစီတွင် ပွိုင့်လေးပွိုင့်၌ GPS၊ Compass၊ နာရီ စသည့်လိုအပ်သော ပစ္စည်းများကို အသုံးပြုကာ သူတို့အော်သည့် လားရာများ၊ အချိန်များကို မှတ်ထားရခြင်းဖြစ်ကြောင်း သုတေသီများက ဆိုသည်။

### လေ့လာဆန်းစစ်နိုင်

ဤသို့ ရလာသော အချက်အလက်များကို Graph များဆွဲ၍ အုပ်စုအရေအတွက် မည်မျှရှိသည်ကို ခန့်မှန်းနိုင်ကြောင်း၊ နမူနာ (၁၀) ကွက်၏ အုပ်စုအရေအတွက်တွေကို ခန့်မှန်းပြီးရင် ထမံသီဘေးမဲ့တောတွင် မျောက်လွှဲကျော် အုပ်စုမည်မျှရှိသည်၊ အကောင်ရေ မည်မျှရှိသည်ကို ခန့်မှန်းနိုင်သည်။ ထိုရလဒ်များကို နှစ်စဉ် နှိုင်းယှဉ်သွားခြင်းအားဖြင့် မျောက်လွှဲကျော်များ မည်မျှတိုးလာသလော၊ လျော့နည်းသွားသလော ဆိုသည့် အခြေအနေပေါ် မူတည်၍ ဘေးမဲ့တော၏ ထိန်းသိမ်းရေးအခြေအနေတွေ အောင်မြင်မှု မည်မျှရှိသည်၊ ထိရောက်မှု မည်မျှရှိသည်တို့ကို လေ့လာဆန်းစစ်နိုင်ကြောင်း သူတို့က ရှင်းပြသည်။



"တကယ်လို့ ထိရောက်မှု မရှိဘူးဆိုရင်လဲ ဘာကြောင့် မရှိတာလဲ ပြန်ပြီး ဆန်းစစ်တွက်ချက်နိုင်ပါတယ်။ မျောက်လွှဲကျော်တွေ တိုးလာတယ်ဆိုရင် ထမံသီဘေးမဲ့တောရဲ့ ထိန်းသိမ်းရေးဟာ အောင်မြင်တယ်။ ဥပဒေစိုးမိုးမှု ထိရောက်တယ်။ ဘေးမဲ့တောရဲ့ အခြေအနေဟာလည်း အလွန်ကောင်းမွန်လာတယ်" ဟု တွက်ဆနိုင်ကြောင်း ထမံသီဘေးမဲ့တောမှ မျောက်လွှဲကျော်သုတေသနတာဝန်ခံ ကိုဆုပန်က ပြောသည်။

မျောက်လွှဲကျော်များသည် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် အမဲလိုက်ခြင်းကို ခံနေရသည်။ တချို့ဒေသခံများက မျောက်လွှဲကျော်ဦးနှောက်နှင့် အစာအိမ်အတွင်းရှိ စားကြွင်းစားကျန်များကို ဆေးဖက်ဝင်သည်ဟု ယုံကြည်ကာ အမဲလိုက်ကြသည်။ တချို့မုဆိုးများကတော့ မျောက်လွှဲကျော်များကို အဓိကရည်ရွယ်၍ အမဲလိုက်ခြင်း မဟုတ်သော်လည်း သူတို့ကိုတွေ့ပါက ပစ်ခတ်တာ၊ စားသောက်တာ၊ ရောင်းဝယ်တာတို့ကြောင့် မျောက်လွှဲကျော်ကောင်ရေ လျော့နည်းလာရသည်။

ယခုချိန်တွင် မျောက်လွှဲကျော်များကို မျိုးသုဉ်းရန် အလားအလာရှိသည့် တောရိုင်းတိရစ္ဆာန်စာရင်းတွင် ထည့်သွင်း၍ သူတို့အား သတ်ဖြတ်တာ၊ ရောင်းဝယ်တာတွေကို အပြစ်ပေးအရေးယူကာ ဥပဒေဖြင့် တားဆီးပြီး ထိန်းသိမ်းကာကွယ်ထားသည်။ ကိုဆုပန်ကတော့ မျောက်လွှဲကျော်တွေကို ထိန်းသိမ်းကာကွယ်ရခြင်း၏ အကျိုးတရားများကို ယခုလို ရှင်းပြသည်။

"သူတို့ကို ထိန်းသိမ်းခြင်းအားဖြင့် သူတို့ဟာ အလွန်ကောင်းမွန်တဲ့ တောတွေမှာ နေထိုင်တဲ့ အကောင်တွေဖြစ်တဲ့အတွက် သဘာဝတောကောင်ကြီးတွေကို ထိန်းသိမ်းရာ ရောက်တယ်။ ကောင်းမွန်တဲ့တောတွေကို ထိန်းသိမ်းခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်နဲ့ တောရိုင်းတိရစ္ဆာန်တွေကိုလည်း ထိန်းသိမ်းရာ ရောက်တယ်။"

မျောက်လွှဲကျော်တွေ ကြုံတွေ့နေရသည့် တခြားအန္တရာယ်များလည်း ကျန်ရှိပါသေးသည်။ သစ်ထုတ်လုပ်ခြင်း၊ တောင်ယာခုတ်ထွင်ခြင်း စသည့် သဘာဝတောများ ပြုန်းတီးမှုသည် အဓိက အကြောင်းရင်းများ ဖြစ်ပါသည်။

သတ္တုတူးဖော်ခြင်း၊ လယ်ယာမြေများ ချဲ့ထွင်လာခြင်းနှင့် ဝါးတောများ ခုတ်ထွင်ခြင်းတို့ကြောင့် သူတို့ နေထိုင်ရာနယ်မြေများ အစိတ်စိတ်အပိုင်းပိုင်း ဖြစ်စေပြီး မျောက်လွှဲကျော်များ ကြင်ဖော်ရှာရန် ခက်ခဲလာစေသည်။ သို့အတွက် သူတို့ မျိုးပွားရန် ခက်ခဲလာခြင်းနှင့် မျိုးရိုးဗီဇနိမ့်ကျခြင်းတို့ ကြုံတွေ့လာရကြောင်း မျောက်လွှဲကျော်သုတေသီများက သတိပေးကြပါသည်။

နိုင်ငံရေးအခြေအနေများနှင့် တိုင်းရင်းသားများကြား ပဋိပက္ခများကလည်း မျောက်လွှဲကျော်အရေအတွက် လျော့နည်းလာခြင်းအပေါ် အကျိုးသက်ရောက်မှုရှိပြီး ယင်းတို့အတွက် အဆိုးရွားဆုံးပြဿနာမှာ တရားမဝင် အမဲလိုက်ခြင်းပင်ဖြစ်ကြောင်း သုတေသီများက ဆိုသည်။ ထမံသီဘေးမဲ့တော၏ မျောက်လွှဲကျော် သုတေသနနှင့် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍တော့ ယင်းတာဝန်ခံ ကိုဆုပန်က ယခုလို ဂုဏ်ယူစွာ ပြောသည်။

"နောက်ပိုင်း နှစ်စဉ်လုပ်လာတဲ့ သုတေသနတွေအရတော့ သူတို့တွေ တဖြည်းဖြည်းနဲ့ အုပ်စုတွေ တက်လာတယ်။ ဒီတော့ ဘေးမဲ့တောဟာ ပိုကောင်းမွန်လာတယ်ဆိုတာကို တွက်ဆလို့ ရပါတယ်။ သူတို့အုပ်စုတွေ တိုးလာတော့ ကျွန်တော်လည်း ဝမ်းသာတယ်ခင်ဗျ။"

---

**စာမျက်နှာ(၁၈) မှ**

ထို့ထက်ဆိုးသည်မှာ သတင်းအမှားထုတ်လွှင့်ခြင်းဖြစ်ပြီး ကောက်ကျစ်ယုတ်မာသောစိတ်ဖြင့် လုပ်ကြံခြင်းအဖြစ် ရှုမြင်နိုင်သည်။

မရိုးမသားထုတ်လွှင့်မှုများသည် ပြည်သူများအတွင်းရှိရင်းစွဲချစ်ကြည်ရေးစိတ်ဓာတ်ကို ချက်ချင်းပင် ပျက်ပြားစေနိုင်ပြီး ပဋိပက္ခများဖြစ်အောင်၊ ရိုးသားသော ပြည်သူများ ဒုက္ခရောက်အောင် လုပ်ဆောင်နိုင်စွမ်းရှိသဖြင့် ပြည်သူအားလုံး အထူးပင်အလေးမူကြရပါမည်။

ဒစ်ဂျစ်တယ်ခေတ်ကြီးအတွင်း ပြည်သူတိုင်းလိုလို ဒစ်ဂျစ်တယ်နည်းပညာ၏ အသီးအပွင့်များနှင့်အတူ စီးမျောလိုက်ပါနေကြချိန်တွင် လူမှုကွန်ရက်မီဒီယာကို အသုံးပြု၍ အဖျက်သဘောလုပ်ဆောင်တတ်မှုကို ဂရုစိုက်မှုပြုကြရပါမည်။

ဆိုရှယ်မီဒီယာသည် ကမ္ဘာတစ်ဝန်း သန်းပေါင်းများစွာသောပြည်သူများ၏ လက်စွဲတော် အင်တာနက်ပလက်ဖောင်းတစ်ခုအဖြစ် ရပ်တည်လာပြီး ဆိုရှယ်မီဒီယာ၏ ကျယ်ပြန့်မှုကိုဖော်ပြသော ကိန်းဂဏန်းအချို့ကို လေ့လာဖော်ပြလိုပါသည်။

ငါးစက္ကန့်တိုင်းတွင် Facebook post ပေါင်း ၂၀၅၀၀၀ အထိရှိပြီး Tweeter ကိုသုံး၍ ပေးပို့သော Message tweets ပေါင်း ၂၃၀၀၀၊ Mobile conversation Snapchats ပေါင်း ၈၆၆၆၊ Wordpress blog အသစ်ပေါင်း ၂၈ ခု၊ YouTube Video ခြောက်နာရီစာ၊ Instagram ပုံပေါင်း ၃၀၀ ကျော်ကို တင်လျက်ရှိသည်ဟု လေ့လာသိရှိရပါသည်။

ဆိုရှယ်မီဒီယာသည် ပြည်သူများ၏ပါဝင်ဆောင်ရွက်နိုင်မှု၊ ပွင့်လင်းမြင်သာမှု၊ အပြန်အလှန်ဆက်သွယ်ပြောဆိုနိုင်မှု၊ ရည်ရွယ်ချက်တူ၊ လုပ်ငန်းတူ၊ စိတ်ကူးတူအုပ်စုများ ဖွဲ့စည်းကာ စုစည်းနိုင်မှု၊ တစ်ဦးနှင့်တစ်ဦး ချိတ်ဆက်လုပ်ဆောင်နိုင်မှု စသည့်ကောင်းကျိုးများရှိသည်။ ဆိုရှယ်မီဒီယာကို (၁) Social Networking sites (၂) Blogs၊ (၃) Wikis၊ (၄) Podcasts၊ (၅) Forums၊ (၆) Content Communities၊ (၇) Microblogging ဟူ၍ အမျိုးအစားများ ခွဲခြားထားသည်။

ယနေ့ကာလတွင် ပြည်သူတို့၏ နိစ္စဓူဝလူမှုဘဝတွင် အရေးပါလာသော ဆိုရှယ်မီဒီယာကို လူ့အကျိုးပြု မီဒီယာတစ်ခုအဖြစ် အသုံးချနိုင်ကြစေရန် လိုအပ်လှပြီး အဖျက်သမားတို့၏ လက်နက်ကိရိယာတစ်ခုအဖြစ်သို့ မရောက်ရှိသင့်ပါ။ လူ့အကျိုးပြုမီဒီယာဖြစ်ရေးမှာ လူတိုင်းလူတိုင်း အသိတရားရှိရှိဖြင့် အသုံးချရေးအပေါ် မူတည်ပါလိမ့်မည်။ မိမိ၏ Facebook Profile ကို ကိုယ်တိုင်အဓိပ္ပာယ်ဖွင့်ဆိုပုံမှအစ မူရင်းနာမည်အသုံးပြုခြင်း၊ Profile ရုပ်ပုံနှင့် ကာဘာရုပ်ပုံတို့ကို တည်တည်တံ့တံ့အသုံးပြုခြင်း၊ Profile တွင် မိမိ၏ပညာအရည်အချင်း၊ တက်ရောက်ခဲ့သော စာသင်ကျောင်းများ စသည်တို့ကို မှန်ကန်စွာဖော်ပြခြင်းတို့ ရှိသင့်သည်။ သို့မှသာ ရိုးသားဖြောင့်မတ်စွာဖြင့် တစ်ဦးနှင့်တစ်ဦး ဆက်ဆံသည့်သဘော သက်ရောက်ပါမည်။ ရိုးသားမှုသည်သာ လူ့တန်ဖိုးဖြစ်ပါသည်။

ကျင့်ဝတ်ရှိသော အကောင့်ပိုင်ရှင်ဖြစ်စေရန် စိတ်လွတ်ကိုယ်လွတ်ရေးသားခြင်း မပြုသင့်ပါ။ ဗုဒ္ဓဘုရားရှင် ဆုံးမခဲ့သလို မုသားဆိုလျှင် ရယ်စရာပင်မပြောသင့်ပါ။ တစ်ဦးနှင့်တစ်ဦး ဆဲဆိုခြင်း၊ လှောင်ပြောင်ခြင်း၊ ပုတ်ခတ်ဝေဖန်ခြင်းတို့ မပြုသင့်ပါ။ နောက်ပြောင်မှုတစ်ခုကြောင့် လူမျိုးရေးအရ အကဲဆတ်မခံသော ဖြစ်စဉ်များရှိခဲ့ပါသည်။

ဆိုရှယ်မီဒီယာအသုံးပြုရာတွင် မိမိ၏ပုံရိပ်ကျဆင်းစေနိုင်သော Page များကို Like မလုပ်မိရန် လိုအပ်သေးသည်။ ၎င်းအပြင် ဆိုရှယ်မီဒီယာအသုံးပြုရာတွင် Privacy ကို ထိန်းချုပ်ခြင်းဖြင့် ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ရာ ရောက်ပါသည်။ မိမိ၏ဂုဏ်သတင်း မြင့်မားစေနိုင်သော Post များကိုသာ Public လုပ်သင့်ပြီး ကျန် Post များကို Friends လုပ်ထားသင့်ပါသည်။ မိမိ၏ Profile ကို အခြားသူများက အချိန်မရွေးဝင်ကြည့်နိုင်သဖြင့် အနှောင့်အသွားမလွတ်သောစကားများ မရေးမိဖို့ အထူးလိုအပ်ပါသည်။

အင်တာနက်နှင့် ဆိုရှယ်မီဒီယာအသုံးပြုရာတွင် မိမိတို့၏ ကိုယ်ရေးအချက်အလက်များကို ဂရုပြုရန်၊ အင်တာနက်နှင့် ဆိုရှယ်မီဒီယာမှ သတင်းအချက်အလက်တိုင်းကို မျက်စိမှိတ်ယုံကြည်ခြင်းမရှိရန် အရေးကြီးလှပါသည်။

အထူးအားဖြင့် သတင်းအတုအယောင်များ၏ အလိမ်အညာမခံရရေးအတွက် ပြည်သူတိုင်း သတိမူကြရပါမည်။ ခေါင်းစဉ်တပ်ပုံကပင်လျှင် လူထု၏စိတ်ကို နှိုးဆွပေးရန် ရည်ရွယ်ပါက ရိုးသားစွာလွှင့်တင်သော သတင်းဟုတ်၊ မဟုတ် စိစစ်တတ်သောအမြင်ဖြင့် ယင်းသတင်းကိုဖတ်ရှုသင့်သည်။ မည်သည့်အချိန်တွင် သတင်းဖော်ပြသည်၊ မည်သည့်ပရိသတ်ကို ရည်ရွယ်၍ထုတ်လွှင့်သည်၊ သတင်းရေးသားသူ မည်သူဖြစ်သည်၊ သတင်းအချက်အလက်များ ခိုင်လုံမှုကို အထောက်အကူပေးသော အကိုးအကား အထောက်အထားများ မည်ရွေ့မည်မျှ ပါဝင်သည်၊ မည်သည့်အကြောင်းခြင်းရာကြောင့် သတင်းထုတ်လွှင့်သည် စသည်ဖြင့် ပိုင်းခြားတတ်သောဉာဏ်ပညာဖြင့် သတင်းအချက်အလက်များကို ဆန်းစစ်လေ့လာပြီးကာမှ ယုံကြည်ထိုက်သောသတင်းအဖြစ် လက်ခံသင့်ပါကြောင်း၊ ဒစ်ဂျစ်တယ်ရေစီးကြောင်း၏ စုပ်ဝဲ၊ မှတ်ဝဲ အစရှိသော ဝဲသြဃများဖြစ်သည့် သတင်းအတုအယောင်များကို ပြည်သူတို့ အစဉ်အမြဲသတိရှိရှိဖြင့် တွန်းလှန်ဖယ်ရှားနိုင်ကြပါစေကြောင်း တိုက်တွန်းနှိုးဆော် ရေးသားအပ်ပါသည်။ ။

Ref: Can You Spot Fake News? / Reader's Digest

















ဗ လ ငါး တန် ဖွံ့ ဖြိုး ဖို့ စာ အုပ် စာ ပေ လေ့ လာ စို့


Channel K "Logo Competition" Winner
congratulations
The Four Kreative
Ph: 09457756191
**Channel K** မှလည်း အနိုင်ရရှိသူကိုယ်စား အင်မတန်မှ စိတ်လှုပ်ရှားပျော်ရွှင်နေမိပါတယ်...
အနိုင်ရရှိသွားသော The Four Kreative ရဲ့ **Channel K Logo** အား ဖန်တီးပုံဖော် ဖရေးဆွဲထားမှုကိုတော့ **Channel K Launching** ပြုလုပ်သောအချိန်မှ ထုတ်ဖော်ကြေညာပေးသွားမှာ ဖြစ်ပါတယ်...
**Channel K Logo Competition** ပြိုင်ပွဲကြီးအား စိတ်ပါဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော အနယ်နယ် အရပ်ရပ်မှ ပြိုင်ပွဲဝင် Designers များအားလုံးကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါတယ် ...
facebook.com/channelkmyanmar


စိန်ရွှေရတနာဆိုင်
လှည်းတန်း
ရွှေဝယ်ယူသူများအတွက်သီးသန့်
ရွှေ ၂ ကျပ်သား = ၃၀၀
09 965020453, 09 73210336
ဩဂုတ်လ (၁၅) ရက်နေ့စမည်။
Tah Lee Gold & Jewellery Fb Page ကို Like လုပ်ထားခြင်းဖြင့် Cupon နံပါတ် Upto-date ကို ကြည့်ရှုနိုင်ပါသည်။

## ဦးရိုးစိန်
### အသက်(၈၆)နှစ်
**B.S(Engg.),Purdue University**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း**
**Vice President(Ret.),Ivanhoe Myanmar Holding Limited**

(ဦးဝမ်း-ဒေါ်စက်ညွှန့်)တို့၏သား၊ (ဦးရင်ထန်-ဒေါ်ကင်းဆွေ)တို့၏သားသမက်၊ အမှတ်-၇၃၁၊ ဥသဿဖရားလမ်း၊ ၃၆ VIP ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဒေါ်ကြည်ကြည်ထန်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဖြူဖြူရိုးစိန်-ဦးယမုန်စိုး၊ ဦးမောင်မောင်ရိုးစိန်-Tina၊ ဦးညီညီရိုးစိန်-ဒေါ်သက်သက်ဦးသာတို့၏ဖခင်၊ မောင်ဝင်းသူစိုး၊ မောင်လင်းသူစိုး၊ Kyle ရိုးစိန်၊ Rachel ယမင်းရိုးစိန်တို့၏ အဘိုးဖြစ်သူသည် ၂၃-၈-၂၀၁၈ရက် နံနက်၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၈(တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက်၇နာရီမှ မွန်းတည့်၁၂နာရီထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း
### ဦးထွန်းကျော်
### အသက်(၇၇)နှစ်

၁၇-၈-၂၀၁၈(သောကြာနေ့)တွင် ကွယ်လွန်၍၁၉-၈-၂၀၁၈(တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးခဲ့သော ကျေးဇူးရှင် ခင်ပွန်းဖြစ်သူ ဦးထွန်းကျော်နာမကျန်းဖြစ်စဉ် ကုသစောင့်ရှောက်ပေးခဲ့သော သမားတော်ကြီး ဒေါ်ခင်ခင်သက်နှင့် အာရှတော်ဝင်ဆေးရုံကြီးမှ မိတ်ဆွေ ဆရာဝန်များ၊ သူနာပြုများ၊ နှလုံးကုသမှုခံယူစဉ်အထူးကြပ်မတ်စောင့်ရှောက်ကုသမှုပေးခဲ့သော Professorဆရာကြီး ဦးမြင့်စိုးဝင်းနှင့် မြောက်ဥက္ကလာပနှလုံးအထူးကုဆရာဝန်ကြီးများအဖွဲ့၊ မလေးရှားနိုင်ငံမှ နှလုံးဆရာဝန်ကြီးများအဖွဲ့၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများ၊ နာမကျန်းစဉ်လာရောက်စောင့်ရှောက်မေးမြန်းသော၊ နာရေးကိစ္စအဝဝ ကူညီဆောင်ရွက်ပေးပါသော၊ စာနာနှစ်သိမ့်စကားပြောကြားကြပါသော ဈာပနသို့ လိုက်ပါပို့ဆောင်ပေးကြပါသော၊ လှူဖွယ်ပစ္စည်းပို့ပေးကြပါသော မောင်နှမဆွေမျိုး ရပ်ဝေးရပ်နီးမိတ်ဆွေများ၊ အကောက်ခွန်(၁၅)သူငယ်ချင်းများ၊ အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(၇၁-၇၅) သူငယ်ချင်းများ၊ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး၊ မေတ္တာဦးမျက်စိဆေးရုံ၊ ပါရမီဆေးရုံမှ ဆရာဝန်ကြီးများ၊ ဝန်ထမ်းမိတ်ဆွေများ၊ မနော်ဟရီရိပ်သာမှ သာရေးနာရေးကော်မတီနှင့် ဝန်ထမ်းများအားလုံးကို အထူး ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း
**ဦးချွမ်ဟရဲ (Pu Chum Hre) (၆၁)နှစ်**
**B.Sc (Zoology) R.L,Diploma in Global English**
**ညွှန်ကြားရေးမှူး (ငြိမ်း)**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**Vice-Chairman (Korea International Cooperation Agency Myanmar)**

ကျေးဇူးရှင် ခင်ပွန်း/ဖခင်ကြီး ဦးချွမ်ဟရဲ ၏ (၂၂-၈-၂၀၁၈) ရက်နေ့ မွန်းတည့် (၁း၀၀)နာရီ ဈာပနအစီအစဉ်တွင် ကိုယ်တိုင်လာရောက်နှစ်သိမ့်အားပေးပါသော နိုင်ငံတော် ဒုတိယသမ္မတ H.E Henry Van Thio နှင့် ဇနီး Dr.Anna Sui Hluan၊ ဌာနဆိုင်ရာ အကြီးအကဲများအားလည်းကောင်း၊ ချင်းပြည်နယ် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ အားလည်းကောင်း၊ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေစဉ် အကောင်းဆုံး ဆေးကုသပေးခဲ့ကြသော မြောက်ဥက္ကလာပမြို့နယ်၊ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးကြည်စိုး၊ ဆီးနှင့်ကျောက်ကပ် သမားတော်ကြီး၊ ဒေါက်တာ ဒေါ်သူဇာသင်းနှင့် ဆရာဝန်၊ဆရာမများ အားလည်းကောင်း၊ နှလုံးအထူးကုဆရာဝန် ဒေါက်တာ ဦးနိုင်ဝင်းအောင် နှင့် HDU စနစ်မှ ဆရာဝန်/ဆရာမများအားလည်းကောင်း၊ ဆေးရုံတက်ရောက်နေစဉ်အတွင်း ကိုယ်တိုင်လာရောက် အားပေးခဲ့ကြသော ဂိုဏ်းကဏ္ဍအသီးသီးမှ သိက္ခာတော်ရဆရာတော်ကြီးများနှင့် အသင်းသူ/အသင်းသား အားလည်းကောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ဈာပနအစီအစဉ်အားလုံးတွင် တာဝန်ယူစီစဉ်ပေးကြပါသော Yangon LBC,YLBC,CJC အသင်းတော်မှ သိက္ခာတော်ရ ဆရာကြီးများ၊ Nu Bu (အမျိုးသမီးအဖွဲ့အစည်း)၊ Mino (လူငယ်အဖွဲ့အစည်း)များအားလည်းကောင်း၊ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သော LBC (Yangon),CBC (Nay Pyi Taw), North America Thau Organization,Rev.Dr.C.Duh Kam အားလည်းကောင်း၊ နာရေးကိစ္စအဝဝတွင် လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီပေးခဲ့ကြသော အသင်းအဖွဲ့များမှ လုပ်ဖော်ကိုင်ဖက်များ၊ ရပ်ဝေးရပ်နီးမှ ဖုန်းဖြင့်သော်လည်းကောင်း၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေများဖြင့် နှစ်သိမ့်မေတ္တာပြသ အားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ချစ်ဇနီး ဒေါ်ရွှေကြာ(Pi Sui Ca)၊ သားသမီးများနှင့်**
**ကျန်ရစ်သူမိသားစု**

**မြိတ်မြို့နယ်အသင်း (ရန်ကုန်)**
### ဒေါ်ကြည်ရှင် (မြိတ်)
**အသက် (၉၂) နှစ်**
**အသင်းဝင်အမှတ်(၅၄၉၈)**

ရန်ကုန်မြို့၊ (၅၁)လမ်း၊ အမှတ်(၁၀၅)နေ ဦးကြည်ရှိန်၏ ဇနီးသည် ၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

### ဦးစိုင်းရွှေလု (၈၂)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နေ (ဦးရွှေထွန်း-ဒေါ်ဆွဲ့)တို့၏သား၊ (ဦးခွန်ထွန်း-ဒေါ်နန်းကွန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ အမှတ်(၅၁၇)၊ ဘုရင့်နောင်လမ်း၊ (၄၀)ရပ်ကွက်နေ ဒေါ်နန်းငွေတင်၏ခင်ပွန်း၊ ဦးစိုင်းနော်ခမ်း-ဒေါ်နန်းစံခမ်း၊ ဦးစိုင်းမွမ်းခမ်း-ဒေါ်နန်းသန်းသန်းစိန်၊ ဦးစိုင်းဆိုင်မိန်း၊ ဦးစိုင်းအောင်ထွန်းသန်းတို့၏ မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၈ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## သင့်သွေးဖြင့် အသက်ကယ်ပါ

## တစ်လပြည့် ကြေကွဲဝမ်းနည်းစွာသတိရခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ရေကန် ဒါယကာကြီး**
### ဦးစန်းမြင့်(ခ)ဦးဝင်းဗိုလ်
**(ဒေဝဒဟ ကုမ္ပဏီလီမိတက်)**
### အသက်(၅၆)နှစ်

ကျေးဇူးရှင်ချစ်ခင်ပွန်း ရုတ်တရက် မိသားစုနှင့် ခွဲခွာသွားခဲ့သည်မှာ ၂၄-၈-၂၀၁၈ ရက်တွင် (၁) လပြည့်ပြီဖြစ်သော်လည်း နေ့စဉ် ကြေကွဲဝမ်းနည်းစွာဖြင့် သတိရနေပါသည်။ ခင်ပွန်းသည်အတွက် နေ့စဉ်အပတ်စဉ်တိုင်း ရည်စူးပြုခဲ့သော ကုသိုလ်ကောင်းမှု အစုစုကို အမျှပေးဝေပါသည်။ မြင့်မြတ်သော ဘုံဘဝမှနေ၍ သာဓုခေါ် ဆိုနိုင်ပါစေ။

နာရေးရက်မှစ၍ တစ်လပြည့်သည်အထိ အပတ်တိုင်း ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများ ပြုလုပ်ရာတွင် တရားဓမ္မများ ကြွရောက်ချီးမြှင့်ပေးပြီးမေတ္တာပို့သပေးကြပါသော ဆရာတော်ဘုရားကြီးများ အားလုံးကိုလည်း ရိုသေစွာဖြင့် ရှိခိုး ကန်တော့၍ အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ချစ်ဇနီး-ဒေါ်မြမြအေးနှင့်**
**ချစ်သားသမီး၊ မြေး**
**(ဒေဝဒဟ ကုမ္ပဏီလီမိတက်)မိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကျော်ဇော(B.A-Philosophy)
### အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ လမ်းသစ်ရိပ်သာ၊ လမ်းမတော်မြို့နယ်၊ တိုက်(၅)၊ အခန်း(၁၈)နေ (ဦးထင်ပေါ်-ဒေါ်ခင်တင့်)တို့၏သား၊ ဒေါ်မြင့်မြင့်(ညောင်ပင်လေးကိုယ်ပိုင်အထက်တန်းကျောင်း)၏မောင်၊ (ဦးရဲဝင်း)၏အစ်ကို၊ ဒေါ်လှလှဝင်း၏ခင်ပွန်း၊ မောင်တေဇာကိုကို-မသန္တာကျော်ဇော၊ မောင်အောင်ကျော်မြင့်-မချစ်သက်စု၊ မစန္ဒာလင်း၊ မနီလာကျော်ဇောတို့၏ဖခင်၊ မောင်ကောင်းပြည့်လျှံ၏အဘိုးသည် ၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကလောမြို့မသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးသိန်းလွင်
### အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ အောင်ဆန်းရပ်ကွက်နေ (ဦးတင်အေး-ဒေါ်စိန်မာန်)တို့၏သား၊ အမှတ်(၂၃၄-ခ)၊ ကာယသုခလမ်း၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဦးသိန်းဟန်-(ဒေါ်စန်းမေ)တို့၏သားသမက်၊ ဒေါ်သန္တာဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုဖြိုးလွင်အောင်၊ ဗိုလ်ကြီးအောင်လှိုင်ထွန်း-မခင်ကောင်းစံ၊ မပိုပိုချစ်၊ မောင်သန့်ထက်အောင်(အထက-၁၊ ရန်ကင်း)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်အောင်ကောင်းစံ၊ မခင်ချိုချိုဟန်တို့၏အဘိုး ဦးသိန်းလွင်သည် ၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးသောင်းရွှေ (ပုသိမ်မြို့)
**M.P.P.E(ငြိမ်း)**
**ဒါရိုက်တာ (NF) DENKO Trading Co.,Ltd**
### အသက်(၇၂)နှစ်

၁၇-၈-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်သည်မှစ၍ နာရေးကိစ္စရပ်များအတွက် ဝိုင်းဝန်းကူညီပေးခဲ့ကြသော DENKO Trading Co.,Ltd, EDEN Group ဥက္ကဋ္ဌကြီးနှင့် မိသားစုဝင်များ၊ ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ၊ M.P.P.E မှ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေသူငယ်ချင်းများ၊ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနှင့် လူမှုကွန်ယက်များမှဖြစ်စေ သတင်းမေးမြန်းနှစ်သိမ့်အားပေးခဲ့ကြသော၊ ဈာပနသို့ လိုက်ပါပို့ဆောင်ပေးကြသော ကုမ္ပဏီ M.D နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ညီနောင် ကုမ္ပဏီများ၊ မိတ်ဆွေကုမ္ပဏီများမှ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ဝတ္ထု၊ သက်နှင်းလှူဖွယ် အစုစုနှင့် လိုအပ်သည်များကို ပါဝင်ကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးငွေထွန်း
**အငယ်တန်းအင်ဂျင်နီယာ(၁)၊ မြို့ပြ**
### အသက် (၆၈) နှစ်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းအထူးအဖွဲ့(၅)၊ ပျဉ်းမနားတွင် တာဝန်ထမ်းဆောင်ခဲ့သော ဦးငွေထွန်း (အငယ်တန်းအင်ဂျင်နီယာ-၁၊ မြို့ပြ)သည် ၂၂-၈-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းတိုးအောင်၊ ဦးကျော်ဘုန်းလွင်၊**
**ဦးပြည်ဖြိုးဆယ်နှင့်**
**ယခင်လမ်းအထူး(၅)ဝန်ထမ်းမိသားစုများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်ခင်ခင်ကြည်
**(ကြည်ကြည်-တောင်ကုတ်မြို့)**
### အသက် (၉၆)နှစ်

တောင်ကုတ်မြို့နေ သမာဓိမြို့ဝန် (ဦးထွန်းမြ-ဒေါ်ရင်)တို့၏ သမီးထွေး၊ သံတွဲမြို့နေ ခရိုင်ပညာရေးမှူး (ဆရာ ဦးဖေ-ဒေါ်စောမြ)တို့၏ သမီးချွေးမ၊ ခြံအမှတ် (၁၁/အေ)၊ မြရတနာလမ်း၊ ဘောက်ထော်ပြည်သာယာနေ [ဦးဖေမြ (တိုင်းအမှုဆောင် အရာရှိ-ငြိမ်း၊ ကုန်သွယ်ရေး-၁)]၏ ဇနီး၊ [ဦးသာထွန်း (ရဲဝန်ထောက်)]-ဒေါ်တင်ရှိန်(ရှိန်ရတနာ၊ ဗိုလ်ချုပ်စျေး)၊ (ဦးတင်ထွန်း-ဒေါ်လှမြိုင်)တို့၏ညီမ၊ ဗိုလ်မှူး ထွန်းသိမ်း(ငြိမ်း)-[ဒေါ်မြင့်မြင့်ကြည်(ခ)မေစီမြ]၊ ဒေါက်တာ ဦးခင်ဇော်ဝင်း-ဒေါ်စိုးညွှန့်ဆွေ(ခ) ဆယ်လီမြ(ဘူမိဗေဒအရာရှိ-ငြိမ်း၊ UK)၊ ဦးအောင်သန့်စင်-ဒေါ်ယဉ်ယဉ်ချို၊ ဦးအောင်ဇေယျ-ဒေါ်အေးအေးတို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၂-၈-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၈ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်)

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ကြီး (၇၄)နှစ်
**M.O.G.E၊ ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ စီမံထုံးချုပ်ဒုတိယဆင့်**
**PTTEP Co.,Ltd (Adviser)**

အမှတ်(၄၅၈)၊ သမာဓိ(၁)လမ်း၊ (၁၉/B)၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးလှတင်-ဒေါ်သန်းကြည်)တို့၏သား၊ (ဦးဆာရ်ဝန်ဆင်း-ဒေါ်ခင်ခင်မြ)တို့၏သားသမက်၊ ဒေါ်ညွှန့်ညွှန့်ရီ၏ခင်ပွန်း၊ ဒေါ်ကေသီလွင်-ဦးခင်မောင်မြင့်၊ (ဒေါ်ဒေဝီခင်)-ဦးမင်းအောင်၊ ဒေါ်သီဂီ-ဦးသန်းဝင်း၊ ဦးကျော်သူရ(ရှင်ကတ္တိ)၊ ဒေါ်နန္ဒာအောင်-ဦးဇော်ဗိုလ်ဦးတို့၏မွေးသဖခင်၊ မောင်လင်းအောင်ခိုင်-မတင်နွယ်နီထွန်း၊ မောင်အောင်ဖြိုးသူ၊ မသိမ့်နွယ်စိုး၊ မမြသက်ခိုင်၊ မအေးမြမြတ်ချယ်၊ မဖူးပွင့်ရတီဗိုလ်၊ မောင်ဟိဏ်းထက်ဝင်း၊ မောင်မင်းဘုန်းခန့် တို့၏အဘိုး၊ မောင်ဇေရဲလင်း၏ဘိုးဘိုးကြီး ဦးခင်မောင်ကြီးသည် ၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ခင်စိုး (မုဒုံ)
**တေဇ(၂၂)**
### အသက် (၄၇) နှစ်

မုဒုံမြို့၊ ပိန္နဲတိုက်ရပ်၊ ဝိသာခါလမ်း၊ အမှတ်(၄)နေ ဦးတင်အေး-ဒေါ်ခင်မြင့်တို့၏သားကြီး၊ ဒေါ်သွယ်သွယ်အေး၊ ဗိုလ်ကြီးဉာဏ်နိုင်စိုး(လေ-ငြိမ်း)၊ ဦးညီညီမိုး၊ ဗိုလ်မှူးကျော်ဝင်းစိုး(နည်းပညာတက္ကသိုလ်-ပြင်ဦးလွင်)တို့၏အစ်ကို၊ မိတ္ထီလာမြို့၊ ဘူတာဟောင်းရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၆၁၃)နေ (ဦးမောင်ကျော်)-ဒေါ်မြင့်ကြည်တို့၏သားသမက်၊ ဒေါ်ခင်သီတာဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ခင်စိုး(တေဇ-၂၂)သည် ၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၈(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် မြင်တော်ကန်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းဆင့်
### အသက် (၈၈) နှစ်
**အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး(ငြိမ်း)**

ဒဂုံ/မြောက်၊ (၄၃)ရပ်ကွက်၊ ခပေါင်းလမ်းနေ (ဦးလှသိန်း)၏ဇနီး ဒေါ်သန်းဆင့်သည် ၂၀-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအငြိမ်းစားဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးထွန်းလွင် (ငြိမ်း)
**အသက်(၈၃)နှစ်**

ရန်ကုန်တက္ကသိုလ်သတ္တဗေဒကျောင်းသား/သူ ဟောင်းများအသင်းဝင် ဒေါက်တာဒေါ်နီလာလွင် (ကထိက-ငြိမ်း)၏ဖခင် ဗိုလ်ကြီးထွန်းလွင်(ငြိမ်း) သည် ၂၁-၈-၂၀၁၈ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်သတ္တဗေဒကျောင်းသား/သူ ဟောင်းများ**
**လူမှုရေးကူညီစောင့်ရှောက်မှုအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးသက်နိုင်(ခ)ဦးတိတ်လန် (ပုသိမ်)၊ အသက်(၈၃)နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း၊ ပုဂံအိမ်ရာ၊ အခန်း(၃၀၄)နေ ပုသိမ်အသင်း(ရန်ကုန်) အမှုဆောင် ဦးအောင်နိုင်လေး (အင်ဂျင်နီယာ) ၏ဖခင် ဦးသက်နိုင်(ခ)ဦးတိတ်လန် သည် ၁၉-၈-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

| | | |
|---|---|---|
| ဦးစိုးဟန်လင်း + ဒေါ်နန္ဒာအောင် | – | ဥက္ကဋ္ဌ၊ ပုသိမ်အသင်း(ရန်ကုန်) |
| ဦးသန်းအောင်လင်း + ဒေါ်မြမြမိုး | – | ရာပြည့်ကုမ္ပဏီလီမိတက် |
| ဦးမျိုးအောင် + ဒေါ်မြအေး | – | အောင်သရဖူ ရေယာဉ်သယ်ယူပို့ဆောင်ရေး |
| ဦးမြင့်နိုင် + Dr.ဒေါ်ခင်မြ | – | လှဝန်းရတနာ ဆန်ပွဲရုံ |
| ဦးကျော်ကျော်ဝင်း + ဒေါ်ခင်သိန်း | – | SINMA Furniture Co., Ltd. |
| ဦးတင်မောင်မောင်မြတ် + ဒေါ်ခင်စုစုလှိုင် | – | မြန်မာပိတောက်ကုမ္ပဏီလီမိတက် |
| ဦးခင်မောင်ဝင်း + ဒေါ်ခင်လှိုင်မြင့် | – | ရွှေမန်းတောင် တိုင်းရင်းဆေးတိုက် |
| ဦးအောင်သိန်းလွင် | – | နှင်းဆီကုန်း အထူးကုဆေးရုံ |
| ဦးညွှန့်စိန် + ဒေါ်သင်းသင်းလှိုင် | – | တွဲဖက်အတွင်းရေးမှူး ၊ ပုသိမ်အသင်း(ရန်ကုန်) |
| ဦးစိုးမြင့် + Dr.ဒေါ်နီနီအေး | – | လင်းလင်း ဆန်ပွဲရုံ |
| ဦးမောင်မောင်လွင် | – | အမှုဆောင်၊ ပုသိမ်အသင်း(ရန်ကုန်) |
| ဦးဝင်းမင်းထွန်း | – | အမှုဆောင်၊ ပုသိမ်အသင်း(ရန်ကုန်) |

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ

## ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာနှစ်ခု ဖတ်ကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၃

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာနှစ်ခု ဖတ်ကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။**

### ခွင့်ပြုချက်မရသေးသည့် မြေများပေါ်တွင် စိုက်ပျိုးနေမှုများအား ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းထားသောအဖွဲ့ဖြင့် စိစစ်လျက်ရှိ

အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနိုင်ကိုကို၏ **ကချင်ပြည်နယ်လွှတ်တော်မှ ကွင်းဆင်းစစ်ဆေးခဲ့သည့် တရုတ်တစ်သျှူးငှက်ပျောပင် စိုက်ခင်းများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရတွင်ရှိသည့် စာရင်းနှင့် မြေပြင်စာရင်းများ ကွဲလွဲနေပြီး အခွန်အခဘီလီယံနှင့်ချီ နစ်နာနေခြင်း၊ လက်ရှိစိုက်ပျိုးဧက ၄၀၀၀၀ ကျော်အနက် ခွင့်ပြုချက်မရသေးသည့် မြေများပေါ်တွင် စိုက်ပျိုးလုပ်ဆောင်နေခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က တစ်သျှူးငှက်ပျောများအား ပြည်တွင်းကုမ္ပဏီများမှ နယ်စပ်ဂိတ်များမှတစ်ဆင့် တစ်ဖက်နိုင်ငံ တရုတ်ပြည်သို့တင်ပို့ရာတွင် ကြိုတင်ဝင်ငွေခွန် နှစ်ရာခိုင်နှုန်းအား မြစ်ကြီးနားမြို့နယ် အခွန်ဦးစီးဌာနရုံးတို့မှ ကောက်ခံလျက်ရှိပါကြောင်းနှင့် တစ်သျှူးငှက်ပျော စိုက်ပျိုးမှုနှင့်ပတ်သက်၍ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လုပ်ငန်းရှင်များမှ ခွင့်ပြုချက်မရသေးသည့် မြေများပေါ်တွင် စိုက်ပျိုးနေမှုများအား ဥပဒေနှင့်အညီ ဖြစ်စေရေး ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းထားသော အဖွဲ့ဖြင့် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ○**



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပစဉ်။

# မြန်မာမြားပစ်ကစားသမားများ Recurve တစ်ဦးချင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်



Recurve တစ်ဦးချင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေစဉ်။

**ဂျကာတာ ဩဂုတ် ၂၃**

(၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၏ မြားပစ် Recurve တစ်ဦးချင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ ဂျကာတာမြို့၌ ကျင်းပရာ မြန်မာကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာကစားသမားများသည် လက်ရည်ပိုင်း တိုးတက်မှုရှိလာပြီး ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့သည်။

မြန်မာမြားပစ်အဖွဲ့သည် Recurve တစ်ဦးချင်းပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံး၌ ယှဉ်ပြိုင်ခဲ့ပြီး နှစ်ဦးစလုံး ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာမှ သီတာနွယ်သည် ဒုတိယအဆင့်မှ စတင်ကစားရပြီး

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ❐**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## စင်ကာပူနိုင်ငံ၌ ဟောပြောဆွေးနွေးချက် မြန်မာ့ရုပ်မြင်သံကြားမှ မြန်မာဘာသာပြန်ဖြင့် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ စင်ကာပူနိုင်ငံ၌ ဟောပြောဆွေးနွေးခဲ့သည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးချက်အား မြန်မာဘာသာပြန် စာတန်းထိုးထုတ်လွှင့်မှု ပထမပိုင်းကို ဩဂုတ် ၂၃ ရက်တွင်လည်းကောင်း၊ ဒုတိယပိုင်းကို ဩဂုတ် ၂၄ ရက်တွင်လည်းကောင်း၊ ဆွေးနွေးချက်အပြည့်အစုံကို ဩဂုတ် ၂၅ ရက်တွင်လည်းကောင်း ည ၈ နာရီ ပြည်တွင်းသတင်းများအပြီးတွင် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

